


www.burmeseclassic.com
(၁၀)ချပ်မြောက် အထူးထုတ်လုံးချင်းဝတ္ထုသစ်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၅၁) ဓမ္မာရောင်ခြည် ရှုပ်ရှင်၊ လမ်း(၉၀)
ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 550 5024, 01-240032

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

တမူခွင့်ပြုချက်အမှတ် - ၅၀၀၇၇၄၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၆၀၀၈၁၀
မျက်နှာဖုံးဒီဇိုင်း - Lလင်း
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - Thirimay Binding
ကွန်ပျူတာစာစီ - (Asia Glory)
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ
(ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ ● ၈၃

မှုပိုင်နှင်းဆီ

လက်မှတ်/မှုပိုင်နှင်းဆီ–ရန်ကုန်

သင်းစာပေ၊ ၂၀၁၀

၂၁၂–စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၇၈ စင်တီ

(၁) လက်မှတ်

# မှုပိုင်နှင်းဆီ

# လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျွန်မရဲ့ပရိသတ်များအားလုံး မင်္ဂလာပါ. . .

မူပိုင်နှင်းဆီ ဆိုတဲ့ ကျွန်မ စာ စ,ပြီးရေးတဲ့အချိန်က စိတ်ခိုင်မှုတွေ ရှိခဲ့တယ်ဆိုတာ ဝန်ခံပါတယ်။ Self Confidence ဘယ်လောက်ပဲ ရှိတယ်ပြောပြော၊ ကျွန်မ ရေးပြတဲ့စာ. . ကျွန်မ ဖန်တီးထိုက်တဲ့ ဇာတ်ကောင်တွေဟာ ပရိသတ်တွေကို ဆွဲဆောင်နိုင်ပါ့မလား. . . ပရိသတ်တွေကရော ဘယ်အတိုင်းအတာအထိ အားပေးမှာလဲဆိုတဲ့ စိတ်တွေက ကျွန်မကို တော်တော်လွှမ်းမိုးခဲ့ပါတယ်။

စာရေးဆရာမ တစ်ယောက်ဖြစ်ချင်တဲ့ ကျွန်မ အဖြစ်က မတ်စောက်တဲ့ တောင်တစ်တောင်ကို တက်နေရသလိုပါပဲ။ တစ်ဆင့်ချင်း တက်ရတဲ့ အခြေအနေမျိုးမှာ ဖေးကူပြီး လက်တွဲတဲ့သူတွေရှိသလို၊ ဆက်မတက်ရဲအောင် ဟန့်တားနှောင့်ယှက်ပြီး ခြေထိုးခံမယ့်သူတွေနဲ့လည်း ကြုံခဲ့ရပါတယ်။

ဘာတွေပဲ ကြုံလာ ကြုံလာ ကျွန်မ အခိုကခြေကုပ်ယူထား

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာ ပရိသတ်ရဲ့အားတစ်ခုတည်းပဲ. . ဟိုးဝေးလံသီခေါင်တဲ့ အရပ်တွေကနေ ကျွန်မဆီ ဖုန်းဆက်ပြီးအားပေးတဲ့ လေလှိုင်းပေါ်က ပရိသတ်တွေ၊ အနယ်နယ်အရပ်ရပ်ကနေ စာရေးပြီးအားပေးကြတဲ့ စာထဲက ပရိသတ်တွေ၊ Face Book ပေါ်က ကျွန်မရဲ့Fanတွေ၊ အဲဒီက ရတဲ့ အင်အားတွေနဲ့ ကျွန်မ ရှေ့ဆက်ခဲ့တာ အခုဆိုရင် ဆယ်အုပ်မြောက်ခဲ့ပါပြီ. . ဒါဟာ ကျွန်မဘဝမှာတော့ မှတ်တိုင်တစ်ခုပဲပေါ့။

ကျွန်မကို စာရေးဆရာမ ဖြစ်စေချင်တဲ့ မိဘနှစ်ပါးအတွက်လည်း စိတ်ကျေနပ်စရာဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။

ဒီဆယ်အုပ်မြောက်အမှတ်တရစာအုပ်လေးကို ရေးတဲ့အခါ ပရိသတ်တွေ ရင်ထဲမှာ တစ်ခုခုကျန်ခဲ့စေချင်တဲ့ စေတနာ ကျွန်မရင်ထဲမှာ တကယ်ဖြစ်ပေါ်လာတာပါ။ ကျွန်မ ဘာရေးရမလဲဆိုတာကိုလည်း လွန်ခဲ့တဲ့ လေးငါးလလောက်ကတည်းက စဉ်းစားထားပြီးသားပါ။

ဘယ်တော့မှန်းမသိတဲ့ တစ်နေ့နေ့မှာ လူတိုင်း မလွဲမသွေ ရင်ဆိုင်ရမယ့် သေခြင်းတရားကို ကျွန်မ တွေးမိတဲ့ ရှုထောင့်ကနေ၊ ပတ်ဝန်းကျင်မှာ တွေ့ကြုံနေရတဲ့ဖြစ်ရပ်တွေကနေ တစ်စစီ ဆွဲထုတ်ယူပြီး ပရိသတ်တွေအတွက် ကျေးဇူးဆပ်လိုက်ပါတယ်။





comic ပဲ ရေးရေး၊ drama ပဲ ရေးရေး၊ အားပေးပါ့မယ်ဆိုတဲ့ ပရိသတ်တွေအားလုံးကို ကျွန်မ **အရမ်းချစ်**ပါတယ်၊ ကျေးဇူးလည်း အထူးတင်ပါတယ်ရှင်. . .

မှုပိုင်နှင်းဆီ

**P.S**

BURMESE CLASSIC .com

ဒီဝတ္ထုလေးရေးဖို့အတွက်ကုန်ကြမ်းလိုတဲ့အခါ**ရေဝေးအထိ** ကျွန်မသွားပါတယ်။ဝင်လေနဲ့ထွက်လေ ကြားထဲမှာ ရပ်သွားနိုင်တာအသက်ပါ. . ဘွဲ့ထူးဂုဏ်ထူးတွေ အများကြီးရှိလည်း သေပြီးတဲ့နောက်မှာတော့ certificate တစ်ခုက ရသေးတာပဲ။ အတန်းပညာ မတတ်တဲ့သူတွေလည်း အဲဒီ certificate လေးတော့ မလွဲမသွေ ရဦးမှာပါ။

လာခြင်း တူပေမယ့်. . ပြန်တာခြင်းတော့ မတူနိုင်ကြဘူး မဟုတ်လား။ အချိန်မရွေး ဒီစီက ကိုယ့်ဆီ ရောက်လာနိုင်တယ်ဆိုတဲ့ အသိလေးတစ်ချက်ဝင်သွားပြီဆိုရင် ကျွန်မ ရေးရကျိုးနပ်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## City Fm ၏
## 'ကြယ်စင်များရဲ့ပွဲတင်သံ' အစီအစဉ်အတွက် စာရေးဆရာမ မူပိုင်နှင်းဆီ နှင့်တွေ့ဆုံခြင်း အမှတ်တရ...

**City FM** ကြယ်စင်များရဲ့ပွဲတင်သံပရိသတ်ကြီးမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ နေ့ကလေး ဖြစ်ပါစေနော်.. ဒီအစီအစဉ်လေးကနေ စာဖတ်ပရိသတ်တွေကို ရသစုံ ခံစားနိုင်ဖို့ တင်ဆက်ပေးနေတဲ့ စာရေးဆရာမ မူပိုင်နှင်းဆီရဲ့ စကားသံများကို တင်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။

**City FM** ဆရာမ မူပိုင်နှင်းဆီ မင်္ဂလာပါ... ပထမဆုံးအနေနဲ့ အစ်မ ဒီစာပေလောကထဲကို ရောက်ရှိခဲ့ပုံနဲ့ ပထမဆုံး လုံးချင်းဝတ္ထု စ,ထုတ်ဖြစ်ပုံလေးကို သိပါရစေ။

**Rose** ၁၉၉၉ မှာ အစ်မ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်မှာ final year တက်နေတဲ့အချိန်ပေါ့၊ တစ်နေ့ အလင်းတန်းဂျာနယ်မှာ ပြင်သစ်အခြေစိုက်ကမ္ဘာ့ဆရာဝန်များအဖွဲ့က ဝတ္ထုတိုသုံးပုဒ်ပေါင်းပြီး ဝင်ပြိုင်ဖို့ ပြိုင်ပွဲကျင်းပမယ့် သတင်းလေး ပါလာတာ အစ်မ တွေ့ရတယ်၊





အဲဒီမှာ 'ဘဝနွံ'ဆိုတဲ့ ဝတ္ထုလေးကို စရေးပြီး ဝင်ပြိုင်ခဲ့တာ မထင်မှတ်ဘဲနဲ့ ပထမဆု ဒေါ်လာ၃၀၀ကို အစ်မ ရခဲ့ပါတယ်။

**City FM** အဲဒီတုန်းက 'မူပိုင်နှင်းဆီ' နာမည်နဲ့ပဲ ရေးတာလား အစ်မ..

**Rose** မဟုတ်ဘူး၊ အစ်မရဲ့နာမည်အရင်း ယဉ်မိုးပိုင်နဲ့ ရေးခဲ့တာပါ။

**City FM** ဒါဆိုလို့ရှိရင်လေ.. ပထမဆုံး လုံးချင်း စထုတ်ဖြစ်တာကရော..

**Rose** 'ပင်လယ်ရေချမ်း နွေမှာခန်း'ကို ရေးပြီးတော့ ၂၀၀၄ မှာ စထုတ်ဖြစ်တာ..

**City FM** အဲဒီဝတ္ထုလေးက ဖတ်ပြီး ရင်ထဲမှာ နင့်နေအောင် ခံစားရတယ်၊ ဖြစ်ရပ်မှန်လား အစ်မ..

**Rose** အစ်မတို့ မြိတ်က ပင်လယ်နဲ့နီးတော့ ပင်လယ်ဓားပြတွေဆို မြို့ပေါ်မှာ လူကြီးလူကောင်းလိုနေတာ.. မြို့မျက်နှာဖုံးတွေပေါ့.. ဒါကတော့ တကယ့်ဖြစ်ရပ်မှန်၊ အဲဒါလေးကို အခြေခံပြီး ကျန်တာက အစ်မရဲ့စိတ်ကူးနဲ့ပေါင်းစပ်ပြီးတော့ ဇာတ်လမ်းအနေနဲ့ ဖန်တီးတာ။



www.burmeseclassic.com

www.burmeseclassic.com



City FM အစ်မ ဒီစာရေးတာကို ဘယ်အရွယ်က စပြီး စိတ်ဝင်စားတာလဲ. .

Rose ကိုယ့်ဟာကိုယ် စာရေးချင်လို့ ရေးချင်မှန်း မသိဘူး၊ ၁၉၉၅ မှာ အစ်မ သိပ်ချစ်တဲ့ အဘွား ဆုံးသွားတယ်၊ စိတ်ထဲမှာ ခံစားရလွန်းလို့ ထွက်ပေါက်အနေနဲ့ စာတွေ ချရေးဖြစ်တာ၊ အဲဒီအချိန်ကျတော့မှ သိတာ. . ကိုယ် စာရေးချင်နေတယ်ဆိုတာပေါ့နော်. .

City FM အစ်မရဲ့မှုပိုင်နှင်းဆီ ဆိုတဲ့ ကလောင်ဖြစ်ပေါ်လာပုံလေး ပြောပြပါလား. .

Rose မှုပိုင် ဆိုတဲ့ နာမည်လေးက ဆန်းတယ်လေ၊ နောက်ပြီး စာရေးတဲ့သူက မိန်းကလေး ဆိုတာ. . သိစေချင်လို့ ပန်းနာမည် နှင်းဆီနဲ့ တွဲပြီး 'မှုပိုင်နှင်းဆီ' ဆိုတဲ့ ကလောင်နာမည်ကို ယူခဲ့တာပါ။

City FM အစ်မစာအုပ်တွေက တစ်အုပ်နဲ့တစ်အုပ် မတူဘဲ ရသစုံပေးတာ တွေ့ရတယ်၊ သူများတွေဆိုလို့ရှိရင် အချစ်လိုင်း၊ ဟာသလိုင်း ဆိုပြီး တစ်လိုင်းတည်း သွားတာ တွေ့ရတယ်လေ. .

Rose တချို့ကလည်း အစ်မကို လိုင်းကြောင်တယ်လို့ ပြော





ကြတယ်၊ ပွင့်ပွင့်လင်းလင်းပေါ့နော်၊ အစ်မက အစောကြီးကတည်းက ပြောပြီးမှဝင်တာလေ၊ အစုံချပြချင်လို့ပါလို့၊ ဘာလို့ဆို လူတွေရဲ့ခံစားချက်က တစ်နေ့နဲ့ တစ်နေ့ မတူကြဘူးလေ၊ ဇာတ်လမ်းဇာတ်ကွက် ဆိုလည်း ဒီတစ်အုပ်က ဒီလိုသွားပေမယ့် နောက်တစ်အုပ် ရေးတဲ့အခါ ကိုယ့်ရဲ့စိတ်ထဲမှာ ငြီးငွေ့လာရင် ထွက်ပေါက်ဆိုတာလိုချင်လာမှာပဲ၊ ဟာသလေးရေးလိုက်ရင် ကိုယ်လည်း ပျော်ရတယ် ပရိသတ်တွေလည်း ပျော်ရတယ် ဆိုတော့ အဲဒီ ဖီလင်ကလေးကို အစ်မက ကြိုက်တယ်လေ. . . အဲဒါကြောင့် ဇာတ်လမ်းတော့ အစုံရေးမှာပါ။

City FM အစ်မရဲ့ဝတ္ထုတွေကို ဇာတ်ရုပ်အနေနဲ့ အသက်သွင်းဖို့ရော မရှိဘူးလား။

Rose 'ဖူးစာ လူးလာ ဒူးကာလို့မရ'နဲ့ 'ဇောသုံးဇော'ဝတ္ထုပါ။

City FM ဝတ္ထုတစ်ပုဒ်ကိုဖန်တီးတဲ့အခါမှာ အစ်မအတွက် ဘယ်လို ပတ်ဝန်းကျင်အချိန်အခါမျိုး လိုအပ်သလဲ အစ်မ။

Rose အစ်မအတွက် ပတ်ဝန်းကျင်က ဒီလောက်အဓိကမကျဘူး၊ အဓိက,က အစ်မရဲ့စိတ်. . ကိုယ့်စိတ်က ကြည်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ပြီး clear ဖြစ်နေတဲ့အခါကျရင်. . အရမ်းရေးလို့ကောင်းတယ်။

**City FM** အစ်မရဲ့ဝတ္ထုအတွက်. . ကုန်ကြမ်းကို ဘယ်လို ရှာဖွေသလဲ။

**Rose** ကုန်ကြမ်းအတွက်ဆိုရင်တော့ ပတ်ဝန်းကျင်က အရေးကြီးတယ် ညီမ. . သာမန်မျက်စိနဲ့ လူတစ်ယောက်ကို ကြည့်လို့ မရတော့ဘူး. . ပညတ် မဟုတ်တဲ့ ပရမတ် သဘောထား Ultimate Reality ကို မြင်တတ်ဖို့လိုတာပေါ့။

**City FM** အစ်မ. . သူများတွေရေးနေကျ မဟုတ်တဲ့ ထူးထူးခြားခြားဇာတ်လမ်းလေးတွေ ရေးဖို့ စဉ်းစားထားတာရော ရှိလား. .

**Rose** ရှိတယ် ညီမ. . ဆယ်အုပ်မြောက်ကျရင် အထူးထုတ်အနေနဲ့ သေခြင်းတရားနဲ့ပတ်သတ်တဲ့ ဇာတ်လေးရေးမှာပါ။ နာမည်က DC တဲ့၊ Death Certificate ပေါ့ လူသေရင် ထုတ်ပေးတဲ့ သေလက်မှတ်လေ. . မသေခင်မှာ ဘွဲ့တွေ၊ ဂုဏ်ထူးတွေ အများကြီးရှိလည်း သေပြီးတဲ့နောက်မှာ အသုံးမဝင်ပါဘူး. . ဘယ်လောက်ပဲ





ဆင်းရဲပါစေ. . ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ. . နောက်ဆုံး သူတို့အတွက် အသုံးဝင်တာ DC ပဲ၊ အဲဒါမှ မပါရင် ရေဝေးကို အလောင်းသယ်လို့မှ မရတာ။

**City FM** အစ်မရဲ့ ထွက်ပြီးသမျှဝတ္ထုထဲမှာ အားအရဆုံးဝတ္ထု။

**Rose** 'ပင်လယ်ရေချမ်း နွေမှာခန်း'

**City FM** ဒီအစီအစဉ်ကနေ ပရိသတ်ကို ပြောချင်တာလေးရှိရင် ပြောခဲ့ပါဦး အစ်မ။

**Rose** ထွက်ပြီးသမျှ ဝတ္ထုအားလုံးကို အချိန်တိုတိုအတွင်းမှာ အားပေးတဲ့ ပရိသတ်ရှိလို့လည်း အစ်မကို အားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောချင်ပါတယ်၊ နောက်ထပ်လည်း ဇာတ်လမ်းအစုံရေးသွားမှာပါ။ ဆက်ပြီး အားပေးပါ၊ ဝေဖန်ပါလို့၊ ကျေးဇူးတင်ပါတယ်. .

**City FM** အခုလိုမျိုး အချိန်ပေးပြီး လာရောက်ဖြေကြားပေးတဲ့အတွက် အစ်မကို City FMက ကျေးဇူးတင်ပါတယ်။

**Rose** အစ်မကလည်း ကျေးဇူးတင်ပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကြီးက မှောင်နှင့်မည်းမည်း ရှိနေတုန်း. . . အရုဏ်တက်ဖို့များ သတိမရလေရော့သလား. . . ရောင်နီလေးတွေ ပျို့လာပါတော့. . ကျွန်တော် ကြောက်လာပြီဗျ. . ဒီနေ့ကျမှ ဘာဖြစ်လို့ ကျောင်းက ပိတ်ရတာလဲ. .

စာစောစီးစီး ကျတ်သရေ မင်္ဂလာမရှိတဲ့ အလောင်းတွေကို အဖေက အခကြေးငွေယူပြီး စ,တူးနေပြီ။ တစ်လောင်းပြီး တစ်လောင်း. . အလောင်းပိုင်ရှင်တွေက လာစောင့်ယူပြီး သင်္ချိုင်းအသစ်ဆီ သယ်သွားကြမည်။ အုတ်ဂူအသစ်. . ဒါမှမဟုတ် မြေပုံအသစ်တွေလုပ်ပြီး ထပ်မံ သင်္ဂြိုဟ်ကြဦးမည်။

နှစ်ပေါင်း ဘယ်လောက်အကြာမှာ ဆုံးခဲ့တဲ့အလောင်းလဲဆိုတာ သိချင်ပေမယ့် ဓာတ်မီးနှင့် ရဲရဲထိုးမကြည့်ရဲပါ။ မကြာသေး





ခင်ကမှဆုံးခဲ့တဲ့ အလောင်းတွေဆို ရုပ်ပျက်ဆင်းပျက်တွေ မြင်လိုက်ရရင် ဒီနေ့အဖို့ ကျွန်တော် ထမင်းစားဝင်မှာ မဟုတ်တော့ဘူး။

'ဟော့ကောင်. . မီးလေး ဘာလေး ထိုးပြလေကွာ. . ဒီမှာ အဖေက အလုပ်လုပ်နေတာ မင်းက ကူဖော်မရတဲ့ ဘာတွေ ငေးနေတာလဲ'

ထစ်ခနဲရှိ ဆူမယ်၊ ဆဲမယ်. . စိတ်မထင်လျှင် ရိုက်မယ်. . အဲဒါ ကျွန်တော့်အဖေပေါ့. . ပြောရင်းဆိုရင်းပင် အဖေက

'မှိုင်း. . ရော့. . ဖမ်းလိုက်စမ်း'

'အား. . အား. . ခြေထောက်ကြီး အဖေ'

ရုတ်တရက် ကောက်ခါ ငင်ခါ ပစ်ပေးလိုက်တာက. . ခြေထောက်အပြတ်ကြီးဆိုတော့ မှိုင်း တော်တော်လန့်သွားပါသည်။သွေးပျက်မတတ် ဝမ်းခေါင်းသံကြီးနှင့် ကုန်းအော်သောအခါ မှိုင်းရဲ့အဖေက တဟားဟား ရယ်လို့မဆုံးတော့. .

'ဟား. . ဟား. . ဟား. . မှိုင်း သေချာကြည့်လေကွာ အဲဒါ ခြေထောက်အတုကြီး သားရဲ့. . ငါ့သားလုပ်ပြီးတော့ သတ္တိကြောင်ချက်ကလည်း အံ့မခန်းပါပဲလား၊ ဒီမယ်. . အဖေပြောပြမယ်၊ ဟော ဒီ. . လူသေကောင်တွေက လောကမှာ အပြစ်အကင်းဆုံးနဲ့ [illegible] ချမ်းဆုံးပဲကွ. . အသက်ရှင်နေတုန်းမှာတော့ လောဘတွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



**ဈေး** ဒေါ်သတွေ၊ မာနတွေနဲ့ မုန်းစရာကောင်းသလောက် **သောလည်း** သွားရော. . အားလုံးငြိမ်းချမ်းကုန်တာပဲ သား'

ကျွန်တော့်အသက် ဆယ့်လေးနှစ်မှာ အဖေပြောတဲ့ ချစ်**စ**ရာကောင်းထယ်ဆိုတဲ့ အလောင်းတွေကို ဘယ်လိုစိတ်အခံနှင့်နားလည်ပေးရမှန်း မသိခဲ့ရိုးအမှန်ပါ။

'မှိုင်းရေ. . လာဟေ့. . နောက်တစ်လောင်း ဖော်ရဦးမယ်'

အဖေ့ခြေရာနောက်က ထက်ကြပ်မကွာ ကျွန်တော်လိုက်ခဲ့ပါသည်။ အဖေ့ကိုချစ်လို့ ရိုသေလို့ဆိုတာထက် သချိုင်းမြေနှင့်ပတ်ဝန်းကျင်ကို ကြောက်လွန်းလို့ ဖြစ်သည်။

ဒီနေ့ ဒီအချိန်အထိ အဖေ့ရဲ့နာမည်နှင့် အလုပ်အကိုင်တို့ အမေးခံလိုက်ရတိုင်း အလိုလိုအားငယ်ရှက်ရွံ့မိသည်။ သူငယ်ချင်းတွေ သိသွားမှာလည်း သေမလောက်ကြောက်ရသည်။ သုဘရာဇာတစ်ယောက်ရဲ့သား ဆိုတဲ့ အဖြစ်က ကျွန်တော့်ကို ဂုဏ်တက်စေမှာမှ မဟုတ်တာ။ လူတွေရဲ့ တဲ့ရဲ့စရာ၊ နှိမ့်ချချင်စရာ၊ သနားစရာ. . လူ**တစ်**ယောက်ပဲ ဖြစ်လာမှာပေါ့။

ဒါပေမယ့် ဒါဟာ အမှန်တရားပဲလေ. . ရှောင်လွှဲလို့မှ မရတာ. .

အဖေ့ကို ကျွန်တော်ကြောက်သည်။ သိပ်ကြောက်ပါသည်။





အဖေ့အရိပ်မှာနေရတာ ရှက်ရွံ့လို့ အကြောင်းအမျိုးမျိုးပြပြီး အမျိုးတွေဆီမှာ သွားနေတတ်တဲ့ ကျွန်တော်။

အဖေက သူသန်ကို အိမ်လုပ်ပြီးနေတဲ့လူ ဆိုတော့ ကျွန်တော့်ကို မျက်စိဒေါက်ထောက်ပြီး လိုက်မကြည့်**အား**ပါ။

ကျောင်းဖွင့်ရက်တွေဆို ကျွန်တော့်အတွက် **အပျော်ဆုံး**နေ့တွေပဲ။ ကျောင်းနဲ့နီးအောင်လို့ အကြောင်းပြပြီး **အမေ့ရဲ့ညီမ** ဒေါ်လေးသန်းတို့ဆီမှာ ငါးရက်နေခွင့်ရသည်။

ကျောင်းပိတ်ရက်နှစ်ရက်ကတော့ ကျွန်တော့်**အတွက် ငရဲ**ပဲ။ စိတ်မပါတဲ့ အဖေ့အလုပ်တွေကို လိုက်ကူပြီး လုပ်ပေး**ရသည်**။ ဒီနေ့လိုမျိုးပေါ့. .

'သားရေ. . ဒီလူကြီးခများ အရိုးတောင် မရှိတော့ပါလား ကွ. . ကြည့်စမ်း၊ ဒီနာရီလေးက အကောင်းစားဖြစ်မှာ သေချာတယ်၊ ဒြော်. . စံပီး. . သူ့ငွေကြီးစံပီး. . ခုကျတော့လည်း မြေမှုန့်၊ သဲမှုန့်တွေနဲ့ရောလို့ ချမ်းသာလိုက်တာမှ ကျိကျိတက်. . ဒါပေမယ့် လူဖြစ်ရကျိုး မနပ်ဘူးကွာ၊ သုံးမဝင်၊ စွဲမဝင်နဲ့ တိတ်တိတ်ပုန်းမယားတွေလည်း အများကြီး. . ခုတွေ့လား. . သူ့အလောင်းကို ဘယ်မယားမှ လာမဖော်ကြဘူး၊ သူ့ရဲ့ ဆွေမျိုးနီးစပ်တော်တဲ့လူတစ်ယောက်**က** အဖေ့ကို ပိုက်ဆံပေးပြီး ငှားလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



အဖေက ဦးစံပိုး၏နာရီကို ယူပြီး ကျွန်တော့်ကို လှမ်းပေးသည်။

'သား ယူလိုက်. . ရော့. . မင်း ကျောင်းတက်ရင် ပတ်လို့ရတာပေါ့'

'ဟာ. . မလိုချင်ပါဘူး အဖေရာ. . ရွံစရာကြီး'

ကျွန်တော် ခါးခါးသီးသီးပင် ငြင်းမိပါသည်။ မင်း မယူရင်ငါယူတယ်ဆိုပြီး အဖေက သူ့အိတ်ထဲသို့ ထည့်လိုက်သည်။ ထိုနေ့က အလောင်းပိုင်ရှင် လာမစောင့်သော တရုတ်မကြီးတစ်ယောက်ရဲ့အလောင်း ဖော်ပေးလို့ အဖေ ပုလဲတစ်လုံး ရလိုက်သေးသည်။

တရုတ်တွေရဲ့အယူအဆရ သေသူရဲ့ပါးစပ်ထဲကို ပုလဲတစ်လုံးထည့်ပေးလေ့ရှိသည်။

အဖေ့အလုပ်က ဂုဏ်ငယ်ပေမယ့် တစ်ခါတလေကျတော့လည်း အချိုကြီး ရလေ့ရှိသည်။ နားကပ်တွေ၊ ဆွဲကြိုးတွေ ရသည့်အခါ ရတတ်သည်။

အမေ ဆုံးပြီးတဲ့နောက် ဒီအဖေနှင့်ဒီသား နှစ်ယောက်သာရှိသောဘဝတွင် အဖေ တာဝန်ကျေရှာပါသည်။ ဒီနေ့ဒီရက်အထိ ကျွန်တော် ထမင်းမငတ်ဖူးသေးဘူးလေ. . ကျောင်းလည်း သူလိုငါလို တက်နေနိုင်တာပဲ. .





ဒါပေမယ့် အဖေ့သားဖြစ်ရတာကို သေမလောက် ရှက်ရတယ်ဆိုတာ ဝန်ခံပါတယ်. .

'အဖေ. . ပိုက်ဆံရတိုင်း သူများအလောင်းတွေပဲ ဖော်မနေနဲ့. . အမေ့အလောင်းရော ဘယ်တော့ရွှေ့မလဲ'

ကျွန်တော်က မေးတော့ အဖေ ပြန်ဖြေပါသည်။

'နောက်ဆုံးမှရွှေ့မယ်ကွာ၊ မင်းအမေနဲ့ငါ ဒီသင်္ချိုင်းတနေအတူတူပြောင်းကြတာပေါ့'

'ဒီနွေကျောင်းပိတ်ရင် ကျွန်တော် ကိုးတန်းစာ ကြိုသင်မလို့အဖေ'

အဖေက ထွက်လာသောချွေးတွေကို အင်္ကျီလက်တစ်ဖက်ဖြင့် ဆွဲသုတ်ရင်း

'ပညာအတွက် ဝမ်းစာဖြည့်ပေးတာတော့ ကောင်းပါတယ်သားရယ်. . အလွန်အကျွံဆိုရင်တော့ ဘယ်ဟာမှမကောင်းဘူး. . . ဂုဏ်တုဂုဏ်ပြိုင် ဖြစ်သွားတတ်တယ်ကွ. . . နောက်ဆုံး သေသွားတော့လည်း မင်းတို့တတ်ထားကြတဲ့ ဟိုလက်မှတ် ဒီလက်မှတ်တွေက ယူသွားလို့မရပါဘူးကွာ. . ဒီမယ်. . မှိုင်း. . မင်းကို အဖေ ရှင်းရှင်းပဲ ပြောမယ်. . လောကမှာ ပညာတတ်တဲ့သူပဲဖြစ်ဖြစ်. . မတတ်တဲ့သူပဲ ဖြစ်ဖြစ်. . . သေပြီးတဲ့နောက်မှာ လက်မှတ် တစ်စောင်စီ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရကြတာပဲ. . အဲဒီလက်မှတ်ကမှ တရားဝင်တာ. . အသုံးဝင်တာကွ'

အဖေဟာ ပညာမတတ်လို့ပဲလား မသိဘူး။ ပညာရဲ့တန်ဖိုးကို သူ နားမလည်ပါဘူးလေ။ အသက်ရှင်နေတုန်းမှာ ရတဲ့ ဘွဲ့လက်မှတ်တွေ၊ ဘာ certificate, ညာ certificate တွေ. . အဲဒါတွေရှိမှ လူ့ဘဝမှာ ဂုဏ်သရေရှိစွာ ရပ်တည်နိုင်မှာပေါ့။ သေပြီးမှ ရတဲ့ လက်မှတ်ဆိုတာ ရှိသေးလို့လား။ ရှိတော့ရော ဘာများ သုံးစားလို့ ရမှာလဲ. . အလကား. .

ကျွန်တော့်စိတ်ထဲမှာ အဖေ့ကို ပြစ်မှားမိပါသည်။ ဒီလို အတွေးအခေါ် အယူအဆမျိုး ရှိတဲ့ အဖေနဲ့ ကျွန်တော် အတူမနေချင်တာ သဘာဝကျပါတယ်လေ. .

ရောင်နီတွေ သန်းလာပြီ။ နံနက်လို့ ပီပီပြင်ပြင်ခေါ်လို့ ရအောင် အလင်းရောင်အားကောင်းလာလေပြီ။ ကျွန်တော် ဒီသချိုင်းထဲက ဘယ်အချိန်ကျမှ ထွက်ရမှာလဲ. .

လူတိုင်းလူတိုင်းဟာ ဒီလိုကျက်သရေကင်းမဲ့တဲ့နယ်မြေကို အများအားဖြင့် မလာချင်ကြပါဘူး။

ကျွန်တော့်မှာတော့ ဝင့်ကြီးလွန်းလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုနေရာမျိုးကို လာနေရတာ. .





ဒါပေမယ့် လူဆိုတာ ရည်မှန်းချက်ပျောက်သွားလို့ မဖြစ်ဘူး. .

ကျွန်တော့်မှာ အနာဂတ်ရှိတယ်။ သူဘရာဇာတစ်ယောက်ရဲ့သား ဖြစ်နေလို့ လမ်းဟောင်းထဲမှာပဲ ပိတ်မိနေရတော့မှာလား. . လမ်းသစ်ကနေ ရအောင် ဖောက်ထွက်ရမှာပေါ့. .

ဒါ. . ကျွန်တော့်အိပ်မက်ပဲ. .

❖

မူပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း
အားပေးနိုင်ပါသည်။
Find "Mu Paing Rose" on Facebook and
become a fan



www.burmeseclassic.com

www.burmeseclassic.com

မိုးစက်တွေက သွပ်ပြားတွေပေါ် တဖြောက်ဖြောက် တ
ဆင်းနေသည်။ လေတိုက်လိုက်တိုင်း ယုဇနပင်လေးတွေ ယိမ်းသွာ
ကြသည်။ သားလေးနှစ်သက်တဲ့ ဇီဇဝါပန်းရနံ့လေးတွေ လေအဝှေ့
မှာ အဖေ ရလိုက်တယ် သားရယ်. .

ဟိုးမှာ. . မိုးရေတွေကြားထဲမှာ လာနေတာ. . . သားလေ
မဟုတ်လား။ ဟုတ်မှာပါ. . သားမှ သားအစစ်ပဲ. . သားဝတ်နေကျ
မိုးကာဂျာကင်လေးတောင် ရေးရေးလေး တွေ့နေရသေးတာ. .

ဦးသက်နွေသည် ဝါးကုလားထိုင်ပေါ် ထိုင်နေရာမှ ရုတ်တ
ရက်ထရပ်လိုက်ပြီး မိုးတွေရွာနေသော အိမ်အပြင်ဘက်ဆီသို့ တရွေ့
ရွေ့သွားနေသည်။





မီးငယ်လေးသည် ရေနံဆီမီးခွက်တလေးဖြင့် စာကျက်နေသော်လည်း ကိုကို့ကိုသာ သတိရနေသည်။ မိုးတွေရွာနေချိန်မို့ ပိုလွမ်းမိတာလည်း ဖြစ်နိုင်ပါသည်။ စာတစ်ပုဒ်ရပြီတိုင်း ကိုကို့ဆီမှာ စာအံနေကျမို့ စာရပြီဆိုလျှင် ဒီလောကမှာ မရှိတော့တဲ့ ကိုကို့ကို တမ်းတပြီး မီးငယ့် ငိုမိမြဲဖြစ်သည်။

ကိုကိုနဲ့အတူ အမြဲတမ်းဆော့ကစားတတ်တဲ့ puzzle လေးတွေကို မီးငယ်ခေါင်းအုံးအောက်မှာ ထားပြီး အိပ်လေ့ရှိသည်။

လေပြင်းတစ်ချက် ဝှေ့လိုက်စဉ်ဝယ် မီးငယ်နားထဲမှာ ခြေသံလိုလို ကြားလိုက်ရသည်။

ဝေခွဲမရစိတ်ဖြင့် အိမ်ရှေ့သို့လှမ်းကြည့်မိတော့ ဖေဖေရယ်လေ. . မိုးရွာကြီးထဲကို ထွက်ဖို့ပြင်နေသည်။

'မေမေရေ. . မေမေ၊ ဖေဖေ အိမ်အပြင်ကို ထွက်သွားပြီ'

မီးဖိုချောင်ထဲမှာ စားပြီးသား ပန်းကန်တွေ ဆေးကြောနေသော ဒေါ်မြင့်မြင့်နွယ် ပြေးထွက်လာပြီး ဦးသက်နွေကို လိုက်ခေါ်သည်။

'ကို. . ဘယ်သွားမလို့လဲ၊ မိုးတွေ ဒီလောက်သည်းနေတာ'

'မိုးရွာတော့ ဘာဖြစ်လဲကွ၊ ဟိုမှာ ငါ့သားလေး လာနေတာ မတွေ့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်မြင့်နွယ်သည် ဦးသက်နွေ ပြသောနေရာသို့ ကြည့် မိတယ်ဆိုရင်ပဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတော့သည်။

'သားလေး မရှိတော့ဘူးလေ ကို. . သတိထားပါဦး ကိုရဲ့ မြင့်တို့သားလေး ဆုံးသွားပြီလေ'

ဦးသက်နွေသည် ဒေါ်မြင့်မြင့်နွယ်ကို မယုံသင်္ကာသောမျက် လုံးများဖြင့် စိုက်ကြည့်နေပြီး မလှုပ်မယှက်ငြိမ်သက်နေလေသည်။

'လာပါ ကိုရယ်. . အိမ်ထဲ ဝင်ကြရအောင်နော်'

မီးငယ်လေးသည် အဖြစ်အပျက်အလုံးစုံကို မြင်တွေ့ကြား သိရပြီးနောက် ဘယ်လိုမှဟန်ဆောင်လို့မရတော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးမိလေသည်။

ဟိုးအရင်က မိသားစုဝင် လေးယောက်ရှိခဲ့သော သူတို့ ကမ္ဘာလေးမှာ အေးအတူ ပူအမျှ ဖေးကူမပြီး ရှိလည်း ပျော်ပျော် မရှိလည်း ပျော်ပျော်နေခဲ့ကြဖူးသည်။ ကိုကိုနွေဦးက သားအကြီးပီပီ မီးငယ်လေးကို အမြဲအလျှော့ပေးတတ်သလို ညီမလေးတစ်ယောက် တည်းမို့ တုန်နေအောင်ချစ်ပါသည်။ ဖေဖေနဲ့မေမေက သားနှင့်သမီး ကို တစိမ့်စိမ့်ကြည့်ပြီး လိုအပ်သမျှ ဖြည့်ဆည်းပေးတတ်သောမိဘ မျိုးဖြစ်သည်။ 'လိုတရ'ဘဝမျိုး မဖြစ်ပေမယ့် လိုလေသေးမရှိအောင် ပြည့်စုံအောင် ထားပေးခဲ့သည်။





ရက်ရာဇာဆိုတာ ဘာကိုပြောတာလဲ၊ ပြဿဒါးဆိုတာက ရော ဘာလဲ။ ကောင်းမှုတာတွေ အပြည့်ရှိတာ ရက်ရာဇာတဲ့လား. .

ဒါဖြင့် ကိုကိုနွေဦးက ရက်ရာဇာနေ့တစ်နေ့မှာ ဘာလို့ဆုံး သွားခဲ့ရတာလဲလို့ သူ့ရဲ့ညီမတစ်ယောက်အနေနဲ့ မေးတို့ မေးချင်ပါ သည်။

အခု ဖေဖေခံစားနေရသလိုမျိုး မိန်းမသားဖြစ်တဲ့ မေမေနဲ့ မီးငယ်လေးလည်း ခံစားရပါသည်။ ပိုပြီး ဝမ်းနည်း နာကျင်ရသလို အမှတ်ရစရာလေးတွေ ကြုံလာတိုင်း ကိုကို့ကို လွမ်းရပါသည်လေ။

ဦးသက်နွေသည် ညက အိပ်ဆေးသောက်ပြီး အိပ်လိုက်ရ သည်။ သူ့စိတ်တွေက သားလေးကို အရမ်းသတိရလာပြီဆို ထိန်း ချုပ်လို့မှမရတော့တာ. . တစ်ချက်တစ်ချက် လွတ်သွားချင်သည်။

အမှန်က စိတ်ထဲရှိရာ လုပ်ပစ်လိုက်ချင်သည်။ သားသေတဲ့ နေ့မှာ သူပါ ရောပြီး သေပစ်လိုက်ချင်သည်။ ဒါဆို အခုလိုမျိုး တမြေ့ မြေ့ခံစားနေရမည် မဟုတ်တော့ပါ။ငဲ့ကွက်စရာ သမီးနဲ့မိန်းမကြောင့် သူနေခဲ့ရတာ. .

သူ့အသိအာရုံတွေမှာ တစ်ချိန်လုံး သားအကြောင်းတွေခဲ ချစ်ပတ်နေသည်။ မတွေးမိအောင် ထိန်းချုပ်ထားသော်လည်း တွေး မိနေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သားလေး ခုနစ်တန်းစာမေးပွဲ ဖြေပြီးသော
မီးငယ်လေးက သုံးတန်း ဖြေသည်။ မောင်နှမနှစ်ယောက် လက်
ပြီး ထွက်လာကြသည်။

သူနှင့်မြင့်ကတော့ သားနှင့်သမီး ဖြေနိုင်ရဲ့လား ဆိုပြီး
ရိမ်နေရသည်။ သားလေးမျက်နှာမသာတာ ဟိုးအဝေးကနေ မြင်
ရတာပဲလေ. .

'သား. . ဖြေနိုင်ရဲ့လား'

'ဖြေတော့ ဖြေနိုင်ပါတယ်. . သား ခေါင်းထဲမှာ မူးနော
နေတာပဲ ဖေဖေ၊ ဘာမှတောင် ကောင်းကောင်းမမြင်ရတော့ဘူ

'စိတ်လှုပ်ရှားပြီး ပင်ပန်းလို့ဖြစ်မှာပါ သားရယ်. . အခု
မေးပွဲပြီးသွားပြီပဲ. . ဖေဖေတို့ ကန်ဘောင်မှာ လေသွားရှူကြတာ

'ဟင့်အင်း. . သား အိမ်ပြန်ပြီး နားချင်ပြီ ဖေဖေ'

ဦးသက်နွေ ထင်တာက သားလေး စာကျက်ထားရလို့ ပ
ပန်းပြီး အိပ်ချင်နေတာ. . သားက အိမ်ရောက်တော့ သူ့အိပ်ရာ
တန်းဝင်သွားပြီး ခွေခွေလေး လှဲနေသည်။ ထမင်းစားဖို့ သွားခေါ်
တော့လည်း ထ,မစားနိုင်။ မကြာခဏဆိုသလို ထိုး ထိုးပြီး အန်
တော့ သူ စိတ်ပူလာသည်။ ဖျား၍ပဲ ဖျား၍တာ မဟုတ်၊ ဖျားခြင်းပြခြင်
လုံးဝမရှိဘဲ တန်းပြီး အန်နေတာ သိပ်တော့ သဘာဝမကျချင်





'သား. . ဆေးခန်း သွားမလား. . . ဖေဖေ လိုက်ပို့ပေးမယ်

သားပုံစံလေးက နွမ်းဖတ်နေသည်။ အဖေကို သူကြည့်တဲ့
ကြည့်ကလေးက အရမ်းကို အားကိုးတကြီးနိုင်လွန်းသည်။ ဂဏှာ
သလို. . တစ်ခုခုကို ချောက်ချားနေပုံရလေသည်။

သားက သူ့လက်ကို ဆုပ်ကိုင်လာပြီး ခေါင်းလေးညိတ်ပြ
သည်။

ထိုစဉ်မှာပင် သူ့ရင်ထဲ၌ ဘာမှန်းမသိသော ဝေဒနာကြီး
ခုကို ခံစားလိုက်ရသည်။ စိတ်ထင့်တာလိုမျိုး စိုးရွံ့သွားတာ. .
သတ္တိကြောင်လို့ပဲ သားတို့အမေကိုပါ သူခေါ်လာခဲ့ရသည်။
ခုခုဆို သူက စိတ်ခိုင်တဲ့သူမဟုတ်။

တစ်လမ်းလုံး ကျိတ်ပြီး ဆုတောင်းလာသည်။

သားလေး ဘာမှမဖြစ်ပါစေနဲ့။

သူတို့မြို့လေးမှာတော့ ဒေါက်တာလွန်းမောင်က နာမည်
ကြီးဆုံးလို့ ပြောလို့ရသည်။ ရောဂါရှာဖွေတဲ့နေရာမှာ တော်သလို
လည်း လိုက်တော့ လူတွေရဲ့အားကိုးခြင်းကို ခံရတာပေါ့။

ဆရာဝန်လေးက သားကို စမ်းသပ်မေးမြန်းပြီး သက်ပြင်း
တ်ပြီး ချလိုက်တာ သူကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ်. . သူ့စိတ် ထင်တာပဲလား။ ပြီးတော့ သား ခေါ်သွားပြီး ရန်ကုန်က အထူးကုဆရာဝန်တွေနဲ့ပြဖို့ တိုက်တွန်း တော့သည်။

'သူ့မှာပြနေတဲ့ sign တွေကို ကျွန်တော် မကြိုက်ဘူးခင်ဗျ ဖြစ်နိုင်ရင် CT scan ရိုက်လိုက်စေချင်တယ်၊ အချိန်မဆွဲစေချင်ဘူး ကျွန်တော် စာရေးပေးလိုက်ပါ့မယ်၊ ရန်ကုန်သာ မြန်မြန်သွားတော့

ဘာမှန်းမသိသေးပေမယ့် သားရဲ့အခြေအနေက အရေး ကြီးနေပြီဆိုတာတော့ သူတို့နှစ်ယောက်လုံး သိလိုက်ပါပြီ။

သူက မြင့်ကို သားအား ခေါ်ထုတ်သွားဖို့ မျက်စ ပစ်ပြပြီ စာရေးပေးနေသော ဒေါက်တာအနား ကပ်ကာ မေးကြည့်တော့

'Intracraniallို့ထင်တယ်၊ ခင်ဗျားနားလည်အောင် ပြော ရရင် brain tumour ဖြစ်ဖို့များနေတယ်ခင်ဗျ၊ အရေးကြီးနေပြီ. . ဒါကြောင့် ဖြစ်နိုင်ရင် မနက်ဖြန်ပဲ ရန်ကုန်ကို ခေါ်သွားပါတော့'

ဘုရား. . ဘုရား၊ သားလေး. . ဒီလောက်ငယ်ရွယ်တဲ့ သား လေးမှာ ဒါမျိုးဖြစ်နိုင်ပါ့မလား။ မတ်တတ်ရပ်နေသော ခြေထောက် နှစ်ချောင်း အလိုလိုတုန်လာသည်။ သူ့ခန္ဓာကို ထိန်းဖို့ခက်လာသည်။

'ဆရာ. . သားလေး ဘာဖြစ်သွားနိုင်သလဲဟင်. . ပြောပါ ဦး ဆရာရယ်'





ငိုသံပါကြီးနှင့်မေးနေသောသူ့ကို ဆရာက စိတ်မကောင်း စွာကြည့်ရင်း

'သူက အသက်ငယ်သေးတော့ ပိုပြီး စိုးရိမ်ရတယ်၊ ငယ်တဲ့ သူတွေမှာ ကင်ဆာဆဲလ်တွေက အရမ်းပျံ့လွယ်တာဗျ. . ဘာဖြစ်နိုင် သလဲဆိုတော့ စောင့်ကြည့်ရမှာပေါ့ဗျာ. . ဒါပေမယ့် တိုယ့်ဘက်က လုပ်စရာရှိတာတော့ အကုန်လုပ်ထားရမှာပဲ'

ဆရာဝန်မို့လို့ ကံတရားကို ထည့်မပြောတာ ဖြစ်မည်။ သူ ပြောပုံအရဆို သားလေးမှာ အန္တရာယ်ရှိနေပြီပဲ။ နီးနီးကပ်ကပ်မှာ တို ရောက်နေပြီ။

လေးလံသောခြေလှမ်းများဖြင့် သူထွက်လာခဲ့သည်။ ဆရာ့ တိုနှုတ်ဆက်ဖို့လည်း သတိမရတော့။

❖



www.burmeseclassic.com

www.burmeseclassic.com

သားလေးက ဆရာ ပေးလိုက်သော ဆေးအရှိန်ဖြင့် အိပ်ပျော်သွားပေမယ့် သူတို့မိဘနှစ်ပါးမှာတော့ အိပ်လို့ မပျော်နိုင်ပါ။ ဘယ်လိုလုပ်ပြီး အိပ်စက်နိုင်မှာလဲလေ. . ကင်ဆာ ဆိုတဲ့ ဝေါဟာရကြီးက ကြီးမားစွာနှိပ်စက်နေတာကိုး။

မြင့်က သားအဝတ်အစားတွေ သိမ်းရင်း ရှိုက် ရှိုက်ပြီး ငိုသည်။ သူက ယောကျ်ားတန်မဲ့ မျက်ရည်မကျအောင် ထိန်းတဲ့ကြားက မျက်ရည်တွေ ကျလာပြီး မိန်းမကိုလည်း အားပေးရသေးသည်။

'အားတင်းထားပါဦး မြင့်ရယ်. . ဟုတ်ချင်မှလည်း ဟုတ်မှာပါ'

ဒီလိုပြောပြီး သိပ်မကြာမီမှာပဲ သူ မေးပြန်သည်။





'မြင့်. . အိမ်မှာ ပိုက်ဆံဘယ်လောက်ရှိသလဲ'

'သိန်းတစ်ရာလောက်တော့ ရှိတယ် ကို'

'အားလုံးယူသွားရအောင်. . ဟိုမှာက ကိုယ့်နေရာမဟုတ်တော့ ငွေလိုရင် ဒုက္ခရောက်မှာ. . နောက်ပြီး မင်းလက်ဝတ်လက်စားတွေပါ အကုန်ထည့်ခဲ့ကွာ. . ကုန်ချင်သလောက် ကုန်ပါစေ. . ငွေမကျန်ပေမယ့် လူကျန်စေရမယ်. . ငါ့သားလေး ကျန်ရင် တော်ပါပြီကွာ'

အညာဒေသမှာ ဆယ်ဘီးကားနှစ်စီး ထောင်ထားသော သူတို့အခြေအနေက သားလေးကို ကိုယ့်ဘက်ပါအောင် ဆွဲနိုင်လိမ့်မည်ဟု တစ်ထစ်ချယုံခဲ့မိသည်။ ဒါမှမဟုတ် ကိုယ့်စိတ်ကိုယ်ဖြေတွေးခဲ့တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

ထိုနေ့က အိမ်သော့ခတ်ပြီး သူတို့မိသားစု ရန်ကုန်သို့ ဟိုင်းလတ်ကားလေးဖြင့် ထွက်ခဲ့ပါသည်။ သမီးငယ်လေးက အခြေအနေမှန်ကို မသိဘဲ ဘုရားဖူးထွက်တယ်ထင်ပြီး ပျော်နေရှာသည်။ သားလေးလည်း ကြည်ကြည်လင်လင်၊ လန်းလန်းဆန်းဆန်းဖြစ်နေသလိုပဲ. . .

သူတို့ မိဘနှစ်ပါးမှာသာ သောကတွေ ရင်မှာပိုက်လို့. . ရန်ကုန်ရောက်တော့ ဈေးနှုန်းသင့်တင့်သော တည်းခိုခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ တည်းပြီး ဒေါက်တာလွန်းမောင် ညွှန်လိုက်သော သမားတော်ကြီးနှင့်ပြရန်အတွက် နာမည်ကြီးအထူးကုဆေးခန်းတစ်ခုသို့ ဖုန်းဆက်ပြီး ဘွတ်ကင်ကြိုယူရသည်။

အစစအရာရာ သူပဲ ဦးဆောင်နေရသည်။ အပူရုပ်ကို ဖုံးဖိပြီး အသိအကျွမ်းမရှိသောသူစိမ်းတွေအလယ်မှာ မေးရင်း စမ်းရင်း တစ်ဖက်မှာလည်း ငွေကို တတ်နိုင်သမျှ ချွေတာနေရသည်။

သားလေးအတွက်. . သားလေး အသက်ရှင်ဖို့အတွက်. . ငွေလိုအပ်လိမ့်မည်ဟုသာ သူ့အာရုံမှာ လှုံ့ဆော်နေသည်။

ဦးသက်နွေသည် သားလေးကို အရိပ်တကြည့်ကြည့် ရှိပြီး သား၏အခြေအနေကို အားမရပါ။ ခရီးပန်းလို့ပဲလား. . ဆရာ ပြောသလိုများဖြစ်နေပြီလား၊ တိတိကျကျမသိရသေးပေမယ့် သိပ်မကြာခင်မှာ သိရတော့မည့် သား၏အခြေအနေအတွက် သူ အဆင်သင့်မဖြစ်သေးတာ သေချာပါသည်။

ဒီနေ့ သားကို ဆေးခန်းသွားပြရမည်မို့ တစ်ညလုံး သူအိပ်မပျော်ပါ။ သားခမျာ ခေါင်းတွေ ကိုက်လွန်းလို့၊ ဝေဒနာခံစားရလွန်းလို့ မအိပ်နိုင်ဘဲ ညည်းညူနေရှာသည်။ မြင့်က သားရဲ့လက်ကလေးကို ကိုင်ပြီး ဘုရားစာတွေ ရွတ်ပေးသည်။ အဲဒီမှာ သားက သူ့အမေကို ငိုပြီး ပြောရှာသည်။





'မေမေ သား ခေါင်းကို တူနဲ့သာ နာနာထုပေးပါတော့ဗျာ တော့ချင်ကျေသွားပါစေ၊ သား မခံနိုင်တော့ဘူး. . ကယ်ပါဦး မေမေ'

မီးငယ်လေးက သူ့အစ်ကိုရဲ့ခေါင်းတလေးကို သူ့လက်ကလေးတွေနဲ့ နှိပ်ပေးတော့တာပဲ။ မြင့်ခမျာ စိတ်မကောင်းဖြစ်ပြီး မျက်ရည်တွေ လည်လာသည်။ သို့သော် သားရှေ့မှာမို့ သူ့စိတ်သူ တင်းထားပုံရသည်။

'ကောင်းသွားမှာပါ သားရယ်၊ မေမေ့သားက လိမ္မာတော့ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်မှာပါ. . ဒီညနေ မေမေတို့ ဆေးခန်းသွားရမယ်လေ၊ ဆေးသောက်လိုက်ရင် တောင်းသွားမှာနော် သားလေး. . တရားမှတ်ပြီး အိပ်လိုက်ပါ သားရယ်'

အိပ်လို့မရမယ့်အတူတူ မနက် ငါးနာရီထိုးမှာ ကားယူပြီး ရွှေတိဂုံဘုရားသို့ သူထွက်လာခဲ့သည်။

ဘုရားရိပ်မှာများ သူ့စိတ်တွေ နည်းနည်းငြိမ်းမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ပေါ့. .

သားရဲ့မွေးနံ့ထောင့်မှာ ရေချမ်း ကပ်လှူ၊ ရေသပ္ပာယ်ပြီး သားအတွက် ဆုတွေတောင်းမိသည်။

သားလေးကို နောင်နှစ်ပေါင်းများစွာအထိ မိဘတွေရဲ့ရင်ခွင်ထဲမှာ ရှိစေချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ရလာတဲ့အခါ သားလေးကို ရှေ့တန်း တင်ပြီး သားရဲ့နောက်ကွယ်မှာ သူရှိချင်ပါသေးသည်။ သားကို အားကိုးချင်တာမျိုးမဟုတ်ဘဲ သားဘာပဲလုပ်လုပ် အောင်မြင်အောင် နောက်ကွယ်ကနေပြီး ကူညီချင်တာ. .

ဆူညံခြင်းကင်းတဲ့ တိတ်ဆိတ်သောနယ်မြေမှာလည်း သူ့စိတ်တွေက သိပ်ပြီး အစိုးမရချင်ပါ။ လွင့်ချင်ရာလွင့်နေသည်။

ဖခင်ဖြစ်တဲ့ သူတောင်မှ ဒီလောက် ခံစားနေရရင် ဝမ်းနဲ့လွယ်ပြီး မွေးခဲ့တဲ့ မြင့်ဆို ဘယ်လောက်တောင် ခံစားနေရရှာမလဲ။ သားရဲ့ဦးနှောက်မှာ ဘာအကျိတ် ဘာကင်ဆာမှ မရှိပါစေနဲ့ ဘုရား၊ ဆရာဝန်ပြောလိုက်တာ မှားပါစေ ဘုရား. . . သူကောက်ချက်ချတာ မှားပါစေ. . .

ဦးသုံးကြိမ်ချပြီးနောက်မှာတော့ ယောကျ်ားကြီးတန်မဲ့ သူငိုမိပါတော့သည်။

သားကို သွေးစစ်ကြသည်။ CT Scan ရိုက်ကြသည်။ လိုအပ်တာ အားလုံးလုပ်နေကြသည်။

ရလာတဲ့ result က brain tumour တဲ့။ ကမ္ဘာကြီးတစ်ခုလုံး ရပ်တည်စရာနေရာမရှိတော့သလို မွန်းကြပ်လာသည်။ နားထင်မှာ သွေးတွေ ဆောင့်ပြီး တိုးလာသည်။





ဒါပေမယ့် သားလေး သိလို့မဖြစ်ဘူး။ မရရအောင် ကုမယ် တုန်ချင်သလောက်ကုန်ပါစေ. . . သားလေးအသက်ရှင်ဖို့ အဓိကပဲ။

ထိုနေ့မှစ၍ ဆယ့်လေးနှစ်အရွယ် သားလေးရဲ့လက်တွေမှာ အပ်တွေ၊ ပိုက်တွေ၊ သွင်းလိုက်ရတဲ့ဆေးတွေဆိုတာ မြင်ရတဲ့သူအဖို့ သနားစရာကောင်းလှပါသည်။

Chemotherapy ယူပြီးနောက် ဆံပင်တွေ ကျွတ်ကုန်တဲ့အတွက် သားကို ဆံပင်တွေ ရိတ်ပေးလိုက်ရသည်။

သားလေးက သူ့ကို ဘာပဲလုပ်လုပ် ငြိမ်ပြီး ခံတော့တာပဲ။ သူ့ရဲ့မျက်လုံးလေးတွေဟာ လုံးဝကို အငြိမ်ဖြစ်သွားသည်။ စကားလည်း မပြောတော့သလို ခေါင်းလေးကို တစ်ချိန်လုံး ငုံ့ထားပြီး သူ့ပုံစံမှာ မျှော်လင့်ချက်ကင်းမဲ့ပြီး အရှုံးပေးသလိုဖြစ်နေပါသည်။

ဦးသက်နွေက သားကို တစ်ချိန်လုံးအားပေးနေသည်။ သားလေး ပျော်အောင် အပျော်အပျက်တွေ လျှောက်ပြီးပြောသည်။ သားသာ ပျော်မယ်ဆိုရင် ကပြဖို့လည်း သူဝန်မလေးပါ။

အဆိုးဆုံးက ဆေးသွင်းပြီး ဖြစ်ပေါ်လာတဲ့ side effects တွေကြောင့် အစားအသောက် ပျက်လာခြင်းပင် ဖြစ်သည်။ ဘာပဲကျွေးကျွေး သူ့ခမျာ မစားနိုင်ရှာပါ။

လျှာရော. . အာခေါင်ရော. . ပါးစောင်ရော အတွင်းတွေနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ စားဖို့အရေးတောင် မျက်ရည်ပေါက်ပေါက်ကျနေရသည်။ ဝင်္ခ ကြီးလိုက်တာ သားလေးရယ်. . .

သားကို ကြည့်ရင်းကြည့်ရင်း ဖခင်တစ်ယောက်၏သောက တွေ ပိုပြီးဖိစီးလာသည်။

နီးစပ်ရာကို စုံစမ်းကြည့်တော့ ဘန်ကောက်မှာ သွားပြရင် ငွေကုန်ပေမယ့် အကျိုးသက်ရောက်မှုရှိတယ်လို့ပြောကြတာပဲ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရေနစ်သူအဖို့ ကောက်ရိုးတစ်မျှင်ကို ဆွဲကြည့်ချင်တာ သဘာဝကျပါသည်။

ဦးသက်နွေသည် သူတို့သုံးယောက်အတွက် passport ကို အသည်းအသန်လိုက်လုပ်တော့သည်။ ဆေးသွားကုမှာဆိုတော့ သိပ်ပြီး ကြာကြာ မစောင့်လိုက်ရပါ။ passport ရလာပြန်တော့ မီးငယ်လေးကို သူတို့မြို့ကို ပြန်ပို့ပြီး အိမ်နီးချင်းမိန်းမဖော်တစ်ယောက်နှင့် ထားခဲ့ရပြန်သည်။

ဘန်ကောက်မှာ ဆေးကုစရိတ်ဈေးကြီးသည်မို့ ရှိသမျှ ရွှေတွေကို ငွေသားအဖြစ် ပြောင်းပြီးပြီ။

ထိုနေ့မှစပြီး သားလေးကို သေမင်းလက်တွင်းမှ ပြန်လုဖို့ အံတုပြီး သူကြိုးစားခဲ့သည်။ ဘန်ကောက်ကို အခေါက်ခေါက် အခါခါသွားပြီး ဆေးကုသပေးခဲ့သည်။





ထောင်ထားတဲ့ ဆယ်ဘီးကား နှစ်စီးမှာ တစ်စီးပြီး တစ်စီး ရောင်းလို့ကုန်ပြီ။ သူတို့မှာ ပိုင်ဆိုင်တာဆိုလို့ အိမ်တစ်အိမ်ပဲရှိတော့သား။ စီးပွားရေးဘက်ကို လုံးလုံး မလှည့်အားဘဲ သားအတွက်သာ အချိန်တွေ ပေးအပ်ထားခဲ့သည်။ ဒါပေမယ့်လည်း သူ ကျေနပ်ပါသည်။ အခုချိန်ထိတော့ သားလေး သူတို့အနားမှာရှိနေသေးသည်။

သို့သော် သူ့စိတ်ထဲမှာ ပူပင်နေတဲ့အရာတစ်ခုက သူ့ပိုင်ဆိုင်မှုတွေ ကုန်သွားတဲ့တစ်နေ့ သားလေးကို ဘာနဲ့ဆက်ပြီး ကုပေးမှာလဲ. . ဒီလိုနဲ့ပဲ သေခြင်းတရားကို အရှုံးပေးလိုက်ရတော့မှာလား။ ဆင့်အင်း. . နောက်ဆုံး ဘာမှမကျန်တော့တဲ့ တစ်နေ့မှာ သူများဆီက ငွေချေးပြီး ကုပေးဦးမှာပဲ။ ကျွန်ခံပြီးပဲ ဆပ်ရ ဆပ်ရ. . ထိုသို့ပင် သူ တွေးထားခဲ့သည်။

တစ်နှစ်ဆိုတဲ့အချိန်အတိုင်းအတာအတွင်းမှာ သားဈော လုံးဝ ပြောင်းလဲသွားခဲ့သည်။ ရန်ကုန်မြေကို ခြေချတာနှင့် အညာက အိမ်ကလေးကို တန်းပြီးပြန်ချင်သည်။ သူ့ညီမလေးကို သိပ်လွမ်းတာပဲတဲ့။

သားက အဖေနှင့်အမေကို မှာထားတာတစ်ခုရှိသေးသည်။ သူ့ကို ဆေးကုနေစဉ်ကာလအတွင်းမှာ ဘာပဲ လိုအပ်လိုအပ် (ဥပမာ သွေးဖြစ်စေ ရိုးတွင်းခြင်ဆီဖြစ်စေ) သူ့ညီမလေးဆီက ဘာမှမယူရ ဘူး။ ဘယ်တော့မှ မယူရဘူးတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



အဲသလောက်အထိ သူ့ညီမကို ချစ်ရှာသည်။

သားဟာ သူ့ဝေဒနာတွေကို သူတစ်ယောက်တည်း ကျိ
ခံနေသေးသည်။ အခြေအနေ တော်တော်ဆိုးလာမှ ဘန်ကောက်
ပြန်သွားဖို့ ဖြစ်လာပြန်သည်။ သားက သူ မလိုက်ချင်တော့ဘူးတဲ့. .
မသွားပါနဲ့တော့ ဖေဖေရယ်. . ဆိုတော့ သူ့ရင်ထဲတွင် နာရပါသည်
ဘာလို့များ သားလေးက အားလျှော့တဲ့စကား ပြောရတာလဲ။

သား ဘယ်လိုပဲ ငြင်းဆန်ငြင်းဆန် နောက်ဆုံးမှာ မဖြစ်
နေသွားရမည့်အခြေအနေကြောင့် သူတို့သုံးယောက် ဘန်ကောက်
အမြန်ဆုံးထွက်ခဲ့ရသည်။

သားလေး ပြန်နေကျBumrungradဆေးရုံကြီးထဲတွင် အေ
စက်နေသော်ငြား သူ့နဖူးမှာ ဇောချွေးတွေ ပြန်နေသည်။ ဆရာဝ
ကြီးရဲ့ပြောကြားချက်တွေကို ဘာသာပြန်ပေးမည့် translatorရဲ့နှု
ထွက်စကားကိုစောင့်မျှော်ရတာတရားရုံးမှာ အမိန့်ချမှတ်တော့မည့်
တရားသူကြီးတစ်ယောက်၏အမိန့်ကိုနာခံနေရသူလို နှလုံးခုန်သံတွေ
မြန်လွန်းမက မြန်နေသည်။

ယိုးဒယားလိုပြောနေပေမယ့် ဆရာဝန်ကြီး၏ပုံစံက
တစ်ခု ခု အရေးကြီးနေပြီဆိုတာ ရိပ်မိလိုက်သည်။စကားပြန်က
သူ့ကို သေ သေချာချာ ရှင်းပြသည်။

'ကိုသက်နွေ. . သားရဲ့ brainကို ခွဲစိတ်ဖို့ လိုအပ်နေပြီတဲ့၊
ဒါပေမယ့် လူနာရှင်ရဲ့ဆန္ဒက အရေးကြီးတယ်လို့ ပြောတယ်ခင်ဗျ၊
အစ်ခုရှိတာက ခွဲပြီးရင်လည်း 50-50ပဲ chance ရှိမယ်ဆိုတာတော့
ကြိုပြောထားပေးပါတဲ့၊ ကင်ဆာဆဲလ်တွေက အရမ်းကို ပျံ့နေပြီတဲ့
ဗျာ'

သူတို့လင်မယားနှစ်ယောက် တစ်ခဏတော့ တွေဝေသွား
သည်။ ရုတ်တရက်ဆိုတော့ ဘယ်လိုဆုံးဖြတ်ရမှန်းမသိဘဲ သားလေး
အသက်ရှင်ဖို့အတွက် အဆုံးစွန်ထိလုပ်ပေးချင်စိတ်တစ်ခုသာ ရှိနေ
သည်။ ရပ်နေတဲ့ခြေထောက်တွေဆို တဆတ်ဆတ်တုန်နေသည်။

'ခွဲရင် ဘယ်လောက်ကုန်နိုင်သလဲဆိုတာ မေးပေးပါလား
ဗျာ'

'ဘတ် (        )'

'ခင်ဗျာ'

သူ့ဘဝတစ်ခုလုံးနှင့်ယှဉ်ရင် များပြားလှတဲ့ပမာဏပါ။လော
လောဆယ် သူ့လက်ထဲမှာလည်း ဒီလောက်ပါမလာပါ။ သူများနိုင်ငံ
သူများတိုင်းပြည်မှာ အသိအကျွမ်းမှမရှိတာ ပိုက်ဆံ ခဏချေးပါဆို
ရင်တောင်မှ ငွေပမာဏ များလွန်းလို့ ဘယ်သူမှ ချေးမည် မဟုတ်။
ကင်ဆာဆဲလ်တွေက ပျံ့နေပြီဆိုတော့ အချိန်ဆွဲနေလို့ မဖြစ်တော့။





www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်လောက် ဘဝမှာ စိတ်သောကရောက်ရတာ မရှိတော့။ သားလေးနှင့်မြင့်ကို နှစ်သိမ့်ပြီး ဘန်ကောက်မှာ ခဏထားခဲ့ရသည်။ သူကတော့ မြန်မာပြည်ပြန်ပြီး သားလေးအတွက် ခွဲစိတ်ခရအောင် သူတို့မြို့မှာကျန်ခဲ့တဲ့ နောက်ဆုံးပိုင်ဆိုင်မှုဖြစ်တဲ့ တစ်ထပ်အိမ်ကလေးကို ကာလပေါက်စျေးထက် သိန်းနှစ်ဆယ်လောက်လျှော့ပေးပြီး ရောင်းခဲ့ရသည်။ လတ်တလော ငွေက လိုနေပြီလေ။

သမီးငယ်လေးခမျာ နေစရာ အိမ်မရှိတော့ အမျိုးအိမ်တစ်အိမ်မှာ ခဏသွားအပ်ရပြန်သည်။ စိတ်ထဲမှာ လေးလံကာ ဝမ်းနည်းရသည်။ တစ်သက်လုံးဒီမိသားစုတွေ ဒီအိမ်လေးထဲမှာပဲ အရိပ်ခိုခဲ့ကြတာ။

အခု သားလေးက အသက်ရှင်ဖို့တောင်မှအနိုင်နိုင်ဆိုတော့ အဲဒီအိမ်ဆိုတာကရော ဘာများအသုံးတည့်ဦးမှာလဲ. . ဘယ်ပိုင်ဆိုင်မှု ဘယ်အရာဝတ္ထုမဆို သားနှင့် လဲရပါသည်။ သားသမီးအပေါ်မှာထားတဲ့ မိဘမေတ္တာတရားကို ဘာနဲ့မှနှိုင်းတုလို့ရမှာမဟုတ်ဘူး။ ကားလည်း ကုန်ပြီ၊ အိမ်လည်း ကုန်ပြီ။ ဘန်ကောက်မှာ သားကို သူတို့ခွဲစိတ်ကြသည်။ ခွဲစိတ်မှု အောင်မြင်ခဲ့ပါသည်။ သားလေး နှေဦးပုံစံက စိတ်နှင့် ခန္ဓာ မကပ်တော့သလို အေးစက်စက်နိုင်လွန်းသည်လို့ သူ ခံစားရသည်။





ထိုနောက် သူတို့ မြန်မာပြည်ပြန်လာရသည်။ ဆေးချိန်းကစ်လ ပြန်ချိန်းလိုက်သည်။

တစ်လမတိုင်ခင်မှာပင် သားလေး ရောဂါသည်းလာခဲ့၏။ ရဲ့ကျန်းမာရေးကို ငဲ့ကွက်ပြီး သူတို့ နယ်မြို့လေးကို မပြန်ဖြစ်တော့ပါ။ မြင့်ဆို ပိုဆိုးတော့မှာပေါ့။ နေစရာအိမ်မရှိတော့တဲ့ မြို့လေး ဘယ်လိုစိတ်ထားနှင့် ပြန်ရမှာလဲ။

ရန်ကုန်မှာပဲ တိုက်ခန်းလေးတစ်ခန်းငှားပြီး သူတို့ နေလိုက်သည်။

မိုးတွေ သည်းသည်းမည်းမည်းရွာနေသော ညတစ်ညတွင် လေးကို သေမင်း လာခေါ်သွားခဲ့ပါသည်။ ညဦးကတင် အဖေအနားမှာ ထိုင်စောင့်နေလို့

'သွားအိပ်ပါလား အဖေရယ်. . . သားလည်း အိပ်တော့မှာ'

'သား. . ဖြစ်ရဲ့လားကွယ်. . ဖေဖေ သားအနားမှာပဲ အိပ်ယ်လေ'

သားက ဘာမှထပ်ပြီးမပြောတော့ဘူး။ မျက်လုံးလေးမှိတ်ပြီး င်လေထွက်လေကို ကြိုးစားပြီး မှုတ်နေရှာသည်။

အဲဒီညက ကျွန်တော်တို့သားအဖနှစ်ယောက် အတူအိပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ သားလက်ကလေးကို ကိုင်ပြီးအိပ်ခဲ့တာ။ ကျွန်တော်က ပြန် နိုးလာပြီး သားလေးက ဘာဖြစ်လို့ ပြန်မနိုးလာတာလဲ။

မနိုးသောအိပ်ခြင်းနဲ့ အိပ်သွားပြီလားသားရယ်. . ဖေဖေ တာဝန်မကျေလို့လားဟင်. . ဖေဖေလေ သားအသက်ရှင်ဖို့အတွက် သေမင်းကို လာဘ်ထိုးခဲ့ပါသေးတယ်။ ရှိသမျှစည်းစိမ်တွေ ပုံအောပြီ တော့လေ. .

ဖေဖေ ဘာတွေ ပြန်ရခဲ့တာလဲ. .

လူလား. . ငွေလား. .။ ဟင့်အင်း. . လူလည်း မကျန်ဘူ ငွေလည်း မကျန်ခဲ့ဘူး။

သားကို ကိုယ့်ဘက်ပါအောင် မဆွဲနိုင်တဲ့အတွက်. . ဖေဖေ အသက်ရှင်နေသမျှ ကာလပတ်လုံး အိပ်မက်ဆိုးတွေ မက်နေတော့ မှာပါ။

မိုးတွေသည်းတဲ့ညတိုင်း သားလေး ပြန်လာနိုးနဲ့ စောင့်နေ တဲ့ ဖေဖေပါ သား. . .

သားကို ဖေဖေ ဘာတွေပေးလိုက်နိုင်သလဲလို့ သေချာပြ စဉ်းစားကြည့်မိတော့. .

ပညာလား. . ဆုံးခန်းတိုင်အောင် သင်မသွားရရှာဘူး။

ဒါဖြင့် ဥစ္စာလား. . သားလေးမှယူမသွားနိုင်တာ တစ်ခု





တ်မှတ်ရရ ပေးလိုက်နိုင်တယ်၊ ဖေဖေကိုယ်တိုင်သွားယူပြီး ပေးခဲ့ တာလေ၊ သေလက်မှတ်(Death Certificate)တဲ့ သားရယ်၊

သားလေးဟာ တမလွန်ခရီးကို ဒီစီလို့ ခေါ်တဲ့ လက်မှတ် လေးကိုင်ပြီး ဖြောင့်ဖြောင့်တန်းတန်းကြီးကို ထွက်သွားပြီနော်. . .

ဒါဖြင့် ဘဝမှာ ရှင်သန်နေတာတွေ ရှာဖွေနေတာတွေဟာ နောက်ဆုံးတစ်နေ့မှာ ဘာမှအရာမထင်ပါလား. . .

ဦးသက်နွေသည် သားကို စွဲလမ်းတဲ့စိတ်ဖြင့် တစ်ခါတစ်ရံ မှာ သတိလက်လွတ်ဖြစ်ပြီး အိမ်အပြင်သို့ ထွက် ထွက်သွားတတ်ပါ သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

မိုးရာသီကျောင်းပိတ်ရက်တွေဟာ မှိုင်းအတွက်တော့ အကောင်းဆုံးမိတ်ဆွေပါပဲ။

အဖေ့ဆီ သွားစရာ မလိုတဲ့အတွက် မိုးအေးအေးမှာ ဇိ ကွေးနေလည်း ဒေါ်လေးသန်းက ကျွန်တော့်ကို သားတစ်ယောက် ချစ်နေတော့ ဘာလုပ်လုပ်၊ ဘယ်လိုပဲ နေနေ၊ အကုန်passပေးထ သည်။

'မှိုင်းရေ. . သား၊ ခဏထပါဦးကွဲ့ ဟိုဘက်အိမ်မှာ ဘာဖြ နေသလဲ မသိဘူး၊ ဘတင့်များ တစ်ခုခုဖြစ်လို့လား. . . တစ်အိမ်လုံ ပွက်လောရိုက်နေတာပဲကွယ်၊ မင်း သွားမေးကြည့်ပြီး ကူစရာရှိထ ကူပေးလိုက်ပါဦး'

ဘတင့် လို့ ခေါ်တဲ့ ဦးထွန်းတင့်ဟာ အသက်ခုနှစ်ဆ





တော့ရှိပြီဖြစ်ပြီး မိသားစုမရှိတဲ့အတွက် တူမ တော်စပ်သော ဒေါ် သင်းနုတို့အိမ်မှာ အတူနေထိုင်နေရသည်။

အပျိုကြီး ညီအစ်မနှစ်ယောက်ဖြစ်တဲ့ ဒေါ်သင်းနုနှင့် ဒေါ် ဝင်းနုတို့သည် တစ်ခုခု ခိုင်းစရာရှိပြီ ဆိုလျှင် ဖင်ပေါ့ပြီး မျက်နှာနိမ့် သော မှိုင်းကိုသာ သတိတရနှင့် လှမ်းခေါ်ပြီး ခိုင်းလေ့ရှိသည်။

မှိုင်းသည် ဒေါ်လေး စကား ဆုံးတာနှင့် အိပ်ရာမှ ကပျာ ကယာထ,ကာ မျက်နှာသစ်ပြီး ဟိုဘက်အိမ်ကို တန်းပြီး ပြေးတော့ သည်။

မှိုင်းကို မြင်သောအခါ ဒေါ်သင်းနုသည် အားကိုးစရာ လူ တွေ့သွားပုံဖြင့် အကူအညီလှမ်းတောင်းပါသည်။

'မှိုင်းရေ. . နင့်အဘိုးတင့် ရေချိုးခန်းထဲမှာ လဲကျသွားလို့ လမ်းထိပ်မှာ ကားသွားငှားချေ. . ဆေးရုံပို့ရအောင် မြန်မြန်ခေါ်လာ ခဲ့နော်'

မှိုင်း ငှားလာသောကားဖြင့် အဘိုးတင့်ကို ဆေးရုံသို့ခေါ် လာခဲ့ကြသည်။ အသက်ငယ်ပေမယ့် သန်မာထွားကျိုင်းသောမှိုင်းက အဘိုးတင့်ကို ချီမပြီး ကားပေါ်တင်လာခဲ့ခြင်းဖြစ်သည်။

တာဝန်ကျဆရာဝန်က အဘိုးတင့်ကို စမ်းသပ် စစ်ဆေးပြီး စိတ်မကောင်းစွာ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'လူနာက အခြေအနေမကောင်းဘူး ခင်ဗျ. . ဒီညတောင် ကျော်နိုင်ပါ့မလား မသိဘူး'

ဆရာဝန်က သူ့တာဝန်အတိုင်း လိုအပ်သော treatment တွေ ပေးကာ ပြန်ထွက်သွားသည်။ ကျွန်တော့်အမြင်ကတော့ အဘိုး တင့် မြော်နေတာ ဖြစ်မည်။ အသက်ကလေး ဟစိ၊ ဟစိ ရှူနေသေး တာက လွဲရင် ဘာမှ အသိမရှိတော့ပါ။ ဖတ်ဖူး မှတ်ဖူးသလောက် ဦးနှောက်သေသွားတာမျိုး ဖြစ်နိုင်သည်။

အဘိုးတင့်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေတုန်းမှာ ဒေါ် လေးသင်းနုတို့ညီအစ်မ ပြောတာဆိုတာကိုကြားပြီး ကျွန်တော်သာ အဘိုးတင့်နေရာမှာဆိုရင်. . . လို့ ကိုယ်ချင်းစာပြီး သနားမိသည်။

'အဝင်းရေ. . ငါတို့ အခေါင်းဝယ်မှ ဖြစ်မှာပေါ့ အခုအချိန် အခေါင်းက အရမ်းဈေးကြီးတာ. . နောက်ပြီး ဘတင့်ကို ဂူသွင်းဦး မှာလား၊ မြေကြီးကလည်း ဈေးကြီးတယ်ဟဲ့. . အမယ်လေးနော်. . တစ်သက်လုံး မစားရက်မသောက်ရက် စုဆောင်းလာသမျှ ဒီအဘိုး ကြီးသေမှပဲ ကုန်တော့မှာပါလား. . တူမတွေအတွက်ကျတော့ အမွေ ဆိုလို့ ခြူးတစ်ပြားတောင် ချန်ထားခဲ့တာ မဟုတ်ဘူး'

'မမရယ် သေတဲ့သူက သေသွားရင် ဂူသွင်းတာတွေ မသွင်း တာတွေ မသိနိုင်တော့ပါဘူး ကောင်းသလို ကြည့်စီစဉ်ကြတာပေါ့





'အိုအေ ဒါတော့ ငါလည်း သိတာပေါ့၊ ပတ်ဝန်းကျင်လေ ပတ်ဝန်းကျင်က ရှိသေးတယ်. . ပါးစပ်ပေါက်တွေက ကဲ့ရဲ့ဖို့ အဆင် သင့်စောင့်နေကြတာ၊ ငါ့သဘောအတိုင်းဆို အရိုးလည်း ပြန်မယူဘူး ပြာလည်း ပြန်မယူဘူး၊ တစ်ခါတည်း မီးရှို့လိုက်ပြီးရင်ပြီးရော၊ အခု တာက မကောင်းတတ်လို့. . ခေါင်းကို ခဲနေရောအေ'

သူတို့ညီအစ်မနှစ်ယောက် အာပေါင်အာရင်းသန်သန် အတိုင်အဖောက်ညီနေပေမယ့် ကြားရတဲ့ ကျွန်တော့်မှာတော့ နား ထဲမှာ ကန့်လန့်ကြီးပေါ့ဗျာ။ အဘိုးတင့်က သေမှမသေသေးတာ. . သူတို့ပြောတာဆိုတာတွေ အားလုံးကို ကြားနေဦးမှာပဲ. . . အဲဒါဆို ဘယ်လောက်အထိ စိတ်မကောင်းဖြစ်လိုက်မလဲ။

မသေသေးတဲ့လူတစ်ယောက်ကို ဘေးမှာထားပြီး ပြောချင် ရာပြောနေတဲ့ ပါးစပ်စည်းမစောင့်တဲ့ အပျိုကြီးနှစ်ယောက်ကို ကျွန် တော့်စိတ်ထဲမှာ အပြစ်တင်မိသည်။

ဘယ်သူမှ လာပေးထားတဲ့ တာဝန် မဟုတ်ပေမယ့် ကျွန် တော့်စိတ်ထဲမှာ အဘိုးတင့်ရဲ့နောက်ဆုံးအချိန်အထိ စောင့်နေပေးဖို့ ဆုံးဖြတ်လိုက်သည်။

ဆရာဝန်ခန့်မှန်းခဲ့သလိုပါပဲ။ ည ဆယ်နာရီ လေးဆယ့်ငါး မိနစ်မှာ အဘိုးတင့် အသက်ထွက်သွားပါသည်။ အဘိုးတင့်ရဲ့ချစ်



www.burmeseclassic.com

www.burmeseclassic.com



လူစွာသောတူမနှစ်ယောက်မှာ မျက်ရည်မကျအားဘဲ ဘယ်လိုလုပ်ရင် ငွေအကုန်သက်သာမလဲဆိုတာ အသည်းအသန်တိုင်ပင်ပါတော့သည်။

အဘိုးတင့်လက်ကလေးကို ကျွန်တော်ကိုင်ကြည့်တော့ နွေးနွေးလေးရှိနေသေးသည်။ စိတ်ထဲမှာ တော်တော်လေး ဝမ်းနည်းသွားသည်။ အဘိုးတင့်က ကျွန်တော့်ကိုချစ်ရှာသည်။ သူ လက်ဖက်ရည်ဆိုင်သွားတော့မယ်ဆို ကျွန်တော့်ကို လှမ်းပြီးခေါ်တတ်သည်။ ခေါ်လေးသန်းကဆို ဘတင့်တစ်ယောက် မိန်းမ မရှိဘဲ ဝမ်းမနာမြေးတွေ ကျွေးမွေးရှာတယ်လို့ မကြာခဏ ကျီစယ်တတ်သည်။ သွေးမတော်သားမစပ်ပေမယ့် သံယောဇဉ်တော့ရှိတာပေါ့ဗျာ။

ဆရာဝန်က အဘိုးတင့်သေဆုံးကြောင်း လက်မှတ်ထိုးပေးပြီး ဒီစီထုတ်ဖို့ပြောသည်။ ခေါ်သင်းနုက

'ဆရာ. . ဒီစီဆိုတာ ဘာလဲ. . ကျွန်မတို့ နားလည်အောင်ပြောပါဦး'

'သေလက်မှတ်ကိုပြောတာပေါ့ဗျာ Death Certificateရဲ့ အတိုကောက် DCပေါ့. . ခင်ဗျားတို့နဲ့ သက်ဆိုင်ရာရပ်ကွက်ရုံးမှာ ထောက်ခံစာတောင်းပြီး မြို့နယ် ဒေသန္တရဆေးခန်းမှာ သွားထုတ်ရမှာဗျ'





အဲဒီအချိန်မှာပဲ DCဆိုတဲ့စကားကို ကျွန်တော် စပြီးရင်းနှီးခဲ့တာ။ အဖေပြောပြောနေတာ အလကားမှ မဟုတ်ဘဲလေ၊ သေရင်ရတယ်ဆိုတဲ့လက်မှတ်က DC ကိုး။

နေရာလေးတစ်ခု၊ ရပ်တည်စရာ ခြေချစရာ နေရာကလေးတစ်ခုရဖို့ လူတွေ နီစွဝ ရုန်းကန်နေကြရသည်။

ကာယကိုအားပြုပြီး လုပ်ရှားရှာဖွေနေရသော လူတန်းစားတွေ အင်မတန်မှ သနားစရာကောင်းပါသည်။ သွားရင်း လာရင်းနဲ့ ကျွန်တော်တွေ့ဖူးတာတွေ အများကြီး. . .

ခြစ်ခြစ်တောက်ပူနေတဲ့ နေရောင်အောက်မှာ အသားတွေမည်းပြောင်လာတဲ့အထိ ပင်ပန်းကြီးစွာ အလုပ် လုပ်နေရတဲ့သူတွေမှာလည်း ဘဝအတွက် ရည်ရွယ်ချက်. . ရည်မှန်းချက် ဒါမှမဟုတ် မျှော်လင့်ချက်ဆိုတာ ရှိကိုရှိကြမှာပါ။

ပိုက်ဆံရှိပါတယ် ဆိုတဲ့ မီးလုံးနာကြီးတွေတောင်မှ ရောင့်ရဲခြင်း၊ တင်းတိမ်ခြင်းတွေ ကင်းမဲ့နေသေးတာပဲ. . .

ကျွန်တော် အဘိုးတင့်ကို ကြည့်ပြီး သံဝေဂတွေ ရနေမိသည်။ တရုတ်သွေးစပ်လို့သာ သူတို့အယူအရ ဂူသွင်းတာတွေ ဘာတွေ လျှောက်လုပ်နေပေမယ့် ရင်ထဲကလာတဲ့ စေတနာအစစ်အမှန်နဲ့မှ မဟုတ်တာ. .



www.burmeseclassic.com

www.burmeseclassic.com

## မှုပိုင်နှင်းဆီ – ၅၂

ဒီထက်ပိုပြီး ဆိုးတာက အသုဘချတဲ့နေ့မှာ ဒေါ်သင်းနုတို့ ညီအစ်မနှစ်ယောက် သဘောထားကွဲလွဲကြခြင်းဖြစ်သည်။

အစ်မကြီး ဖြစ်သူက တရုတ်အယူအတိုင်း လိပ်ပြာမြှန်ခေါ် ချင်ပြီး ညီမကတော့ ဘုန်းကြီးငါးပါး ပင့်ပြီး သရဏဂုံ တင်ပေးချင် သည်။

ညှိနှိုင်းလို့ မရတဲ့အဆုံးမှာ သူတို့ ဆန္ဒရှိရာ လုပ်ကြတော့ သည်။ ဒေါ်ဝင်းနုက ဘုန်းကြီးပင့်ပြီး သရဏဂုံတင်စေသည်။

အသုဘလည်း ချလို့ပြီးရော ဒေါ်သင်းနုက အဘိုးတင့်၏ ဝိညာဉ်(သို့)လိပ်ပြာကို အဝတ်ဖြူတွေပတ်ထားသည့် ပုံးကလေးနှင့် ပြန်ခေါ်လာသည်။

အဘိုးတင့်ရဲ့လိပ်ပြာ. . ပြန်ပါလာသလား မပါလာသလား တော့ ကျွန်တော်မသိပါ။ကျွန်တော်သိတာတစ်ခုက သေသူရဲ့ဝိညာဉ် က နောင်ဘဝကို လွတ်လွတ်ကျွတ်ကျွတ်သွားရမှာလား၊ ပိတ်နှောင် ခံရလို့ ဟိုမရောက် ဒီမရောက်ဖြစ်ပြီး သောင်တင်နေမလား. .

ကိုးကွယ်တဲ့ဘာသာရဲ့အယူအဆတွေအတိုင်း ကွဲလွဲချက် တွေရှိနေပေမယ့် မကွဲလွဲတဲ့တစ်ချက်က အဘိုးတင့်လည်း DC ရ သွားသည်ဆိုတာပဲ. .

ကျွန်တော်ကိုယ်တိုင် သွားယူပေးခဲ့ရတာ။

ဆောင်းညပြာသိုစာပေ

## လက်မှတ် – ၅၃

အဘိုးတင့်ဟာအတန်းပညာမှာ ဘွဲ့မရခဲ့ပါဘူး။ ဒါပေမယ့် သေတော့မှ လက်မှတ်လေးတစ်ခုရသွားရရှာတယ်။

အဲဒီ သေလက်မှတ်ကမှ အသုံးဝင်တယ်လို့ အဖေပြောခဲ့ တာလည်း မှန်နေတာပဲ။

ကျွန်တော့်အဘိုးလိုချစ်ရတဲ့ ဦးထွန်းတင့်တစ်ယောက် သွား လိုရာဘဝကို လွတ်လပ်စွာသွားနိုင်ပါစေ၊ ကောင်းရာသုဂတိ လားပါ စေလို့ ဆုတောင်းရုံမှတစ်ပါး ကျွန်တော် ဘာများတတ်နိုင်မှာလဲ. .

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

အဖေနှင့် ကျွန်တော် အဆက်အသွယ်ပြတ်နေတာ ကြာပြီ။

ဆယ်တန်း ဆိုတဲ့ခေါင်းစဉ်အောက်မှာ စာကြိုးစားနေရလို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ အဖေ့ကို ကျွန်တော်လျစ်လျူရှုခဲ့မိသည်။

အဖေ ဆိုတဲ့ လူကလည်း ဒေါ်လေးသန်းတို့ဆီ တစ်နှစ်နေလို့မှ တစ်ခေါက် ရောက်မလာတတ်ပါ။ လူတွေနဲ့ ဝေးဝေးနေရတာ အဖေ သဘောကျသည်။ သုသာန်နားက သူ့အိမ်ကလေးမှာပဲ အနေများသည်။ ဇီဇာမကြောင် ပါးစပ်တဖျာကို အလိုမလိုက်တဲ့ အထဲမှာ အဖေ ပါသည်။

ထမင်းပန်းကန်ထဲကို_ရေတွေ ဆမ်းထည့်ပြီး ငါးခြောက်ကြော်နှင့် စားချင်စားလိုက်သည်။ ထမင်းကို ဆီဆား နယ်ပြီး မြေပဲကြော်နှင့်လည်း စားတာပဲ။





သီတင်းကျွတ်ကျောင်းပိတ်ခါနီး တစ်ရက်မှာ အဖေ့သူငယ် ဦးထင် ကျွန်တော့်ဆီ လိုက်လာပါသည်။ သို့သော် ကောင်းသော ခြင်းတော့ မဟုတ်ပါ။

'မှိုင်းရေ. . နှင့်အဖေ ဆုံးပြီ'

'ဗျာ. . အဖေ. . အဖေက. . '

'ဟုတ်တယ်ကွ. . နေတအားပြင်းနေလို့ သူ့ကို ငါတို့ တား သေးတယ်၊ မရဘူး. . ဖွတ်သွားလုပ်တာပဲ၊ အဲဒီဂူ ဒီနေ့ပြီးအောင် ပ်ပေးရမှာတဲ့. . သင်္ချိုင်းအပေါ်မှာ သစ္စာရှိတဲ့အကောင်၊ အင်မ န့်မှတာဝန်ကျေချင်တဲ့အကောင်. . အခု သေတော့လည်း သင်္ချိုင်း မှာ၊ သင်္ချိုင်းမြေပေါ်မှာ လဲပြီး သေတာပဲ မှိုင်းရ. . '

ပြောပြီး ဦးထင်က သူ့အကျီလက်ဖြင့် မျက်ရည်တွေကို တ်သည်။

ကျွန်တော့်မြင်လွှာထဲမှာ. . ကျွန်တော့်အာရုံထဲမှာ အဖေ့ ရုပ်၊ အဖေ့အသံတွေ ပွဲတင်ထပ်နေသည်။ မယုံပါဘူး။ အဖေသေ ဆိုတာ ကျွန်တော်မယုံချင်ပါဘူး. . လောကအလယ်မှာ ကျွန်တော့် တစ်ယောက်တည်း အထီးကျန်စေပြီလား အဖေ. . .

ဦးထင် ကျွန်တော့်နောက်ကို ပြေးလိုက်လာသည်။ အဖေရှိ အရပ်ဆီ ကျွန်တော့်ခြေလှမ်းတွေ လျှင်မြန်စွာ ဦးတည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွေက ပြေးနေကြသည်။ဘာအတွက်ကြောင့် ဒီလောက် မြန်မြန် ပြေးနေရသလဲ ကျွန်တော် မသိပါ။ ဒီခြေထောက်တွေက နောက်လည်း ပြေးလမ်းပေါ်မှာ ဒီလိုပဲ ပြေးရဦးမှာပဲ. . ကျွန်တော် တစ်ယောက်တည်းလေ. .

ကျွန်တော်တို့အိမ်ကလေးမှာ အဖေ့အလောင်းကို ပြင်ထား ကြသည်။ အရပ်က ရေချိုးပေးတယ်ဆိုတာ ဒါမျိုးနဲ့တူသည်။ ကျွန် တော် ရှက်မိပါသည်။ တကယ်တော့ ဒါတွေဟာ ကျွန်တော် အဖေ့ ကိုလုပ်ပေးရမယ့် တာဝန်တွေပါ။

အသက်ရှင်စဉ်မှာ ညစ်ပတ် စုတ်ဖွာစွာ နေတတ်သော အဖေက အခုတော့ သန့်ပြန့်နေသည်။ အဝတ်အစား အသစ်တွေ ဝတ်ပြီး နောက်ဘဝတစ်ခုထဲကို အပြီးထွက်သွားတော့မည့်အဖေ

'မှိုင်း. . ဒါ နင်ဝယ်ပေးတဲ့ ပုဆိုးနဲ့ အကျႌ မဟုတ်လား. . ငါတို့ကို သူ ခဏ ခဏ ထုတ်ကြွားလို့ သူများ ဝတ်ချင်မလားဆိုပြီး ဝတ်ပေးထားတာ'

ဟုတ်ပါသည်။ ဒါ သူ အဖေ့ကို ကိုးတန်း အောင်တုန်းက ဝယ်ပြီး ကန်တော့ထားတာ. . အဲဒီတုန်းက အဖေ သူ့ကို ဆုတွေပေး ပြီး ပြုံးပြုံးကြီးစိုက်ကြည့်နေတာ မှတ်မိသေးသည်။

အခုတော့ အဖေရယ်. . သားဝယ်ပေးတဲ့ အကျႌကို သေ





သွားတာလား။ သူများတကာတွေ အကုန်သိအောင် ဂုဏ်ယူပြီး ထားသတဲ့လား အဖေ. .

စိတ်ချပါနော်. . သားလေ. . အဖေဖြစ်စေချင်တဲ့ လူ့ဘဝ၊ လောကကို နားလည်သိတတ်ပြီး ပထဝီမြေကြီးကို တွေးဖူးပြန်ဆပ် အောင် ကြိုးစားပါ့မယ် အဖေ. . သား ကတိပေးပါတယ်။

လူတွေသေတိုင်း သေတိုင်းမှာ ကျင်းတူးပေး၊ ဂူသွင်းပေးပြီး ဂြိုဟ်ပေးတတ်တဲ့ အဖေ. . အခု အဖေ သေတော့. . .

အဖေ့ကို မြှုပ်နှံဖို့ နောက်ဆုံးအိပ်စက်မယ့်နေရာလေးကို န်တော် ကိုယ်တိုင် ကျင်းတူးပေးနေပါတယ် အဖေ. . .

သုဘရာဇာတစ်ယောက်ရဲ့သားလို့. . လူသိခံရမှာကို တစ် က်လုံး ရှက်ရွံ့ခဲ့လို့၊ သိမ်ငယ်ခဲ့လို့ ဖုံးကွယ်လိမ်ညာခဲ့ဖူးတဲ့ ကျွန် ော်ဟာ အဖေ့အတွက်၊ အဖေ့ကို ဂုဏ်ပြုဖို့အတွက်. . ကိုယ်တိုင် ဘရာဇာလုပ်ခဲ့ပြီ။ ဒါတွေကို အဖေ သိပါစေ. .

နောက်ဆုံးကျေးဇူးဆပ်ခွင့်လေးကို မလွတ်တမ်း ဆုပ်ကိုင် ားချင်ခဲ့သည့် ကျွန်တော်. . အဖေ့မြေပုံရှေ့မှာ အားရအောင် ငို ချလိုက်သည်။

အမေ သေတုန်းက အဖေရှိသေးတယ်ဆိုပြီး အားတိုးစိတ် ခြင်း ဖြေသာခဲ့ပေမယ့်. . အခု အဖေ မရှိတော့ ကျွန်တော့်ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟင်းလင်းပြင်ကြီး ဖြစ်သွားခဲ့ပြီ။ လွင်တီးခေါင်မှာ ခြောက်သွေ့...
ကျွန်တော် ရှင်သန်ရဦးမည်။

အချိန်တွေ ကုန်လို့ကုန်မှန်း မသိလိုက်ပါ။ ဦးထင် လာ...
မှ ကျွန်တော့်လက်ရှိဘဝထဲကို ပြန်ရောက်လာသည်။

ဦးထင်က ပြောသည်။

'လူလေး. . ဒါ လူတိုင်းသွားရမယ့်လမ်းပါကွာ. . တစ်ခု...
မင်းအဖေဟာ ကြောက်သေ သေသွားတာ မဟုတ်ဘူး၊ အဲဒီအတွ...
ဖြေတတ်မယ်ဆိုရင် မင်း ဂုဏ်ယူလို့ရတယ်. . သူက သေခြင်းတ...
ကို ဘယ်တုန်းကမှကြောက်ခဲ့တဲ့ ကောင် မဟုတ်ဘူး. . ၊ သေသွ...
တဲ့လူတွေအပေါ် မှာလည်း အမြဲတမ်း အကြင်နာတရားထားရှိခဲ့တ...
ပဲ၊ သူ့စေတနာက သူ့ကို အကျိုးပေးမှာပါကွာ၊ နေတောင် ဝင်သွ...
ပြီ မှိုင်း. . မင်းအဖေကို နှုတ်ဆက်လိုက်ပါဦး'

အဖေ့ကို သူ ဦးသုံးကြိမ်ချပြီး ကန်တော့သည်။ အဖေလည်...
DC ရသွားပြီပဲ. . တစ်နေ့နေ့မှာ သားလည်း ဒီသေလက်မှတ်လေ...
ယူပြီး အဖေ့နောက်ကို လိုက်ခဲ့ရဦးမှာပါ။

သေရင် ဘာမှပါမသွားဘူးလို့ အဖေ ပြောခဲ့တာ သိပ်မှ...
တာပဲ အဖေ. . တထွာယ့်ကို ဘာမှယူမသွားနိုင်တာပါ။ ဒါပေမယ့်. .
လူတွေ. . လူတွေ ဘာဖြစ်လို့ ရုန်းကန်နေရတာလဲ. . ဘာအတွ...





...သန်နေရတာလဲ။ သူတို့မှာ ကိုယ်ပိုင်ဘဝတွေရှိနေကြတယ်။ အဲဒီ
...ဝန်းချိုကို စုတ်ချက်ပေါင်းများစွာနဲ့ လိုသလို အရောင်ပြောင်းယူ
...ကြတာ။ သူတို့ရေးချယ်တဲ့အထဲမှာ သမိုင်းတွင်မယ့် ဂန္ထဝင်ပန်းချီ
...တွေပါသလို မထင်မရှားနဲ့ ချောင်ထိုးခံရမယ့်ကားချပ်တွေလည်း
...နေဦးမှာပဲ။

ဘဝအတွက်ဆိုရင် 'အသိ'တစ်ခုတော့ ရှိကို ရှိသင့်တယ်။
...ရှင် ဟောတော်မူခဲ့တဲ့ 'သတိ' ဆိုတဲ့ အရာလေးကိုလည်း လူ
...တိုင်း အလေးထားသင့်သည်ပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com



## ပဲ့ကိုင်ရှင် ဖေဖေ

❑ ကျွန်တော့်ဘဝရဲ့အစ
အနီးထုပ်လေးထဲမှာ
အူဝဲ. . လို့ ပြုနေအောင် ငိုတော့
အဖေက လူတကာကို ပြောခဲ့တယ်
ဒီကောင်ကြီးအသံက ဩဇာသံအပြည့်ပဲတဲ့။
မူလတန်းတက်တော့
ကျောင်းမှာ ကောင်လေးတစ်ယောက်ကို
ဆွဲထိုးခဲ့တယ်. .
အဖေက ပြောတယ်
လက်ရုံးအားကိုးတဲ့ မင်း
လူမိုက်ပဲတဲ့. . .
စိတ်လိုလက်ရနဲ့ ရပ်ကွက်ထဲမှာ
ပရဟိတတွေ လိုက်လုပ်တဲ့အခါ
အဖေ ဂုဏ်ယူတယ်
ငါ့သား. . မင်း သိပ်တော်တယ်ဆိုပဲ. .
ကျွန်တော် အခု ဆယ်တန်းကို





ဂုဏ်ထူးတွေနဲ့အောင်တယ် အဖေ. .
အဖေ. . ကျွန်တော့်ကို ဘာပြောဦးမှာလဲ. .
လူမိုက်လား. . လူတော်လား. .
ကျွန်တော် သိနေပါတယ် အဖေ. .
မပြောပါနဲ့တော့. . ❑

❖

မူပိုင်နှင်းဆီကို
Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and
become a fan



www.burmeseclassic.com

www.burmeseclassic.com

မှိုင်းသည် သူနေထိုင်ကြီးပြင်းခဲ့သော ဇာတိမြို့ကလေး
သံယောဇဉ်ကြီးစွာ . . စိတ်မကောင်းစွာ နောက်ဆုံးနှုတ်ဆက်သ
အနေဖြင့် အားရအောင် ကြည့်မိသည်။

လေးဘာသာဂုဏ်ထူးရှင်မှိုင်းက ဆေးတက္ကသိုလ်(၂)တွ
ပညာသင်ကြားခွင့်ရသည့်အတွက် ရန်ကုန်သို့ ထွက်လာခဲ့ခြင်း
သည်။

ကျောင်းတက်ဖို့လိုအပ်တဲ့ငွေကြေးကို ဘယ်သူက ထော
ပံ့သလဲလို့ မေးစရာရှိပါသည်။

မှိုင်းအတွက် လိုအပ်သမျှကို ဖေဖေက စုဆောင်းပေးခဲ့
လူ့အထင်ကြီး မခံရတဲ့ သူဘရာဇာတစ်ယောက်က သူ့သားအတွ





သင်စရိတ် ထားခဲ့ပေးနိုင်တယ်ဆိုရင် လူတွေ ယုံချင်မှ ယုံကြ
သည်။

ဝမ်းသာဝမ်းနည်း စိတ်ခံစားချက်ဖြင့် သူ့စိမ်းတွေအလယ်
ခြချရတော့မည့် မှိုင်း. .

အနာဂတ်မှာ သူ့အတွက် လမ်းကြောင်းတစ်ခုကို ဖြောင့်
စွာ မြင်နေရပြီ။ ဒေါက်တာ'မှိုင်းဝေယင်' ဖြစ်ဖို့ သူ ကြိုးစားရ
။

သချိုင်းမြေပေါ်မှာ အသက်မဲ့နေတဲ့လူတွေကို မြှုပ်နှံပေးခဲ့
သူဘရာဇာတစ်ယောက်ရဲ့သားက ဒေါက်တာ ဖြစ်နိုင်သေးတယ်
ာ ပြယုဂ်တစ်ခုအဖြစ် ထားခဲ့ချင်သည်။

နယ်က လာတဲ့ မှိုင်းက အဆောင်မှာ နေရမည်မို့ နေရေး
တ်က ပူစရာမလိုပါ။

ရှေ့ဆက်ရမယ့် ခြေလှမ်းတိုင်းမှာ စိန်ခေါ်မှုတွေ ပါနေပြီမို့
မ်းအစောင်းခံလို့ မဖြစ်တော့. .

သူ့ဘဝမှာ သူ့ရဲ့ဒဿနတွေကို ပေါ်လွင်အောင် ဖွင့်ဆိုဖို့
တ် အနှောင့်အယှက်တွေကိုကျော်လွှားပြီး ကိုယ်ယုံကြည်ရာတို
င်မြင်အောင် လုပ်ပြဖို့လိုသည်။

အစိုးမရတဲ့ သေခြင်းတရားကို မျက်ဝါးထင်ထင် မြင်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ လူ့ဘဝ ခဏရှင်သန်ခွင့်ရစဉ်မှာ အဓိပ္ပာယ်ရှိသောလုပ်ရပ်တွေ
တို သူ မဖြစ်မနေလုပ်ရတော့မည်။

ဒီကမ္ဘာမြေကြီးကို 'Good Bye' လို့ နှုတ်ဆက်ဖို့ အချိန်
ရောက်လာခဲ့ရင် သူ့ရဲ့ကောင်းသောလုပ်ရပ်တွေ ကျန်ခဲ့ဖို့လိုသည်။

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



မှိုင်းအတွက်တော့ ရန်ကုန်ရောက်ပြီး နောက်ပိုင်း နေ့ရက်များသည် ဆေးကျောင်းရဲ့ များပြားလှစွာသော စာတွေကြားထဲမှာသာ ကုန်ဆုံးရင်း အပြင်လောကနှင့် အဆက်အသွယ်ပြတ်မှန်းမသိ ပြတ်ခဲ့ရသည်။

1st MB, 2nd MB, 3rd MB တစ်နှစ်ပြီး တစ်နှစ် ကျော်လွှားနိုင်ခဲ့ပေမယ့် ငွေရေးကြေးရေးအဆင်မပြေဖြစ်လာသည်။ အမေချန်ထားခဲ့တဲ့ငွေတွေက ကုန်သလောက်ဖြစ်လာပြီမို့ နောက်တစ်နှစ်စာ ကျောင်းစရိတ်အတွက် တွေးပူကာ ရတက်မအေးနိုင်အောင်ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေရှာဖို့အတွက် ကျောင်းပိတ်တုန်းမှာ ကြိုးစားရသည်။ အဆက်ပြတ်နေတာ ကြာပြီဖြစ်သည့် ပြင်ပလောကနှင့် ပြန်ပြီးချိတ်ဆက်မိအောင် လုပ်ရသည်။

မှိုင်း ထိုင်နေကျ 'ကံ့ကော်ရိပ်'ကဖီးမှာ ဘော်ဒါတွေ စုံနေကြပြီ။ ဆိုက်ကားဆရာ ကိုသံချောင်း၊ ကမ်းနားမှာ ကုန်တင်ကုန်ချလုပ်ပေးတဲ့ ကိုသာခေါင်၊ ရုံးစာရေးလေး ကိုမြင့်မောင်၊ ဆယ်တန်းဖြေပြီး အလုပ်အကိုင်မရှိသေးသည့် ၁၀၉၊ ၁၁၀ လေး ရဲရဲ။

မှိုင်းနှင့် သူတို့တွေ ဘယ်လို တွဲမိကြသလဲဆိုတော့ ဒီဆိုင်လေးမှာ လက်ဖက်ရည်သောက်ရင်း တဖြည်းဖြည်း ရင်းနှီးလာခဲ့ကြခြင်းဖြစ်သည်။ Anatomy ကျက်လို့ ခေါင်းစားလာတဲ့အခါ၊ BCလို့ခေါ်တဲ့ Biochemistry ကျက်လို့ ငြီးငွေ့လာတဲ့အခါမျိုးမှာ သူတို့တွေရဲ့ဘဝထဲက ဖြစ်တတ် ပျက်တတ်တဲ့ ဟာသကလေးတွေကို နားထောင်ပြီး စိတ်အမောဖြေခဲ့ရသည်။

'မှိုင်း. . မင်းတို့ ကျောင်းပိတ်ပြီမဟုတ်လား၊ နယ်မပြန်သေးဘူးလားကွ'

ကိုမြင့်မောင်က မေးတော့ မှိုင်း ထိုင်ခုံမှာဝင်ထိုင်ရင်း

'အဆောင်မှာတော့ လူမကျန်တော့ဘူးဗျ၊ ကျွန်တော်လည်း နယ်ပြန်ပြီး ငွေရှာရကောင်းမလား၊ ဒီမှာပဲ တစ်နေရာမှာခဏနေပြီး





အလုပ်ရှာရမလား မသိတော့ပါဘူးဗျာ၊ လက်ထဲမှာတော့ ဒါကပြတ် နေပြီဗျ'

မှိုင်းက လက်မနှင့်လက်ညှိုးကို ဝိုင်းပြရင်း ပြောသည်။

'နယ်ပြန်ရင်လည်း အသွားအပြန်စရိတ်က ရှိသေးတယ်ကွ၊ ...င်းပဲ ပြောတယ်မဟုတ်လား၊ ဖောင်ဖျက်ပြီး တက်လာခဲ့တာဆို'

'ကျွန်တော်လည်း မပြန်ချင်ပါဘူးဗျာ၊ ဒီမှာပဲ အလုပ်တစ်ခု ...သောက်ရအောင် ရှာပေးကြစမ်းပါ'

အဲဒီမှာ ရဲရဲက အကြံတစ်ချက်ရသွားပုံဖြင့် အားတက်သရော ဝင်ပြောတော့သည်။

'ကိုမှိုင်း study guide လုပ်ပါလားဗျ၊ ကျွန်တော့်သူငယ်...ချင်းရဲ့ညီမလေးက ဒီနှစ် ဆယ်တန်းတက်မှာဆိုတော့ study guide ...ိုနေတယ် ပြောဖူးလို့၊ ကိုမှိုင်းလို ဆေးကျောင်းသားဆိုရင် သူတို့ ...သဘောကျမှာပါ။ ဘယ်လိုလဲ. . လုပ်မလား၊ ကျွန်တော် ပြောပေး...ယ်လေ'

ကိုမြင့်မောင်က

'အဲဒီအလုပ်တော့ လက်လွှတ်မခံနဲ့ မှိုင်းရေ ကုသိုလ်လည်း ...ဝမ်းလည်းဝတဲ့ အလုပ်ကွ၊ မင်း ကျောင်းစရိတ်တော့ ရနိုင်တောင်း...ပါတယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းသည် တွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ

'ကျွန်တော် လုပ်မယ်ဗျာ၊ အဲဒီကောင်မလေးကို ကျွန်တော့်လို ဆေးကျောင်းရောက်တဲ့အထိ သင်ပေးမယ်'

'ဒါဆို ကျွန်တော် ဒီနေ့ပဲ သွားပြောလိုက်တော့မယ်လေ'

ရဲရဲနှင့် သူ လက်ဝါးချင်း ရိုက်လိုက်ကြသည်။

တစ်ချိန်လုံး ဘာမှ မပြောဘဲ မှိုင်နေသော ကိုသံချောင်းက. . .

'မှိုင်း. . မနက်ဖြန်မနက် ငါနဲ့နာရီလောက် ငါနဲ့ခဏလိုက်ခဲ့ပေးပါလား'

'အစောကြီးလား. . ဘယ်သွားမလို့လဲ ကိုသံချောင်းရ'

'. . . . . အထူးကုဆေးခန်း'

မှိုင်းက လိုက်မည်ဟု ကတိပေးလိုက်သည်။

ကိုသံချောင်းမိန်းမ ဆေးရုံတင်ထားရတာ သူသိထားသည်။

သို့သော် ကိုသံချောင်းရဲ့ဝင်ငွေနှင့် သူ့မိန်းမကို ဒီလို အထူးကုဆေးခန်းမျိုးမှာ ထားနိုင် မထားနိုင် ဆိုတာတော့ သူ မသိချင်သလို မေးလည်း မမေးရက်တော့ပါ။

ကလေး သုံးယောက်နှင့် ကိုသံချောင်းခမျာ တော်တော်ကသီလင်တနိုင်နေတာ သနားစရာကောင်းပေမယ့် သူ့ကို ကူညီဖေး





ဖို့ နေနေသာသာ၊ ကိုယ့်ဝမ်းတောင် ကိုယ် အနိုင်နိုင်ကျောင်းနေရသည်။

'ကိုသံချောင်း. . ကျွန်တော် ကားဂိတ်တိုဲလာခဲ့လိုက်မယ်လေ. . လေးနာရီခွဲနော်၊ ကဲ. . အားလုံးပဲ သွားပြီဗျာ. . ရဲရဲ. . မင်းသေချာရင် ငါ့အဆောင်မှာ လာပြောနော်'

'ဟုတ်ကဲ့'

မှိုင်းသည် လူသိပ်မရှိတော့သော အဆောင်ဆီသို့ ပျင်းရိလေးတွဲ့စွာ လျှောက်လှမ်းလာမိသည်။

ဒီလိုထိုင်ပြီး ပျင်းနေရမယ့် ဘဝမျိုးကို သူ မလိုလားပါ။

နယ်မှာလို ရပ်ကွက်ထဲမှာ တက်တက်ကြွကြွလုပ်အားပေးရတဲ့ ဘဝလေးကို လွမ်းမိပါသည်။

ကိုယ်နှင့်မရင်းတဲ့ သူစိမ်းတွေအလယ်မှာ တစ်ခါတလေကျတော့လည်း ကြောင်တောင်တောင်တော့ နိုင်သား။

မြို့ထဲထွက်ပြီး ဈေးဝယ်ထွက်ရအောင်ကလည်း လက်ထဲမှာ ငွေပိုငွေလျှံက မရှိပြန်။

ငွေကို လောဘတကြီးမရှာဖို့ အဖေက ပြောခဲ့ပေမယ့် လူ့ဘဝရပ်တည်ဖို့အတွက်ဆိုရင် ထိုက်သင့်တဲ့အတိုင်းအတာတစ်ခုထိတော့ ငွေက ရှိနေဖို့လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက သူ့ရဲ့ခံယူချက်။

မှားချင် မှားမည်။ မှန်ချင် မှန်မည်။

လူတစ်ယောက်နှင့်တစ်ယောက် အယူအဆချင်းတော့ တူ ချင်မှ တူမည်။

ကိုယ်ယုံကြည်ရာလမ်းကြောင်းကို အတိမ်းအစောင်းမခံ ဖွဲ့ရှိစွာ လျှောက်လှမ်းနေသော လူတိုင်းကို သူက Bravo ဟု ပြော လိုက်ချင်သည်။

❖



မနက် ငါးနာရီပဲ ရှိသေးတာမို့ ဆေးခန်းမှာ လူတွေ ရှင်းနေ သည်။မှိုင်းထင်တာက ခတ်လေ့ခါးစီးပြီး အပေါ် ထပ်တက်ရမည်ဟု ထင်ထားမိပေမယ့် တကယ်တမ်းကျတော့ အောက်ထပ်က ကားပါကင် နေရာမှာ လူလေးငါးယောက် ထိုင်စောင့်နေတာတွေလိုက်ရသည်။ မှိုင်း ထည်း သိချင်စိတ်က ပြင်းပြလာတာမို့ မနေနိုင်ဘဲ ကောက်ခါငင်ခါ မေးမိသည်။

'ကိုသံချောင်း. . သူတို့က အစောကြီး ဒီမှာ ဘာလာလုပ် တာလဲ'

ကြည့်ရတာ လူနာစောင့်လည်း ဟုတ်ပုံမရပါဘူး။

ကိုသံချောင်းက

'သူတို့လည်း ငါ့လို ဘဝသမားတွေပေါ့ကွာ. . ဒီလောကမှာ



www.burmeseclassic.com

www.burmeseclassic.com



အခတ်ဆုံးတ မင်းတို့ဆေးကျောင်းက စာတွေ မဟုတ်ဘူး မှိုင်း
မင်း မှတ်ထား. . ဝမ်းရေးကွ. . ဝမ်းရေး၊ သူ တောင်းဆိုလာလို့ရှိရင်
ဘယ် သူမှ တောင့်ပြီး မခံနိုင်ဘူး၊ အခု မင်းတွေ့နေတဲ့လူတွေက
သူတို့ခန္ဓာ ကိုယ်ထဲက သွေးကို ဖောက်ပြီး ရောင်းဖို့အတွက်
စောင့်နေကြတာ၊ ငါအပါအဝင်ပေါ့လေ. .'

'ဗျာ. . .'

မှိုင်း အံ့သြလွန်း၍ ဗျာတစ်လုံးသာ ထွက်လိုက်နိုင်သည်။
လောကမှာ ဒီလိုအဖြစ်မျိုးတွေလည်း ရှိတတ်တယ်ဆိုတာ မျက်ဝါး
ထင်ထင် မြင်ခွင့်ရလိုက်သည်။ သွေးလှူတဲ့လူတွေကို မြင်ရ ကြား
တိုင်း သာဓုအကြိမ်ကြိမ်ခေါ်မိတဲ့ မှိုင်း. . အခုလိုမျိုး ခန္ဓာကိုယ်ထဲက
သွေးသားကို ဖောက်ပြီး ရောင်းစားတဲ့အပေါ်မှာ စိတ်ထဲမှာ တစ်မျိုး
တစ်မည်ကြီးခံစားလိုက်ရသည်။ ကိုသံချောင်းတို့ကို သနားလို့လား
စာနာမိလို့ပဲလား မပြောတတ်ပါ။

'မင်း အံ့သြနေသလား မှိုင်း၊ သွေးလာရောင်းတဲ့သူတွေက
ရည်ရွယ်ချက်မျိုးစုံနဲ့ပေါ့၊ တချို့ဆို သွေးမစစ်နိုင်ကြဘူးလေ၊ သောင်
ချိုပြီးကုန်မှာကိုး. . ဒီမှာက သွေးဝယ်မယ်ဆိုရင် သွေး အလကားစစ်
ပေးတယ်လေ၊ သွေးစစ်လို့ အဆင်ပြေရင် တစ်ပုလင်းကို ငါးထောင်
လောက်ရတော့ တွက်ချေကိုက်တာပေါ့ကွာ. . မင်းသိတဲ့အတိုင်း





နှိမ်းမကအခု ဆေးရုံပေါ်မှာ၊ ကလေးတွေက များတော့ ဆိုက်ကား
နင်းတာတစ်ခုတည်းနဲ့ အဆင်မပြေဘူးကွ'

အဆင်မပြေလို့ ကိုယ့်ရဲ့သွေးသားကို ရောင်းစားနေကြတာ
သူတို့သာ အဆင်ပြေရင် သွေးတွေကို အလကားပေးမှာပဲလို့
တွေးမိသည်။ ထိုနေ့က တစ်ခါမှမကြုံဖူးသည့် အတွေ့အကြုံ
တစ်ခုကို သူ ရလိုက်သည်။

'ဒီထက်ထူးတာတစ်ခု ပြောပြဦးမယ် ဆေးကျောင်းသားရေ
တောင်မှာနေတဲ့ ငှါသူငယ်ချင်းညီတစ်ယောက်ဆို ကျောက်တပ်
ရောင်းဖို့ အိန္ဒိယတောင် ပါသွားပြီ. . အဲဒီကောင်တော့ ထောပြီကွ၊
ငွေရချိုပြီး ရသွားတယ်လို့ကြားတယ်၊ သူ့ကျောက်ကပ်ကို ဝယ်မယ့်
သူက ကျောက်တွင်းသူဌေးတဲ့. . ငါလည်း အဲဒီလိုခွင့်မျိုးမိလိုက်ချင်
တယ်ကွာ. . တစ်ချီတည်းနဲ့ ဘဝပြောင်းသွားတာပေါ့'

သူတို့ဟာ ဘယ်လိုအတွေးအခေါ် ဘယ်လိုအယူအဆတွေ
နဲ့ လျှောက်လှမ်းနေမှန်း မသိပေမယ့် မှိုင်း ရိပ်မိလိုက်တာတစ်ခုက
သူတို့ရဲ့ခံယူချက်တွေ မှားနေပြီ။ ကိုယ့်ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းကို
လှူတာဟာ အင်မတန်မှမွန်မြတ်လှသည်။ အခုဟာက ပေးလှူ
တာမှမဟုတ်ဘဲ. . ရောင်းစားနေကြတာ။ အကျိုးတစ်ခုခုအတွက်
ငဲ့ကိုးပြီး လဲလှယ်နေကြတာ. .



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာလည်း ကိုသံချောင်းပြောသလို ဝမ်းရေးက တော

ဆိုလို့ပဲလား။

ဒီလူတွေအားလုံး ပိုက်ဆံ ရှိနေရင် ဘယ်လောက်ကော

မလဲ။ ဒါဆို သူတို့ရဲ့သွေးတွေကို အလကားလှူကြမည် ထင်သ

ခန္ဓာကိုယ်အစိတ်အပိုင်းတွေကိုလည်း ရက်ရောစွာလှူကြလိမ့်မ

ထိုနေ့က မှိုင်း ဒါနတစ်ခုပြုလိုက်နိုင်သည်။ အဲဒါကတေ

သွေးဖောက်ရောင်းခဲ့တဲ့ ကိုသံချောင်းကို ကြက်ဥနှစ်လုံးနှင့်နွားနို့

ခွက် ဝယ်ပြီးတိုက်ခြင်း ဖြစ်သည်။

❖



မှိုင်း စာပြပေးရသော ကောင်မလေးနာမည်က ချိုချိုထွေး

လို့ခေါ်သည်။ သွက်လက်ချက်ချာပြီး သင်ယူလိုစိတ်၊ နာခံလိုစိတ်ရှိ

သောတပည့်မျိုးမို့ စိတ်ချမ်းသာရသည်။

မိန်းကလေးတို့သဘာဝ ဆရာ ဆိုပေမယ့်. . အသက်ချင်း

က သိပ်မကွာလှတာမို့ ရင်းနှီးလာတာနှင့်အမျှ မှိုင်းကို အစ်ကိုတစ်

ယောက်လို ပြောရဲဆိုရဲရှိလာသည်။

ချိုချိုပြောသမျှစကားထဲမှာ ‘တေးသံ’ဆိုတဲ့ ကောင်မလေး

နာမည်က ရှေ့ဆုံးမှမပါမဖြစ် ပါနေကျမို့ ထိုနာမည်လေးကို သူရင်း

နှီးနေပြီဖြစ်သည်။

‘ဆရာ. . တေးသံကလေ စာအရမ်းလိုချင်တာ သိလား. .



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲမှာဆိုရင် သူချည်း နံပါတ်တစ် ရတာ၊ ဒါပေမယ့် သူတို့က ဆင်းရဲတယ် ဆရာ၊ သမီးတို့လို study guide မငှားနိုင်ဘူး. . သမီးမေမေကဆို တေးသံလို သမီးမျိုးပဲ လိုချင်တယ်တဲ့. . သမီးက ဉာဏ်မှမကောင်းတာ'

'ဘာဆိုင်လဲ ချိုချိုလည်း လူပဲ၊ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပဲ မဟုတ်လား'

'ဒါတော့ ဒါပေါ့ ဆရာရယ်၊ တေးသံက တော်ကို တော်တာပါ။ သမီးရဲ့အချစ်ဆုံးသူငယ်ချင်းလေ'

'မပြောလည်း သိပါတယ်ကွာ. . တကတဲ စကားပြော ရင် တေးသံ မပါလို့ မဖြစ်ဘူး'

ချိုချိုက မျက်နှာလေး တည်သွားပြီး

'သမီးက သူ့ကို သနားလို့ပါ ဆရာ. . သမီးမှာက အစ်ကို ရှိသေးတယ်လေ၊ တေးသံရဲ့ကိုကိုက ဦးနှောက်ကင်ဆာနဲ့ဆုံးသွားပြီ မိုးတွေရွာတိုင်း သူငိုတယ် ဆရာ၊ ခုချိန်ထိ ငိုနေတုန်းပဲ၊ သူတို့မောင်နှမက သိပ်ချစ်ကြတာ၊ သမီးလည်း တေးသံ ငိုရင် ငိုချင်လာရော'

ချိုချို့ဆီက တစ်ဆင့် တေးသံရဲ့အကြောင်းတွေ ကြားရဖန်များလာသောအခါ ထိုကောင်မလေးကို လူမမြင်ဖူးပေမယ့် သူ့စိတ်ထဲမှာ သနားကရုဏာသက်မိသည်။





မိုးတွေရွာရင်ငိုတယ်တဲ့လား တေးသံရယ်. . မင်းရဲ့အစ်ကိုကို ခုချိန်ထိ သတိရနေတုန်းပဲလားကွယ်. .

အပြင်မှာ မိုးတွေ ညိုနေသည်။ ဘာကြောင့်လဲလို့ အတိအကျမပြောတတ်ပေမယ့် မိုးစုတွေရွာချလိုက်မှာ သူစိုးရိမ်နေသည်။ တေးသံ ငိုမှာကို သူကြောက်နေတာပါလား။

'နောက်ပြီးတော့လေ. . သူ့ထမင်းဘူးထဲမှာ ဘဲဥဆိုလည်း တစ်ခြမ်းပဲ ပါတယ်. . သူ့အမေက တစ်လုံးထည့်ပေးလိုက်ရင် သူက တစ်ခြမ်းဖဲ့ပြီး သူ့အစ်ကိုရဲ့ဓာတ်ပုံရှေ့မှာ သွားထားပြီး ကျွေးတာ. . အစွဲအလမ်းကလည်း သိပ်ကြီးတာပဲ'

'ကဲ. . အမိ ဆရာ ပြန်မယ်. . home work ပေးထားတာ သေချာလုပ်ထားမယ်နော်၊ ဟုတ်ပြီလား'

မှိုင်းက ချိုချို့ကိုနှုတ်ဆက်ပြီး အဆောင်ပြန်ဖို့ ထွက်လာခဲ့သည်။ ထိုအချိန်တွင် မိုးက ဖွဲကနဲရွာချလိုက်သည်။ မိုးရေါ်လေပါ သဲသဲမဲမဲဖြစ်လာသောအခါ သူ့စိတ်ထဲမှာ တေးသံကို ပြေးပြီး သတိရလာသည်။

ကောင်မလေး ငိုများငိုနေပြီလား. . အားငယ်တတ်လွန်းတဲ့ ကောင်မလေးကို သူစိုးရိမ်နေမိသည်။

ထူးတော့ ထူးဆန်းနေပါသည်။ လူတောင်မှ မမြင်ဖူးသေး. .



www.burmeseclassic.com

www.burmeseclassic.com



မည်းသလား. . မမြင်ဖူးသေးခင်မှာ တေးသံဆိုတဲ့မိန်းကလေးကို သူ့ စိတ်ထဲမှာ သိပ်ကိုရင်းနှီးနေသည်။

ဖြစ်နိုင်မယ်ဆိုရင်. . လစ်ဟာနေတဲ့ သူမရဲ့အစ်ကိုနေရာမှာ အစားဝင်ပြီး စောင့်ရှောက်ပေးချင်လာသည်။ ကာကွယ်ပေးချင်သည်။ တေးသံရဲ့အဖေဟာ သူ့သားဆုံးပြီးကတည်းက သိပ်ပြီး normal မဟုတ်တော့ဘူးလို့ ချိုချိုက ပြောပြသည်။

အဆောင်ပြန်ရောက်တဲ့အထိ သူ့ရဲ့အတွေးတွေထဲမှာ. . တေးသံက လွှမ်းမိုးနေသည်။ ဘဝရေစက်ဆိုတာ ဒီလိုမျိုးပဲလား. .

❖



တစ်နေ့ သူတို့အဆောင်သို့ ရဲရဲရောက်လာပြီး

'ကိုမှိုင်းရေ. . ကျွန်တော်နဲ့ ကမ်းနား ခဏလိုက်ခဲ့စမ်းပါ၊  သာခေါင့်အမေကြီး ဆုံးသွားလို့ သူ့ကို သွားခေါ်မလို့ အလောင်း  သယ်မှဆိုရင် မမီလိုက်မှာစိုးလို့'

'မင်းတို့ ဒီစီရော သွားထုတ်ပြီးပြီလား'

'ဘာလဲဗျ. . ဒီစီ ဆိုတာ. . '

'ဟာ. . သေဆုံးကြောင်းအတည်ပြုပေးတဲ့ လက်မှတ်လေ'

'မသိဘူးဗျ'

'ကိုသာခေါင်မှမရှိတာ၊ နေဦး ငါသွားထုတ်ပေးလိုက်ဦးမယ်၊   လာ မင်းပါလိုက်ခဲ့၊ ပြီးမှ ကိုသာခေါင်ကို သွားခေါ်ကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မှိုင်းသည် ရဲရဲကိုခေါ်ကာ ဆရာဝန်လက်မှတ်
ပြီး ရပ်ကွက်ရုံးသို့ပြေး၊ ထိုမှတစ်ဆင့်ဒေသန္တရဆေးခန်းသို့ပြေးက
ဒီစီ ထုတ်ပြီးနောက် တက္ကဆီငှားပြီး ကိုသာခေါင် ကုန်ထမ်းနေသေ
ကမ်းနားသို့ လိုက်ရပြန်သည်။

မှိုင်းက ဆရာဝန်လောင်းပီပီ ရဲရဲအား သတိပေးလာရင်

'ရုတ်တရက်ကြီး သွားမပြောနဲ့ဦးနော်. . သူတို့က နေပူပြ
ထဲမှာ အလုပ်လုပ်နေရတာ shock ရသွားမှာစိုးလို့ကွ၊ အခြေအနေ
ကြည့်ပြီး အေးအေးဆေးဆေးမှပြောကြတာပေါ့'

ကမ်းနားမှာ ကားရပ်ပြီးနောက် မှိုင်းက ကားခရှင်းပေး
ကိုသာခေါင်ကို လိုက်ရှာသည်။

ဟိုဟိုဒီဒီလိုက်ရှာပြီး မတွေ့သည့်အဆုံး ရေသန့်ဘူးကဗေ
တွေထဲမှာ ပျစ်ခဲနေသော ဖြူဖြူအရည်တွေထည့်ပြီး ရောင်းနေသ
ကောင်မလေးတစ်ယောက်ကို သူသွားမေးကြည့်သည်။

'ညီမလေး. . ဒီနားမှာ ကုန်ထမ်းတဲ့ ကိုသာခေါင်ကို တွေ
မိသေးလား'

ကောင်မလေးက မဆိုင်းမတွပင်

'သြော်. . ဦးသာခေါင်ကြီးလား. . ခုနကတင် သမီးဆီ
ထမင်းရည်တစ်ဘူး လာဝယ်သောက်သွားသေးတယ်'





'ဘာရယ်. . ထမင်းရည် ဟုတ်လား. . ဒါဖြင့် ဒီဘူးတွေက
ထမင်းရည်တွေပေါ့'

'ဟုတ်တယ်လေ. . . အလုပ်သမားတွေက နေ့တိုင်း ဒါပဲ
သောက်နေကြတာ၊ တစ်ဘူးမှငါးဆယ်ပဲ၊ အစ်ကိုရော သောက်ကြည့်
ပါဦးလား'

တစ်ဘူး ငါးဆယ်တန်အားဆေးတွေမှီဝဲပြီး ခြစ်ခြစ်တောက်
ပူနေတဲ့ နေရောင်အောက်မှာ ယန္တရားဆန်ဆန် အလုပ်လုပ်နေရပါ
လား ကိုသာခေါင်ရယ်. .

မှိုင်း ရင်ထဲတွင် နင့်သွားသည်။

ကာယကို အားပြုပြီး သမုဒ္ဒရာ ဝမ်းတစ်ထွာရှာစားနေရသူ
တွေ ဒီကမ္ဘာကြီးမှာ ဘယ်လောက်တောင် များနေပြီလဲ. .

'ဟေး. . မှိုင်း'

ဟိုးအဝေးကနေ သူ့ကိုမြင်ပြီး အော်ခေါ်နေသော ကိုသာ
ခေါင်. . ပိန်လွန်းသဖြင့် နံရိုးတွေတောင် အတိုင်းသားမြင်နေရသော
ကိုသာခေါင်။ အဲဒီဗလကလေးနဲ့ ကုန်တွေထမ်းပြီး ဝမ်းစာရှာနေရ
သည်။ မိခင်ကို လုပ်ကျွေးတဲ့ သားလိမ္မာကလေးပါပဲ။ ခုတော့ သူ့မှာ
ကျွေးမွေးဆပ်ဖို့ အမေမရှိတော့ဘူး။

ကိုသာခေါင်က သူတို့ဆီ ပြေးလာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'တာ ရဲရဲလည်း ပါသကိုး၊ မင်းတို့တွေ ဒီဘက် ဘာလာလုပ်ကြတာလဲ'

'ဘာရယ် မဟုတ်ပါဘူး၊ ဒီဘက်လာရင်းနဲ့ အပြန်လမ်းကြုံနေလို့ ကိုသာခေါင်ကိုဝင်ခေါ်တာ တစ်ခါတည်းလိုက်ခဲ့လေ အတူတူပြန်ရအောင်'

'ကားတစ်စီးတော့ လာဦးမယ် ရတယ်လေ ငါ မထမ်းတော့ဘူး. . မင်းတို့နဲ့ တစ်ခါတည်းပြန်လိုက်ခဲ့မယ်'

သူတို့သုံးယောက် လမ်းလျှောက်လာပြီး မှိုင်းက မပြောမဆို တက္ကစီတစ်စီးကို လှမ်းပြီး တားလိုက်သည်။ အဲဒီမှာ ကိုသာခေါင်က ဝင်တားသည်။

'ဟာ. . မှိုင်း ဈေးကြီးက ကြီးနဲ့ကွာ လာပါကွာ လိုင်းကားပဲစီးရအောင်'

'ကျွန်တော် အမြန်လိုနေလို့ပါဗျာ၊ ကားခ ကျွန်တော်ပေးပါ့မယ်'

မှိုင်းက ပြောပြောဆိုဆိုနှင့်ကားပေါ်ပြေးတက်တော့ ကိုသာခေါင်နှင့်ရဲရဲလည်း လိုက်တက်လာသည်။

ကိုသာခေါင်ကတော့ သူ့အမေ ဆုံးတာ မသိဘဲ၊ လမ်းမှာ ရယ်စရာပြောလိုပြော သူတစ်ယောက်တည်းပြောပြီး သူတစ်ယောက်





ည်း ဒိုင်ခံရယ်နေသည်။မှိုင်းနှင့်ရဲရဲကတော့ ကိုသာခေါင်ကို ဘယ်နေ စ,ပြောရမှန်းမသိသဖြင့် တစ်ယောက်တိုတစ်ယောက် မျက်စ ်နေကြသည်။

မှိုင်းက အကြီးဆိုတော့ ချောင်းတစ်ချက်ဟန့်ပြီး

'ကိုသာခေါင်. . စိတ်အေးအေးထားနော် ခင်ဗျားအမေ ဆုံးပြီ'

'ဘာ. . အမေဆုံးပြီ. . ဟုတ်လား၊ မဖြစ်နိုင်တာကွာ မနက်န်းက ငါတွေ့ခဲ့တာ အကောင်းကြီးပါ. . . ငါ့ကို အမေက ထမင်းဆောင် ကြော်ကျွေးလိုက်သေးတယ်၊ ဟာ. . မဖြစ်နိုင်ဘူးကွ'

ကိုသာခေါင်က သူ့အမေဆုံးတာ ဘယ်လိုမှ လက်သင့်မခံနိုင်ဘဲ အကြောက်အကန်ငြင်းဆန်နေသည်။

'လက်ခံလိုက်ပါတော့ဗျာ၊ လူတိုင်းသွားရမယ့် လမ်းပါပဲ'

မှိုင်းက ကိုသာခေါင်ပခုံးကို ပုတ်ပြီး နှစ်သိမ့်မိသည်။ ကိုသာခေါင်ရဲ့ မျက်လုံးအိမ်ထဲမှာ ဝဲလာတဲ့ မျက်ရည်တွေကို မှိုင်း မကြည့်ရက်တော့ပါ။

အဖေ ဆုံးတုန်းက သူ ခံစားခဲ့ရပြီးပြီ။ ထိုခံစားချက်မျိုးကို ခံစားရသူတိုင်း ခံစားဖူးသူတိုင်း စာနာနားလည်ပါလိမ့်မည်။

'ငါ့မှာ ငါ့မှာ ဒီအမေပဲ ရှိတာလေကွာ၊ ငါ့ဘဝမှာ ငွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ခရှိဘူး ရွှေလည်းမရှိဘူး၊ ဘာဆိုဘာမှ မရှိတာပါကွာ အခ
ခရှိတော့ ငါ ဘယ်လိုအသက်ရှင်ရမှာလဲ'

ဒီလိုပါပဲ ကိုသာခေါင်.. လောကဓမ္မတာအရ မွေးဖွားခြ
နဲ့ သေဆုံးခြင်းဟာ အရှေ့နဲ့အနောက်လို ကွာခြားပေမယ့် မွေးလ
တာဟာ သေဖို့ပဲ မဟုတ်လား.. အလာတုန်းကလည်း တစ်ယော
တည်းပဲ၊ ပြန်သွားတဲ့အခါမှာလည်း တစ်ယောက်တည်းပဲ သွားရ
မှာပါ.. ခံနိုင်ရည်ရှိအောင်သာ ကြိုးစားပါတော့ဗျာ...

❖



မှိုင်းသည် ချိုချို တွက်ထားသော ပစ္စည်းများကို အမှတ်ခြစ်
နေရင်းမှ ချိုချိုတစ်ယောက် ဂနာမငြိမ်ဖြစ်နေတာ သတိထားမိ
သည်။

ထိုင်လိုက် ထလိုက်၊ တော်ကြာနေ စာအုပ်တို့ ကိုင်လိုက်
ချလိုက်နှင့်..

'ချိုချို ဘာတွေ ဖြစ်နေတာလဲ'

'ဆရာ.. တေးသံလေ ကျောင်းလာမတက်တာ သုံး လေး
ရက် ရှိနေပြီ.. သူက စာသိပ်လိုတာ၊ တော်ရဲ့ နေမကောင်းဖြစ်ရင်
အောင် ရအောင် လာတက်တာ.. ခုပုံအတိုင်းဆို ဘာများဖြစ်နေသ
လဲ မသိဘူး.. သမီး စိတ်ပူနေတာ သူ့အိမ်ကိုလိုက်သွားမလို့ ဆရာ
လိုက်ခဲ့ပေးပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ချိုချို့ကိုကို ကို ခေါ်သွားပါလား'

'ကိုကို မရှိဘူးဆရာ၊ သန်လျင်က အဘွားတွေအိမ်မှာ သွား အိပ်တယ်'

ချိုချိုခေါ်ကတည်းက သူက လိုက်ချင်နေပြီ။ တေးသံဆို တောင်မလေးကို အပြင်မှာ တစ်ခါလောက်တော့ တွေ့ဖူးချင်သေ သည်။

'နော် ဆရာ လိုက်ခဲ့ပါနော်၊ တေးသံက သနားစရာကော ပါတယ်၊ ဆရာ့ကို တွေ့ရင် အစ်ကိုတစ်ယောက်လို ခင်ရှာမှာ၊ သ က ကြွားထားတယ် သိလား. . ဆရာက စာအသင်အပြ သိပ်တေ တာပဲလို့၊ အမှန်က သမီးကို မသင်ဘဲ တေးသံကို သင်ပေးလိုက် ဆရာ့လိုပဲ ဆေးကျောင်းကိုတန်းရောက်မှာ သမီးသိတယ်'

ချိုချိုကပဲ စည်းရုံးရေးကောင်းသလား သူ့စိတ်ထဲမှာကို တေးသံရောက်နေသလား မဆိုနိုင်ပါ။ ပညာဖါရမီတော့ ဖြည့်ပေး မိသည်။

'ချိုချို မင်းသူငယ်ချင်းကို ဆရာက ပိုက်ဆံမယူဘဲ သင် မယ်ဆိုရင်ရော'

'တကယ်နော် ဆရာ. . တကယ်ပြောတာနော်၊ တေးသံ သိရင် အိပ်မက်မက်နေတယ်လို့ ထင်မှာပဲ၊ သူကလေ ဒီတစ်သ





တော့ သူ Study Guide နဲ့ သင်ရမှာ မဟုတ်တော့ဘူးလို့ ပြောဖူး တယ်၊ ဝမ်းသာလိုက်တာ ဆရာရယ်'

မှိုင်းက ကျေနပ်စွာပြုံးလိုက်မိသည်။

ချိုချိုလို့ ခေါ်တဲ့ တပည့်မလေးဟာ ဉာဏ်သိပ်အကောင်း ကြီး မဟုတ်ပေမယ့် အရိုးခံစိတ်ကလေးက ဖြူစင်လွန်းသည်။ သက် တူ ရွယ်တူချင်း မနာလို မစ္စရိယစိတ်လည်း မရှိသလို Teenager (ဆယ်ကျော်သက်)မှာ ဖြစ်တတ်တဲ့ စိတ်ကစားတာမျိုးလည်း မရှိပါ။ သူ့စိတ်က ပကတိအဖြူရောင်ပင်. . .

❖



www.burmeseclassic.com

www.burmeseclassic.com

သူတို့စာသင်ပြီးချိန်သည် ညနေ ငါးနာရီကျော်နေပြီ။

အပြင်မှာ အလင်းမပျောက်သေးပေမယ့် ထုံးစံအတိုင်း မိုး က ညိုနေသည်။ ချိုချိုနှင့်သူသည် တေးသံတို့အိမ်ရောက်ဖို့ နှစ်မှတ် တိုင်လောက် ကားစီးပြီး ကားမှတ်တိုင်မှ လမ်းသွယ်လေးထဲသို့ တော် တော် လမ်းလျှောက်ရသေးသည်။

ခြံဝိုင်းကလေးတစ်ခုရှေ့ ရောက်တော့ ချိုချိုက ပြေးသွားပြီး တေးသံနာမည်ကို တကြော်ကြော်အော်ခေါ်နေသည်။ ခြံဝိုင်းလေးက ပေ ၃၀×၅၀ လောက် ရှိလိမ့်မည်။ တေးသံတို့အိမ်က မကျယ်ပါ။ သို့သော် သူတို့မိသားစုသုံးယောက်နေဖို့ဆိုတော့ အတော်ပင် ဖြစ် ပါလိမ့်မည်။

ခြံထဲမှာတော့ သစ်ပင်လေးတွေ အများသား။ ကြည့်လိုက်





အနှင့်တင် သူတို့အိမ်လေးက အေးချမ်းတိတ်ဆိတ်ပြီး ဆွဲဆောင် မှု ရှိနေပါသည်။ သိပ်မကြာပါ။ အဒေါ်ကြီးတစ်ယောက် ထွက်လာပါ သည်။ သူ့အသက်အရွယ်နှင့်သူ ကျက်သရေရှိသောဥပမိရုပ်ရှိသည်။

'ဩော်. . သမီး ချိုချိုပါလား'

'ဟုတ်တယ် အန်တီ၊ တေးသံ ကျောင်းမလာလို့ သမီးစိတ်ပူ ပြီး လိုက်လာတာ'

'အေးကွယ်. . သမီးသူငယ်ချင်းက တိုက်ဖွိုက်ဖြစ်ပြီး ဖျား နေလို့ နေ့တိုင်း ကျောင်းသွားမယ်ချည်းလုပ်နေလို့ မနည်းတားထား ရတယ်လေ၊ သမီးလာတာ သိရင် သူပျော်သွားမှာ လာ လာ လာကြ'

အဒေါ်ကြီးက တံခါးဖွင့်ပေးရင်း ဖော်ရွေစွာ ဖိတ်ခေါ်နေ သည်။

'အန်တီ. . ဒါ သမီးရဲ့ Study Guide ပါ၊ ကိုမှိုင်းဝေဟင် ထဲ'

'တွေ့ရတာ ဝမ်းသာပါတယ် သားရယ်. . နောင်လည်း ဒီ ဘက်ရောက်ရင် ဝင်ပါ ထွက်ပါနော်'

'ဟုတ်ကဲ့ပါ အန်တီ. . ကျွန်တော့်ကို ခိုင်းစရာရှိရင်လည်း အချိန်မရွေး ခေါ်လိုက်ပါနော်၊ ကျွန်တော့်အဆောင်ဖုန်းနံပါတ် ပေး ထားခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းနှင့် တေးသံတို့မေမေ လေပေးဖြောင့်နေတုန်း ချိုချို တေးသံရဲ့အခန်းလေးထဲ ပြေးဝင်သွားသည်။

'သူငယ်ချင်း နေမကောင်းဘူးဆို၊ ကြည့်စမ်း ပိန်သွားလိုက် တာဟယ်'

'ချို . . ကျောင်းမှာ စာတွေအများကြီးသင်မှာပေါ့နော်'

'ကြည့် . . လုပ်ပြီ . . . နေမကောင်းတဲ့ကြားက ဒီစာပဲ စိတ် ရောက်နေတယ် စာဂျပိုးမ . . ကျန်းမာရေးက ပိုအရေးကြီးတယ် သိ လား'

အိပ်ရာထဲမှာ ပိုးဟပ်ဖြူကလေးလို ဖျော့တော့နေပေမယ့် တေးသံရဲ့မျက်နှာကလေးက ဘယ်အချိန်ပဲ ကြည့်ကြည့် အကြည့် သည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ အားလုံး သူ့နေရာနှင့်သူ ပြည့်စုံသည်။ လှပသည်။ အပြစ်ကင်းစွာ ရိုးရှင်းနေသည်။

'ချိုရယ် နင့်မှာက ကျောင်းပျက်ရင် ပြန်သင်ပေးပြီး ရှင်း မယ့် guideရှိတယ်လေ၊ ငါ့မှာသာ . . အဲဒါကြောင့်ပါဟယ်'

'အဲဒီအတွက်တော့ မပူနဲ့တော့ အမိရေ၊ အရှေ့မှာ ဆရာ လည်း ပါလာတယ်၊ ဆရာကပြောတယ် သိလား . . တေးသံကို ပို ဆံ မယူဘဲ သင်ပေးမယ်တဲ့၊ လာပါ ဆရာနဲ့တွေ့လိုက်ဦး ဟို တကူးတကလိုက်လာရတာ အားနာစရာ'





ချိုချို ဆွဲခေါ်လို့ တေးသံ လိုက်လာရပေမယ့်

'ချို . . နေပါဦးဟဲ့၊ ငါ့ဆံပင်တွေ ဖရိုဖရဲနဲ့ ပွနေမှာပေါ့'

'နင်က လှပြီးသားပါဟယ် . . လာ'

မှိုင်းသည် စကားပြောနေရာမှ ချိုချို ဆွဲခေါ်လာသော ောင်မလေးဆီ အကြည့်တစ်ချက်ရောက်သွားမိသည်။

တေးသံလား . . လူမမြင်ဖူးခင် နာမည်ကလေး စ,ကြားက ည်းက စိတ်ဝင်စားနေမိတာ . . သူလေးက တေးသံတဲ့လား။

နေမကောင်းလို့ နွမ်းနယ်နေတဲ့ကြားက တေးသံရဲ့သဘာဝ လှလေးဟာ ဖုံးဖိထားလို့မရအောင်ကို ပေါ်လွင်နေသည်။ ချိုချိုရဲ့ နောက်မှာ မဝံ့မရဲလေးရပ်ပြီး သူ့ကို မျက်လွှာကလေး ပင့်ကြည့်လာ သည်။ ကြည်လဲ့နေတဲ့ မျက်ဝန်းလေးတစ်စုံက သူ့ရင်ထဲကို ဒိုင်းကနဲ င်ဆောင့်သည်။

'ဆရာ . . တေးသံဆိုတာ သူပဲ'

အဲဒီတော့မှ သူ့စိတ်တွေ ပြန်လည်တည်ငြိမ်သွားသည်။

'နေမကောင်းဘူးဆို၊ အခုရော သက်သာရဲ့လား'

'ဟုတ် . . သက်သာသွားပါပြီ ဆ . . ရာ'

တေးသံက ချိုချို ခေါ်သလို ဆရာလို့ မဝံ့မရဲလေး ခေါ်ရှာ သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းစာအတွက် တွေးပြီး စိတ်ပူမနေနဲ့လေ. . စာအုပ်

တွေ ပေးလိုက်၊ ဆရာကူးထားပေးမယ်၊ နေကောင်းပြီဆို ချိုချိုနဲ့အတူ

စာလာသင်ပေါ့၊ ဆရာလည်း တတ်နိုင်သလောက် ပညာပါရမီဖြည့်

ပေးပါရစေ'

တေးသံရဲ့မျက်ဝန်းထဲမှာ ဝမ်းသာပီတိဖြစ်တဲ့အရောင်တွေ

လက်သွားတာတွေ့လိုက်ရသည်။ တေးသံရဲ့မေမေက သူ့ကိုကျေး

တင်စွာကြည့်ရင်း

'ဝမ်းသာလိုက်တာ သားရယ် ကျေးဇူးလည်း တင်ပါတယ်

ငါ့သားလေး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကွယ်'

ဦးသက်နွေသည် ဝက်လက်ကုလားထိုင်လေးပေါ်မှ အသာ

ထလာပြီး မှိုင်းကို စေ့စေ့လာကြည့်သည်။

'သူက ဘယ်သူလဲ'

'သမီးချိုချိုရဲ့ဆရာလေ ဖေကြီးရဲ့'

'ငါက ငါ့သားလေး ပြန်လာတယ်ထင်လို့ မီးတွေရှာလာ

ပြီ၊ ငါ့သားကို သွားရှာလိုက်ဦးမယ်နော် မေကြီး'

'ဖေကြီး သားမရှိတော့ဘူးလေ. . စိတ်ကိုထိန်းမှပေါ့နော်

'ရှိပါတယ် ဆိုမှပဲကွာ ပျောက်သောသူ ရှာရင်တွေ့တဲ့၊ မ

များရှာမှ တွေ့မှာပေါ့၊ မင်းက အမေလုပ်ပြီး ပေါ့လိုက်တာ မြင့်





တေးသံလို့ ခေါ်တဲ့ မိန်းငယ်လေးသည် သူ့အစ်ကို နွေဦးကို

သတိရသွားပြီး မျက်ရည်လေးတွေ ဝဲလာသည်။

ကိုယ့်မျက်စိရှေ့တင် တွေ့မြင်လိုက်ရသော အခြေအနေ

စ်ခုကို မှိုင်း သုံးသပ်မိလိုက်တာက တေးသံတို့မိသားစုသည် သေ

းသွားပြီဖြစ်သော နွေဦး၏အရိပ်က မလွတ်မြောက်နိုင်သေးပေ။

ပျော်ရွှင်ဖွယ်ရာအချိန်များအတွက် အမှတ်တရကျန်ဖို့ နေ

လေးတွေ သူတို့ရင်ထဲမှာ ရှိမှ ရှိသေးရဲ့လား။ သောကရဲ့အပူရိပ်

တွေ ဖုံးလွှမ်းနေကြပြီပဲလေ. . .

အစဉ်အမြဲရှင်သန်နေထိုင်ခွင့် မရှိတဲ့ လောကကြီးမှာ အပြီး

င် နှုတ်ဆက်ဖို့ အချိန်ရောက်လာရင် ဘယ်လိုလုပ်မလဲ ကောင်မ

သားရယ်. . ပြုံးလိုက်စမ်းပါ. . ပျော်ပျော်ကြီး နေလိုက်စမ်းပါ။ မင်း

ဆက်လုပ်ဖို့ အချိန်တွေ ရှိပါသေးတယ်လေ. . .

သားအတွက် ယနေ့ချိန်ထိခံစားနေရသော ဦးသက်နွေကို

နှာ သနားသလို. . ဒေါ်မြင့်မြင့်နွယ်ပြောပြသော နွေဦးသေဆုံးရ

သည့်အကြောင်းကို ကြားရပြန်တော့ ပိုပြီး စိတ်မကောင်းဖြစ်မိသည်။

ထိုနေ့က သူ့ရဲ့အတွေးအာရုံမှာ စွဲငြိပြီး ပါလာတာက မျက်

ည်စွန်းစိုနေတဲ့ အဖြူရောင်မျက်ဝန်းလေးတစ်စုံဖြစ်သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

မှိုင်းသည် ဆေး(၂)တွင် Final Part Iတက်ရင်း တစ်ဖ
မှာလည်း ချိုချိုနှင့် တေးသံကို စာသင်မပျက်စေရပါ။ တေးသံသ
ချိုချိုထက် ပိုပြီး ဘဝအသိရှိသည်ဟု ထင်သည်။ ကိုယ်တိုင်က လို
ချင်ချင်ဖြင့် ကြိုးစားပြီးသင်ယူရှာသည်။ တေးသံတို့ စာမေးပွဲကြီး
လာလေ သူမအစား ဆရာဖြစ်သူက ပိုပြီးရင်ခုန်ရလေဖြစ်သည်

ချိုချို နေမကောင်းသဖြင့် စာမသင်နိုင်သောနေ့တစ်နေ့တွ
အပြန် မိုးချုပ်နေပြီမို့ မှိုင်းက တေးသံကို လိုက်ပို့ပေးသည်။ မိုးဖေ
ကင်းလွတ်ပြီး သာသာယာယာရှိသော ညချမ်းအချိန်လေးတွင် ဖေ
သံနှင့်အတူ လမ်းလျှောက်ပြီး ပြန်လာကြသည်။

တစ်ညနေလုံး ဗိုက်ထဲမှာအစာမရှိသဖြင့် ဆန္ဒပြနေချိန်တွ
ချိုချိုတို့တစ်လမ်းကျော်မှ လမ်းထိပ်တွင် မုန့်ဟင်းခါးဆိုင်ကလေး





တွေ့လိုက်ရသည်။ မုန့်ဟင်းခါးနံ့လေးကလည်း သူ့ကိုဆွဲဆောင်နေ
သည်။

မှိုင်းက သူ့နံဘေးမှာ ငြိမ်ငြိမ်လေးကပ်ပြီးပါလာသော တေး
သံကို ဆာနေလောက်ပြီဟု တွေးမိပြီး

'တေးသံ. . ဟိုဆိုင်လေးမှာ မုန့်ဟင်းခါးစားရအောင် ဆရာ
ကျွေးမယ်နော်'

'တေးသံ မစားတော့ပါဘူး ဆရာ၊ အိမ်မှာ ဖေဖေနဲ့ မေမေ
က တေးသံပြန်မလာမချင်း ထမင်းမစားဘဲ စောင့်နေကြမှာ၊ ဆရာပဲ
စားလိုက်ပါနော်'

'နည်းနည်းတော့ စားလိုက်ပါ. . အိမ်ရောက်တော့ ထမင်း
ဆပ်စားလိုက်ပေါ့'

တေးသံလို့ခေါ်တဲ့ကောင်မလေးကို ဘာဖြစ်လို့များ စေတ
နာတွေပိုနေရသလဲဆိုတာ သူ့ဘာသာဆန်းစစ်နေမိသည်။ တကယ်
ဆို သူကမှ တစ်ကောင်ကြွက်တစ်မျက်နှာနှင့် သူစိမ်းတွေ အလယ်မှာ
နှိုးကန်နေရသေးတာ. . .

ဒါပေမယ့် တေးသံနှင့်ပတ်သက်လာလျှင် ထိရှလွယ်သည်။
စားရသည်။ ကာကွယ်ပေးချင်သည်။ လစ်ဟာနေတဲ့ နွေဦးရဲ့နေရာ
ကို အစားဝင်ချင်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ဒီလိုလည်း မဟုတ်ပြန်ဘူး။ ဒီထက်လည်း မက
ဘူးဆိုတာလောက်တော့ အဖြေက ထွက်ပြီးသားဖြစ်နေသည်။

နီယွန်မီးတိုင်လေးတွေ လင်းနေပြီ။ ဘဝအသီးသီး အလွှာ
အသီးသီးမှလူတွေ လူတွေ အိမ်ပြန်ဖို့အတွက် ကားဂိတ်တွေမှာ စုပြုံ
ပြီး တိုးနေကြသည်။

တေးသံသည် မှိုင်းအား မဝံ့မရဲကြည့်ပြီးနောက်

'ဆရာ. . သန်ဘက်ခါ စာမေးပွဲဖြေရမှာဆို. . ဒီအချိန်ကြီး
မုန့်ဟင်းခါး မစားပါနဲ့လား။တေးသံတို့အိမ်မှာ ထမင်းလိုက်စားပါလား
ဆရာ. . နော်. . မေမေကဆို နေ့တိုင်း ခေါ်ခိုင်းနေတာ'

နာမည်လေးနဲ့လိုက်အောင် သာသာယာယာလေးဖိတ်ခေါ်
တတ်တဲ့ တေးသံပါပဲ။

ဗိုက်ထဲမှာ တော်တော်လေးဆာနေပြီ ဆိုတော့လည်း မမူ
ချင်တော့ဘူး။

'ကောင်းပြီလေ၊ ဆရာ တေးသံတို့အိမ်မှာ ထမင်းလိုက်စား
ပါ့မယ်'

သူ့ဆီက အဖြေလည်း ရရော၊တေးသံကပျော်သွားကာ ခြေ
လှမ်းကို သွက်သွက်ကလေးလှမ်းလေသည်။

သူတို့ခြံဝိုင်းလေးရှေ့ ရောက်တယ်ဆိုရင်ပဲ ကလေးလေး





တစ်ယောက်လို ပါးစပ်က တကြော်ကြော်အော်ခေါ်ပြီး ပြေးဝင်သွား
တော့သည်။

'မေမေရေ. . မေမေ ဒီမှာ ဆရာပါလာတယ်'

ဒေါ်မြင့်မြင့်နွယ်က သူ့ကို ဝမ်းသာအားရ ထွက်ကြိုနေ
သည်။

'လာ. . သား. . အတော်ပဲ၊ ဒီနေ့ ဝက်သားနဲ့ပုန်းရည်ကြီး
ချက်ထားတယ်၊ ချဉ်ပေါင်ရွက်အရည်သောက်လေးနဲ့ဆို ထမင်းမြိန်
မှာ သေချာတယ်'

'ဆရာ သိလား. . မေမေကလေ ဟင်းချက်သိပ်တော်တာ၊
ကိုကိုရှိတုန်းကဆို သူအပျော်ဆုံးအချိန်က မေမေ့လက်ရာ ထမင်းနဲ့
ဟင်းစားရတဲ့အချိန်တဲ့လေ. . အခု ကိုကို လာမစားနိုင်တော့ဘူး'

တေးသံက ဝမ်းနည်းစွာပြောတော့ သူ့ရင်ထဲတွင် နာတျင်
ရသည်။

'ဟုတ်တယ် သား. . အခုဆို အန်တီတို့ထမင်းဝိုင်းမှာ သုံး
ယောက်တည်းရယ်၊ နေ့တိုင်း စိတ်မကောင်းဖြစ်ပြီး ရင်ထဲမှာဆို့လွန်း
လို့ ထမင်းစားလို့ မဝင်ပါဘူး သားရယ်'

မှိုင်းသည် သူတို့ ခံစားနေရသော သောကတွေကို နှုတ်သ
ထက် နက်မနေစေချင်တော့။ တိမ်သွားအောင်သာ တတ်နိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားကြည့်ချင်လာသည်။ ရုတ်တရက် သူ့ခေါင်းထဲမှာ ပေါ်လာသော အတွေးအတိုင်း

'အန်တီ . . ကျွန်တော် ပြောရမှာအားနာလို့ခင်ဗျ၊ အန်တီတို့ အပန်းမကြီးဘူးဆိုရင် ညနေဖက် ဒီမှာ ထမင်းလပေး စားပါရစေ အဆောင်နဲ့လည်း သိပ်မဝေးတာ ညနေတိုင်း ကျွန်တော် လာစားမယ်လေ'

'သားရယ် . . ကိုယ့်သမီးလေးကို စာအလကားသင်ပေးနေတာ အန်တီတို့ ထမင်းလခယူစရာလားကွယ်၊ ပိုက်ဆံတော့ မလိုချင်ဘူး၊ လူပဲလာရင် တော်ပြီ၊ နေ့တိုင်း လာစားရမှာနော် ဒါမှ သမီးတို့အဖေ စိတ်ပြေလက်ပျောက်ရှိမှာ'

'ကျွန်တော့်ကိုနေ့တိုင်းလာစေချင်ရင် ကျွန်တော် ကန်တော့တဲ့ပိုက်ဆံလေးတော့ ယူမှဖြစ်မယ် အန်တီ'

အပေးအယူမတည့်ဖြစ်နေသောသူတို့နှစ်ယောက်ကို တေးသံက ဝင်ပြီး သတိပေးရသည်။

'ဆရာ ထမင်းတွေ အေးကုန်တော့မှာပဲ၊ နောက်မှ ညှိကြတော့လေ၊ အခု ထမင်းစားကြရအောင် ဒီနေ့ ဖေဖေတောင်မှ ထမင်းဝိုင်းမှာ ကြိုရောက်နေပြီ သိလား'

မှိုင်းက တေးသံရဲ့အနောက်က လိုက်လာခဲ့သည်။





ဦးသက်နွေသည်ထမင်းဝိုင်းတွင်ငုငုကြီးထိုင်နေလေသည်။ မှိုင်းက

'ဦး . . နေကောင်းရဲ့လား'

ဟု ချိုသာစွာနှုတ်ဆက်လိုက်ရာ

'အေး . . ကောင်းပါတယ်၊ မင်းက သမီးဆရာဆိုတာလား'

မှိုင်း ပျော်သွားသည်။

ဒီလောက်ဆို တေးသံတို့ဖေဖေ ကျန်း မာရေးကောင်းလာပြီဟု ပြော၍ရသည်။ တေးသံကပဲ ကြိုပြီးပြောထားလို့လားတော့ မသိပါ။

'ဟုတ်တယ် ဦး . . တေးသံက ဉာဏ်သိပ်ကောင်းတာ . . ဒီအတိုင်း သွားရင် MC တော့ ကျိန်းသေတယ် ဦး'

'မြင့် . . ကလေးကို ဟင်းထည့်ပေးလေ'

ထမင်းဝိုင်းလေးမှာ ဟင်းခွက်အမျိုးအမည် နည်းသော်လည်း တစ်ခွက်ဆိုတစ်ခွက် အရသာမှာ ထူးခြားလှသည်။ တစ်ခါစားရုံနှင့် လျှာရင်းမြက်ပြီး စွဲသွားစေမည့်လက်ရာမျိုးပင်။

'စားနော် သား၊ အားရပါးရစား သိလား ဟောဒါက မြင်းခွာရွက်သုပ်၊ ဒါက ငါးနီတူခြောက်ကို ငရုတ်သီးစပ်စပ် ထည့်ကြော်ထားတာ'



www.burmeseclassic.com

www.burmeseclassic.com



ဈေးပေါတဲ့ဟင်းပေမယ့်လို့ခုချိန်မှာတော့ ဘယ်ဟော်တယ် ထ ဟင်းလျာနဲ့မှ မလဲနိုင်ပါဘူး။

'မြင့်ရေ ကြည့်စမ်း၊ ငါတို့ထမင်းဝိုင်းမှာ လူလေးယောက်ဖြစ်သွားပြီ ဟား. . ဟား. . '

လစ်ဟာသွားတဲ့နေရာလေးမှာ မှိုင်း ဝင်ထိုင်လိုက်ရုံနှင့် ဦးသက်နွေတို့မိသားစု ပျော်သွားသတဲ့လား။ ဒါဆိုရင်တော့ တစ်သက်လုံး ဒီကွက်လပ်ကလေးကို ဖြည့်ပြီး စောင့်ရှောက်ခွင့် သူ့မှာ မရှိဘူးလား။

ရှိချင်ပါသည်။ ခင်တွယ်ရာ မှီတွယ်ရာမရှိတဲ့သူ့ဘဝမှာ ဒီမိသားစုကလေးကို စတွေ့ကတည်းက တွယ်တာမိတာ ဘဝရေစက်ကြောင့်ပဲ ထင်ပါသည်။ သူ့အရိပ်အကဲကိုကြည့်နေသော တေးသံက

'ဆရာ. . ထမင်းနည်းနည်းထပ်ထည့်ပေးမယ်နော်'

မှိုင်း မငြင်းမိပါ။ အသာတကြည်ပင် ပန်းကန်ကို ထိုးပေးလိုက်သည်။ မှိုင်း အားရပါးရစားတာကိုကြည့်ပြီး ဦးသက်နွေ အကျေနပ်ကြီး ကျေနပ်နေရှာသည်။ ဦးသက်နွေလည်း ဒီနေ့ ထမင်းတွေစားသည်။

တေးသံပင် အံ့ဩနေပုံရသည်။

'ဟယ်. . ဖေဖေ့ပန်းကန်ထဲမှာ ထမင်းတွေ ကုန်သွားပြီ. .



BURMESE CLASSIC .com



ဆရာနောက်နေ့တွေလည်း ဖေဖေနဲ့အတူ လာစားပါနော်. . ကိုကိုဆုံးပြီးကတည်းက ဖေဖေ ပျော်တာ ဒီနေ့ ပထမဆုံး တွေ့ဖူးတာပဲ'

ထမင်းလက်ဆုံစားရင် ရင်းနှီးမှုတွေ ပိုစေတယ်ဆိုတာ မှိုင်း လက်ခံလိုက်ပါပြီ။ ဒီမိသားစုလေးနှင့် သူသည် တစ်သားတည်းဖြစ် သွားခဲ့ပြီဖြစ်သည်။

ထမင်းစားပြီးနောက်. . မှိုင်းက ဦးသက်နွေနှင့် စကားတွေဖောင်ဖွဲ့အောင် ပြောဖြစ်သည်။ ဆေးကျောင်းက အတွေ့အကြုံတွေ၊ အလွဲတွေကို ပြောပြတော့ ဦးသက်နွေက အူတက်မတတ် ရယ်(ရီ)လေသည်။

တေးသံရဲ့ဖေဖေကိုကြည့်ရတာ ဒီနေ့ တော်တော်ပျော်နေပုံရသည်။ လွတ်လပ်ပေါ့ပါးစွာ စိတ်ကြည်လင်နေပုံပင်။

နာရီကိုကြည့်တော့ ညရှစ်နာရီထိုးနေပြီ။ သူပြန်ဖို့ အချိန်တန်နေပြီပဲ။ တေးသံကို မတွေ့ရတော့ ဒေါ်မြင့်မြင့်နွယ်တို့ပဲ နှုတ်ဆက်ပြီး ပြန်ဖို့ပြင်ရသည်။

'အန်တီ. . ကျွန်တော် စာကျက်ရဦးမှာမို့ ပြန်လိုက်ဦးမယ်နော်၊ ဦး. . ကျွန်တော့်ကို ခွင့်ပြုပါဦး'

'အေး. . အေး. . သား နောက်နေ့လာစားနော် အန်တီတို့ပျော်နေမှာ၊ ဒါနဲ့ သားကြိုက်တဲ့ဟင်းရှိရင် အန်တီ့ကို ပြောခဲ့ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'တွန်တော်က အန်တီ့လက်ရာကို စွဲသွားပြီဗျ၊ ဘာဖြစ်ဖြ
အတူနီစားမှာပဲ'

ဒေါ်မြင့်မြင့်နွယ်က ကျေနပ်စွာပြုံးနေသည်။ တေးသံ ဘယ
မှာလဲ။ သူ မပြန်ခင် မျက်နှာလေးတော့ မြင်သွားချင်သည်။

'သားညီမက ညကျရင် သားစားဖို့ လက်ဖက် သုပ်ပေးန
တာ၊ သမီးရေ ဒီမှာ သမီးအစ်ကို ပြန်တော့မယ်နော် မြန်မြန်သုပ်ဦး'

လက်ထဲမှာ လက်ဖက်သုပ်ထည့်ထားတဲ့ ဘူးပြားလေး ကို
ပြီး တေးသံ ပြေးထွက်လာသည်။

'ဆရာ. . ညကျရင် စာကျက်ရင်း အိပ်ချင်ပြေစားဖို့'

'ကျေးဇူးပါပဲ တေးသံ'

သူ ရင်ထဲက လှိုက်လှိုက်လှဲလှဲကို ပြောမိတာပါ။ တေးသံရဲ့
အလိုက်သိတတ်မှုက သူ့ရဲ့ပင်ပန်းမှုတွေအားလုံးကို ယူပစ်လိုက်သ
လို အစွမ်းရှိသည်။ ဆရာလို့ အားကိုးတကြီးခေါ်သံ၊ သားလို့ နူးည
ချိုသာစွာ ခေါ်တဲ့ အသံတွေဟာ မှိုင်းရဲ့ရင်ထဲမှာ ကပ်ငြိပြီး ပါလာ
သည်။ လက်ဖက်သုပ်ဘူးလေးကို လက်ထဲမှာ ကျစ်ကျစ်ပါအောင်
ဆုပ်ထားမိသည်။

❖



BURMESE CLASSIC .com

တေးသံသည် အရိပ်ကောင်းသော ပိတောက်ပင်အောက်
တွင် စာကျက်ရင်း လမ်းလျှောက်နေသည်။ တေးသံရဲ့ စိတ်တွေက
ဆရာ ဒီနေ့ ထမင်းများ လာစားမလားဟု မျှော်နေမိသည်။

ဆရာ စာမေးပွဲဖြေနိုင်ရဲ့လား။ ချိုချိုနှင့် သူမကို ဆရာစာ
သာမသင်တာ တစ်ပတ်တောင်ရှိနေပြီပဲ။

ဆရာ မလာနိုင်မှန်းသိနေသားနဲ့ ဘာလို့မျှော်နေမိတာလဲ။
အမှတ်တရတွေနဲ့ အကြောင်းတိုက်ဆိုင်ရင် သတိရစိတ်က အလိုလို
ဖြစ်ထွန်းလာတာ အဲဒါကို ဘယ်လိုခေါင်းစဉ်တပ်ရမှာလဲ။

'လွမ်းနေတော့လည်း မျှော်မိတာပေါ့'လို့ တေးသံမှာ ပြော
နိုင့်မရှိပါဘူး။ဒါပေမယ့် တစ်ရစ်ပြီးတစ်ရစ် နှောင်ဖွဲ့လာတဲ့ ကြိုးတွေ
ကြားမှာတေးသံပိတ်မိနေပြီ ဆရာ. . လှုပ်လို့မရတော့ဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



ဘဝရေစက်ဆိုတာ ဆန်းကြယ်ပါတယ်။ ကိုကိုမရှိတဲ့အခါ တစ်ပြီး မေတ္တာငတ်ခဲ့တဲ့ ကြင်နာယုယမှုကိုငတ်မွတ်ခဲ့တဲ့ တေးသံ ဆရာ့ကို စတွေ့ကတည်းက စိတ်ထဲမှာ တရင်းတနှီးရှိလှသည်။ အ လည်းကိုးမိသည်။ ကိုကိုရှိစဉ်ကလိုပဲ တေးသံ စာကျက်ပြီး ရသွာ ရှိရင် ဆရာ့ဆီမှာ စာအံလို့ ရနေပြီ။ ထိုခံစားချက်လေးတစ်ခုနှင့်တ သူမစိတ်ထဲမှာ နွေးထွေးနေပြီဖြစ်သည်။

တစ်ခါတလေကျလို့ရှိရင် စိတ်ထဲမှာ ဆရာရော ကိုကို တေးသံဘဝထဲက ထွက်သွားမှာလားလို့ တွေးမိပြီး စိုးထိတ်ရသည် ဝမ်းနည်းရသည်။

ဆရာက တေးသံကို ပြောထားတာရှိသည်။ ဆယ်တန်း မေးပွဲမှာ ဂုဏ်ထူးတစ်ဘာသာ ထွက်ရင် ငွေတစ်သောင်းနှုန်းနဲ့ ဆု မယ်တဲ့။ တေးသံ စာကြိုးစားနေတယ် ဆရာ။ ဆရာ့ဆီက ငွေကို ချင်လို့မဟုတ်ပါဘူး။ တေးသံက ဆရာ့စကားကို နားထောင်ချင် ပါ။

'မီးငယ်လေး. . စာကျက်နေတာလား သမီး'

ဦးသက်နွေက တေးသံကို စိတ်လိုလက်ရကလေး မေး သည်။

'ဟုတ်. . ဖေကြီး၊ သမီးကို ဘာခိုင်းစလို့လဲဟင်'





'ခိုင်းစရာမရှိပါဘူးကွယ်၊ ဖေဖေက ဟိုသူငယ်လေးကို မျှော် နေတာ. . သူ မလာတော့ ပျင်းတယ် သမီးရဲ့'

'ဆရာ စာမေးပွဲဖြေနေလို့ပါ ဖေကြီးရဲ့၊ သူ စာမေးပွဲပြီးရင် လာမှာပေါ့'

'သူ ဘယ်နေ့လာမလဲလို့ မေးပြီး. . သမီးမေမေတို့ ဟင်း ကောင်းကောင်းချက်ထားခိုင်းလိုက်သမီး၊ စာမေးပွဲဖြေထားတော့ ပင် ပန်းနေရှာမှာ'

မျှော်လင့်လွန်းရင် အမျှော်ခံရသူရဲ့စိတ်ကိုသွားပြီး လှုံ့ဆော် ဆတ်သလားတော့ မပြောတတ်ပါ။

တေးသံတို့အိမ်ရှေ့မှာ ပါဆယ်ဖော့ဘူးထုပ်တွေဆွဲပြီး ရပ် နေသော ဆရာ့ကို တွေ့ရသည်။

'ဟယ်. . ပြောရင်းဆိုရင်းနဲ့ ဆရာလာပြီ ဖေဖေ'

တေးသံသည် ဆရာ့ဆီသို့ အပြေးလေးရောက်သွားပြီး ကြို ခဲ့သည်။ မှိုင်းက သူ့ဆီပြေးလာနေသော တေးသံကို မြတ်နိုးစွာ လွမ်း ဆွတ်စွာ မျက်တောင်မခတ်တမ်း ငေးကြည့်နေမိသည်။ တေးသံရဲ့ဆံ နွယ်လေးတွေ လေထဲမှာလွင့်နေပြီး ရှိရင်းစွဲအသက်နှင့် လိုက်ဖက် စွာ ပျိုမျစ်နုနယ်နေသည်။

တေးသံသည် ဆရာ့ရဲ့ ခေါင်းလေး ငုံ့ပြီး နှုတ်ခမ်းစေ့တော်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်နူးနူးပြုံးတတ်ပုံလေးကိုအင်မတန်မှ ကြည့်ကောင်းသည်တု ထင်မိလေသည်။ ထိုအပြုံးလေးကိုပဲ သူမ လွမ်းနေရတာ။

'ဆရာ စာမေးပွဲဖြေနိုင်ရဲ့လားဟင်၊ နည်းနည်းတောင် ပိန် သွားသလိုပဲ'

မှိုင်းက တေးသံရဲ့ စိတ်ပူလို့မေးတဲ့ အမေးကို ဘယ်ဟာဟာ ရယ်ရင်း

'ဒီဘားတော့ မထိလောက်ပါဘူး. . . မသကာ ဆပ်ပတ် လောက်တော့ ထိမှာပေါ့'

'ကြည့်စမ်း ဆရာကလေ၊ တေးသံက စိတ်ပူလို့ မေးတဲ့ဟာ ကို'

'ဒီမှာ. . ဆရာ ဟင်းတွေ ဝယ်လာတယ်၊ ဒီနေ့ ဘာနေ့လဲ သိလား'

တေးသံက သူ့ကို မျက်လုံးကလေးစွေကြည့်ကာ ချစ်စဖွယ် ပြုံးပြသည်။

'ဘယ်သိမလဲ ဆရာရဲ့ ဘာနေ့လဲဟင်'

'ဆရာ့မွေးနေ့လေ'

မှိုင်းမျက်နှာကလေးညှိုးသွားတော့ တေးသံ စိတ်မကောင်း ဖြစ်သွားသည်။





ဆရာ့မှာ မိဘတွေမရှိဘဲ ကိုယ့်ဝမ်းစာကိုယ်ရှာပြီး ကျောင်း တက်နေရရှာတာ။သူသူ့ကိုယ်ကိုယ် မွေးနေ့မှာပျော်ချင်မှာပဲ။အနည်း ဆုံး ကိုယ့်မွေးနေ့ကို အသိအမှတ်ပြုပေးမယ့်သူ တစ်ယောက်တလေ တော့ အနားမှာ ရှိစေချင်မှာပဲလေ. . .

တေးသံသည် သူမမျက်နှာကို ချက်ချင်းပြင်လိုက်သည်။ အချိုသာဆုံးဖြစ်အောင် ပြုံးရင်း

'Happy Birthdayပါ ကိုကို'

ဆရာ့ကို ကိုကိုလို့ခေါ်မိတဲ့အတွက် တေးသံရှက်ရွံ့မနေပါ။ ဆရာက တေးသံရဲ့ ကိုကိုပဲလေ။ တေးသံတို့မိသားစုတွေ ဆရာ့ကို ကိုကို့နေရမှာ အစားထိုးပြီး ချစ်နေရတာ. . .

တေးသံက သူ့ကို ကိုကိုလို့ခေါ်လိုက်တာ သူကြားပြီး ပီတိ ဖြာသွားပေမယ့် တေးသံ ရှက်သွားမှာစိုးလို့ မသိချင်ယောင်ဆောင် နေလိုက်ရသည်။

' Thank you ပါ တေးသံ၊ ဒီနေ့ ဆရာ့မွေးနေ့မှာ အားလုံး မြိန်မြိန်ယှက်ယှက်စားကြရအောင် ဦးကို သွားခေါ်လိုက်ဦးမယ်နော်'

မှိုင်းကိုတွေ့ကတည်းက ပြုံးပြုံးကြီးလုပ်ပြီး ကျေနပ်နေတဲ့ တေးသံရဲ့ဖေဖေဦးသက်နွေကို မှိုင်းက

'ဦးရေ. . ကျွန်တော် ဟင်းတွေ ဝယ်လာတယ်၊ ဝတ်ခေါ်'



www.burmeseclassic.com

www.burmeseclassic.com



တင်၊ နံ့ရိုးချိုချဉ်နဲ့ ခေါက်ဆွဲကြော်တွေ ပါတယ်. . စားမယ် မဟု လား ဦး’

‘စားမယ်. . စားမှာပေါ့’

ဒေါ်မြင့်မြင့်နွယ်က အိမ်၏စားဝတ်နေရေးအတွက် အိမ် စက်ချုပ်ဆိုင်လေး ဖွင့်ပြီး စီးပွားရှာရသည်။

ခုလည်း အထည်တွေ လက်ချုပ်လိုက်နေရင်း မှိုင်း လာ တွေ့သဖြင့် လက်စသတ်ကာ ထလာခဲ့သည်။

‘သားရယ်. . မလာတာကြာလို့ အားနာပြီး လာမစား လားလို့၊ မင်းဦးကဆို မင်းကို တမျှော်မျှော်နဲ့လေ’

‘မေမေ. . ဒီနေ့ ဆရာ့မွေးနေ့တဲ့. . ၊ ဒီမှာ ဟင်းတွေ ဝ လာတယ်’

‘ဟယ်. . ဟုတ်လား. . အန်တီတို့လည်း ကြိုမသိရပါ ကွယ်၊ သိရင် တစ်ခုခုစီစဉ်ထားလို့ရတာပေါ့’

‘အဲလိုတွေ လျှောက်လုပ်မှာစိုးလို့ တမင်မပြောခဲ့တာ၊ မန က ကျွန်တော် ဘုရားတက်ပြီးပြီ၊ မရှိတော့တဲ့မိဘတွေကို ရည်စူ မေတ္တာပို့ အမျှဝေခဲ့ပြီးပြီ’

‘ကောင်းပါတယ် သားရယ်၊ လာ. . ထမင်းစားကြရအော ပြီးမှ အေးအေးဆေးဆေးစကားပြောကြတာပေါ့’





ထမင်းစားချိန်တွင် မှိုင်းက ဦးသက်နွေနှင့်ဒေါ်မြင့်မြင့်နွယ် တို့ ထမင်းပန်းကန်ထဲသို့ ဟင်းတွေခတ်ထည့်ပေးပြီး ဦးချလိုက်သည်။ တွေလိုသဘောထားပြီး ကျွေးတယ်ဆိုလည်း မှန်တာပါပဲ၊ မွေး ရောက်တိုင်း အဖေနှင့်အမေကို လွမ်းသည်။ တမ်းတသည်။

မိဘမဲ့ဖူးသူတိုင်း သူခံစားရသောဝေဒနာတွေကို စာနာပေး နိုင်လိမ့်မည်ဟု ထင်သည်။

‘ဆရာ မလာတော့ တပည့်တွေ လွတ်လပ်ရေးရနေကြမှာ ဘယ်လိုလဲ စာတွေ ပိုင်ပြီလား တေးသံ’

‘Revision တော့ ပြန်နေပြီ ဆရာ. . တေးသံက ဆရာ့ တ်နှာ အိုးမည်းမသုတ်ပါဘူး၊ စိတ်ချပါနော်’

ဦးသက်နွေက မှိုင်းနှင့်တေးသံကို ကျေနပ်စွာကြည့်ပြီး ဘာ တ်ကူးပေါက်သည် မသိ။

‘ငါတို့မိသားစုလည်း အခုမှပဲ အဓိပ္ပာယ်ရှိသွားတော့တယ်၊ . . တွေ့လား၊ ဘုရားက ငါခံစားနေရတာ မကြည့်ရက်လို့ မှိုင်းကို ပေးလိုက်တာ၊ ငါ့မှာ သားအစား ရသွားပြီကွ. . ဟား. . ဟား’

‘ဟုတ်ပတော်. . . မှိုင်း ရောက်လာပြီးကတည်းက ကျွန်မ ည်း စိတ်တွေ ကြည်လင်လာတယ်၊ အဲဒီအတွက် ကျေးဇူးအများ ကြီးတင်ပါတယ် သားရယ်’



www.burmeseclassic.com

www.burmeseclassic.com



မှိုင်း ရင်ထဲတွင် နင့်သွားသည်။ သူ တကယ်ခံစားလိုက်ရ

တာပါ။ အတွယ်အတာကင်းတဲ့၊ အနှောင်အဖွဲ့ကင်းတဲ့ သူ့ဘဝ

ထဲမှာ သူ့ကိုလိုလားတဲ့ မိသားစုလေးတစ်စု တကယ်ပဲရှိပါသေးလား

ဒါဟာ ရှင်တော်မြတ်ဘုရားက ပေးတဲ့ မွေးနေ့လက်ဆော

ပဲ ဖြစ်ပါလိမ့်မည်။

မှိုင်းရဲ့မွေးနေ့ညချမ်းလေးသည် သာယာစွာဖြင့် အဓိပ္ပာ

ရှိနေသည်။ အချိန်တွေ တဖြည်းဖြည်းကုန်လွန်လာခဲ့သည်။ သူ မ

ခင်လေးမှာ တေးသံရဲ့မိဘနှစ်ပါးကို ဦးချပြီး ကန်တော့သည်။

ဦးသက်ခွေနှင့် ဒေါ်မြင့်မြင့်နွယ်တို့အမြင်မှာတော့ သူ

ရှေ့မှာ ဦးချပြီး ကန်တော့နေတာ သားလေး ခွေဦးဟု ထင်နေသည်

ကျေနပ်သောစိတ်၊ ကြည်နူးသောစိတ်အဟုန်ဖြင့် ဆုတွေ တသီ

ပေးနေမိတော့သည်။

သွေးရင်းသားရင်း မဟုတ်ပေမယ့် ဘဝရေစက် ပါလာခဲ့

သွေးသားရင်းချာပမာ သံယောဇဉ်ကြီးတတ်ကြတဲ့ လက်တွေ့မိ

ယုံသွားပါပြီ။

မှိုင်းကို တေးသံက ခြံဝိုင်းရှေ့ထိ လိုက်ပို့ပေးသည်။ တေး

တို့ခြံထဲက ဆိတ်ဖလူးပန်းရနံ့လေးက ချိုအီမွှေးမြလွန်းသည်။ ဆ

ပြည်လေးတစ်ချက်အငွေ့မှာ စံပယ်ရနံ့ပါတဲ့ သနပ်ခါးနံ့လေး သ





သွားသည်။ တေးသံဆီက လွင့်ပျံ့လာတဲ့ ရနံ့ကလေးမို့ စိတ်ထဲတွင်

ကြည်နူးမိသည်။

'ကိုကို နောက်နေ့လည်း ထမင်းလာစားရမယ်နော်. . ဟို

ဆ. . sorryနော် ဆရာ. . တေးသံက ဆရာ့ကိုတွေ့ရင် ကိုကို့ကို

သတိရလွန်းလို့ အဲလိုခေါ်မိဖြစ်သွားတာ'

မှိုင်းက ညအမှောင်ထဲမှာ လှချင်တိုင်းလှနေသော တောင်

လေးကို ကြင်နာစွာပြုံးပြီး ကြည့်သည်။

'ဆရာက တေးသံရဲ့ကိုကို လုပ်မယ်ဆိုရင်ရော. . ဘယ်လို

အဆင်ပြေလား'

'ဒါဆို ကိုကို့လိုမျိုး တေးသံတို့ကိုထားပြီး ထွက်မသွားရဘူး

နော်'

'တေးသံရယ်. . ညီမလေးက သိပ်ပြီး အစွဲအလမ်းကြီးတာ

ပဲ. . ကဲ. . ညဥ့်နက်နေပြီ၊ အထဲဝင်တော့. . စောစောအိပ်ရမယ်

နော်. . ကိုကို သွားပြီ'

တေးသံ အထဲပြန်ဝင်သွားတော့မှ သူ ထွက်လာမိသည်။

တေးသံရယ်. . တကယ်တော့ ကိုကိုတို့တွေ အားလုံးဟာ

ည့်သည်တွေပါပဲ။

အခုရနေတဲ့ ခန္ဓာတွေဆိုတာ သေမင်းဆီက ခဏငှားလာ



www.burmeseclassic.com

ကြရတာ. . သူ့နေ့ စေ့ရင် ပြန်ပေးရတာ မမှတာပဲ. . ဒါတွေကို ညီ မလေး သိအောင် ကိုကို ဘယ်လိုပြောရမလဲ. .

ငှားလာတဲ့ ခန္ဓာတွေကို ပြန်မပေးချင်လို့ နည်းပေါင်းစုံနဲ့ သေမင်းကို လာဘ်ထိုးနေကြတာပဲ မဟုတ်လား။ ဒါပေမယ့်လည်း သေမင်းက ခေါ်ခဲ့ရင် တို့တွေ သွားကြရမှာပဲလေ. . သူဌေးလည်း သွားရမှာပဲ၊ ဆင်းရဲသားလည်း သွားရမှာပဲ. .

❖



ဒီနေ့ တေးသံတို့ အောင်စာရင်းထွက်မည်မို့ သူ့မှာ ညတ တည်းက ကောင်းကောင်း အိပ်လို့ မပျော်ခဲ့။ ကိုယ်အားဉာဏ်အား ရှိသရွေ့ အစွမ်းကုန် သူ သင်ခဲ့ပြီးပြီ။ ချိုချိုနှင့် တေးသံတို့ရဲ့ ရလာဒ် သည် တစ်နည်းအားဖြင့် သူ့ရဲ့အရည်အချင်းကိုစမ်းသပ်ခြင်းပင် ဖြစ် သည်။

တေးသံကို သူ ဝင်မခေါ်ခဲ့ပါ။ ညကတည်းက မနက်ကျရင် တိုကိုသွားကြည့်ပေးမည်ဟု မှာထားပြီးသား။

တေးသံတို့ကျောင်းရှေ့မှာ လူတွေပြုတိုးနေကြ၏။ အောင် မယ် ဆိုတာ သိပေမယ့် ဒီဘယ်နှုခု ပါမလဲလို့ သိချင်စိတ်က သူ့ကို ရင်ခုန်သံတွေ မြန်လာစေသည်။ ပထမဆုံး သူရှာတွေ့တာက ချိုချို့



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ခုံနံပါတ်၊ ဒီတစ်ခုပါသည်။ ပါတဲ့ဟာကလည်း သူကြောက်လို့ တငိုငို တရယ်ရယ်ဖြစ်နေသည့် BIOဘာသာ မှိုင်း ပြုံးမိသွားသည်။

သူရဲ့တေးသံလေးရော။

ဟော. . . တွေ့ပြီ။

တေးသံရဲ့ခုံနံပါတ်နံဘေးမှာ တစ်ဘာသာ၊ နှစ်ဘာသာ၊ သုံးဘာသာ၊ လေးဘာသာ၊ ငါးဘာသာ. . တစ်ဘာသာပဲ ကျန်ခဲ့သည်။ ချိုချို့မှာ ရှားရှားပါးပါးပါလာတဲ့BIOက တေးသံဆီမှာ ပါမလာပါလား။

လောကကြီးရဲ့ ဖြစ်တတ်ပျက်တတ်တဲ့ သဘောတရားတွေကို အံ့သြဖွယ် သူတွေ့လိုက်ရသည်။

တေးသံသာ သိရင် ဝမ်းနည်းဝမ်းသာဖြစ်ဦးမှာပဲ။ သူကိုယ်တိုင် တေးသံကို စာကျက်အားကောင်းလို့ Bio ဂုဏ်ထူးထွက်လိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ဖူးသည်။ ခုတော့ မဖြစ်နိုင်ဘူးထင်တာတွေက ဖြစ်သွားခဲ့ပြီ။ တပည့်နှစ်ယောက်လုံးအတွက် သူ တာဝန်ကျေပြီဟုခံစားရသည်။ ဆရာတစ်ယောက်ရဲ့ပီတိက ခန္ဓာကိုယ်အနှံ့ စီးဝင်ပျံ့နှံ့သွားသည်။

'လုပ်ကြပါဦး၊ ဒီမှာ ဦးလေးကြီးတစ်ယောက် မူးလဲသွားလို့'

အထိတ်တလန့်အော်ဟစ်လိုက်သောအသံကြောင့် ထို နေရာသို့ လူတွေစုပြုံလာကြသည်။





မှိုင်းသည် မူးလဲသွားသည့်လူကြီးကို ကြည့်ပြီး ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားသည်။

အဲဒီလူ သေပြီလား. . . လူအုပ်ကြားထဲမှ သူတိုးထွက်ရင်း ထိုလူကြီးနံဘေးသို့ ရောက်သွားခဲ့သည်။ လက်ကောက်ဝတ်မှာ သွေးခုန်နှုန်းစမ်းကြည့်သည်။ ထိုနောက် နှလုံးခုန်သံကို နားထောင်ကြည့်သည်။ သွားပြီ. . သူ ထင်သလိုပဲ၊ ဘာတစ်ခုမှ အလုပ်မလုပ်တော့ပါလား။

မှိုင်းသည် အတွေအထူးစဉ်းစားမနေတော့ဘဲ ဦးလေးကြီး၏နှလုံးရှိရာ ဘယ်ဘက်ရင်ဘတ်ပေါ် လက်တင်ပြီး နှလုံးခုန်လိုခုန်အောင်ဖိ ဖိပေးမိသည်။

ထူးခြား မလာတော့ပါ။ ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် ဒီလိုအချိန်မျိုးမှာ လူတစ်ယောက် အသက်ဆုံးရှုံးသွားသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။

'သူ. . အသက်မရှိတော့ဘူး'

ဝိုင်းအုံကြည့်နေသော လူအားလုံး၏ မျက်နှာတွင် နာကျင်ကြေကွဲခြင်း၊စိတ်မကောင်းခြင်းအရိပ်အယောင်များကို အထင်အရှားတွေ့နေရသည်။ လူတစ်ယောက်က

'ဒီလူက အောင်စာရင်းကြည့်နေတာ အကြာကြီးရှိနေပြီဗျ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်ရတာ အရမ်းတုန်လှုပ်နေပုံပဲ၊ သူ့ပါးစပ်ကလည်း သူ့သမီး နာမည် ဘာဖြစ်လို့မပါရတာလဲလို့ တိုးတိုးလေးပြောနေသေးတာ. . **စိတ်မကောင်းလိုက်တာဗျာ'**

မှူိင်းသည် တပည့်မနှစ်ယောက်၏အောင်မြင်မှုအတွက် ဂုဏ်ယူရမည်လား၊ ဒါမှမဟုတ် သမီးဖြစ်သူ၏ကျဆုံးမှုအတွက် အသက်ပေးသွားခဲ့တဲ့ လူကြီးအတွက် နာကျင်ရမည်လား ဝေခွဲမရတော့ပါ။ စိတ်တွေက ကစဉ့်ကလျားဖြစ်ပြီး လူက ကတုန်ကယင်ဖြစ်လာသည်။

အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေဟာ ခန္ဓာရှိတဲ့လူတိုင်းကို နှိပ်စက်နေဦးမှာပဲ။ ရှောင်လွှဲမရတဲ့တရားသဘောကို ငါ လက်ခံရမှာပေါ့။

သတိထားလေ မှူိင်း. . ။ မင်းက ဆရာဝန်လောင်းဆို. . . ရှေ့ဆက်ပြီး မင်းမှာ လူနာတွေနဲ့ပတ်သက်ပြီး သေခြင်းတရားတွေကို အများကြီးကြုံရဦးမှာ ခံနိုင်ရည်ရှိအောင် ကြိုးစားထားမှပေါ့. . .

❖



မှူိင်း Fianl Part II တက်နေတုန်း စာမေးပွဲနီးမှ ထွန်းလူတစ်ယောက် Renal Failure ဖြင့် ဆေးရုံတင်လိုက်ရသည်။

မှူိင်းအတွက်တော့ ထွန်းလူသည် တကယ့်ကို သူငယ်ချင်းကောင်း ဖြစ်သည်။ ကျောင်းမှာ သူတို့နှစ်ယောက်က တတွဲတွဲရှိပြီး ညီအစ်ကိုလိုပင် သံယောဇဉ်ကြီးကြသည်။

ထွန်းလူ၏မျက်နှာသည် နည်းနည်းအမ်းနေပြီး ခြေထောက်တွေက သိသိသာသာပင် ရောင်ကိုင်းနေသည်။

မှူိင်းမှာ စာကျက်ခြင်းအလုပ်တစ်ဖက်ဖြင့် သူငယ်ချင်းကို ဆေးရုံမှာ ညစောင့်လည်း လုပ်ပေးရသည်။ ထွန်းလူက သူ့ကိုယ်သူ အားငယ်ပြီး စိတ်ဓာတ်တွေကို အောက်ဆုံးသို့ ရောက်အောင် ဆွဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မဲ့ ကျိတ်ပြီး မျက်ရည်ကျနေရှာသည်။ သူ့မိဘတွေက သာမန်လူတန်းစားမို့ သူ့အတွက် စရိတ်စက ပိုကုန်မှာကိုလည်း တွေးပြီးစိုးရိမ်နေပုံရသည်။ထွန်းလူ့ခများ မှိုင်းလိုပင် study guide လုပ်ပြီး သူ့ကျောင်းစရိတ် သူရှာနေရသူဖြစ်သည်။

ဒီနေ့ ထွန်းလူကို ကျောက်ကပ် ဆေးရမည်။

သူ့မှာ ဆီးကလည်း သိပ်မထွက်ချင်တော့။ ရေကိုတောင် အတိုင်းအတာဖြင့် သောက်နေရသည့်ဘဝ၊ သနားစရာကောင်းလိုက်တာလေ။

မှိုင်းက ထွန်းလူကို သွေးလှူဖို့ ဆုံးဖြတ်ထားပြီး သူ မသိအောင် အားလုံးကို ပိတ်ထားရသည်။ သူ သိသွားရင် လက်ခံမည် မဟုတ်။ စာမေးပွဲနီးနေတဲ့ အချစ်ဆုံးသူငယ်ချင်းဆီက သွေးကို ထွန်းလူ ယူမှာမဟုတ်မှန်း မှိုင်း သိနေသည်။

သွေးအမျိုးအစားချင်း တူသဖြင့် လှူခွင့်ရတာကိုပဲ သူ့မှာ ဝမ်းသာနေရသည်။

ညကတည်းက စောင့်အိပ်ပြီး မနက် ထွန်းလူ မနိုးခင် သူ့ သွေးကိုဖောက်ပြီး ယူထားလိုက်သည်။

ကျောက်ကပ်ဆေးတဲ့လူနာတွေကိုကြည့်ရတာ ပင်ပန်းလှပါသည်။ လေးနာရီလုံးလုံး ကုတင်ထက်မှာ ငြိမ်ငြိမ်လေးနေနေရသည်။





သွေးဟောင်းတွေကို လက်ကတစ်ဆင့် ထုတ်ယူသလို သွေးသစ်တွေ ဆိုလည်း တစ်ပြိုင်တည်းသွင်းပေးနေသည်။

လက်မှသွေးကြောတွေ ဖျက်စီးသွားလျှင် လည်ပင်းရှိ သွေးကြောကို အသုံးပြုသည်။

ထွန်းလူသည် ပိုက်ပေါင်းစုံနှင့် တစ်ကိုယ်လုံး ရှုပ်ယှက်ခတ်နေသည်။

ကုတင်ခြေရင်းမှာ ခုံလေး ချပြီး စောင့်နေသော မှိုင်းကို သူ အားနာလှပြီ။

'မှိုင်း . . မင်း အဆောင်ပြန်ပြီး အနားယူလိုက်ဦးလေကွာ၊ စာမေးပွဲနီးနေပြီ . . ငါတော့ ဖြေရတော့မှာမဟုတ်ဘူး သူငယ်ချင်းရာ . . မင်း ငါ့အစား ပိုပြီးကြိုးစားနော် . . မင်း စာမေးပွဲအောင်ရင် ငါကျေနပ်ပါပြီကွာ'

မျက်ရည်လေးတစမ်းစမ်းဖြင့် ဒီလိုစကားတွေပြောနေသော ထွန်းလူကြောင့် သူ့ရင်ထဲမှာ နာလာသည်။

တစ်နှစ်ပတ်လုံး စာတွေဖိကျက်ရင်း သူ့ကျွန်းမာရေး သူ ချစ်လှူရှခဲ့သော ထွန်းလူ . .

သူ့ကြိုးစားမှုတွေ အရာမထင်နိုင်တော့ဘူးလား ဘုရားသခင်ရဲ့ ဘာ ဒီလိုနည်းနှင့် ကျီစယ်စရာလား။



www.burmeseclassic.com

www.burmeseclassic.com



'ငါ ညနေကျမှပြန်တော့မယ် ထွန်းလူ. . ငါ့အတွက် ဘာ
အခန့်မကြီးပါဘူးကွာ. . မင်းသာ နေသာသလိုနေပါ၊ ဗိုက်ဆာရ
လည်း ပြောနော်၊ ငါ ခွံ့ကျွေးပေးမယ်'

မှိုင်းက ထွန်းလူ သွေးမသွင်းခင်၊ ကျောက်ကပ်မဆေးခ
ကတည်းက ထမင်းကြော်တစ်ပွဲ ပြေးဝယ်ထားပြီးသား။ ကျောက်ကပ်
ဆေးတဲ့လူနာတွေက တစ်ချိန်လုံး စောင့်ကြည့်နေရသည်။ တစ်
တလေ တစ်ဖက်လူရဲ့သွေးက အရမ်းအားကောင်းနေရင် တုန်
တာ၊ ရှန်းရင်းဆန်ခတ်ဖြစ်လာတာမျိုးတွေ ရှိသည်။ ထို့ကြောင့်
က ထွန်းလူကို မျက်ခြည်ပြတ်မခံဘဲ စောင့်နေရခြင်းဖြစ်သည်။

'မင်း ပင်ပန်းလှပြီ မှိုင်းရာ. . အဖေတို့ မလာသေးဘူးလာ
မသိဘူး. . မနေ့ညနေကတည်းက ပြန်သွားလိုက်တာ ခုချိန်ထိ
ယောက်မှပေါ်မလာတော့ဘူး'

ဘယ်လာနိုင်မှာလဲကွာ၊ သူတို့ မင်းကို ကျောက်ကပ်ဆေး
အတွက် ငွေလိုက်ရှာနေကြတာ. . ဘယ်လောက်ပင်ပန်းလိုက်သလဲ
ဒါတွေကို မင်းသိအောင် ငါဘယ်လိုပြောရမှာလဲ ထွန်းလူ. .

'ငါ မလာခိုင်းတာပါကွာ၊ သူတို့ခမျာ အိုကြီးအိုမနဲ့ဒီမှာထို
စောင့်ဖို့ သက်သောင့်သက်သာရှိတာမှမဟုတ်တာ. . မင်းနဲ့ငါ
ညီ အစ်ကိုတွေပဲဟာ၊ ဘာမှအားနာမနေနဲ့'





ထွန်းလူစိတ်ပြောင်းသွားအောင် စကားတွေ လျှောက်ပြော
ရင်း ခဏနေတော့ သူအိပ်ပျော်သွားသည်။

ထွန်းလူ အိပ်သွားတော့ မှိုင်း စာခဏထိုင်တျက်ရင်း သွေး
ဖောက်ထားသည့်အရှိန်ဖြင့် လူက နုံးချိလာသည်။ ငိုက်မျဉ်းလာ
သည်။

❖

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရွင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက် ထွန်းလူရဲ့ကုတင်နားကို တရွေ့ရွေ့ ချဉ်း ကပ်လာနေသည်။လူဆိုပေမယ့် တကယ့်လူနှင့်မတူပါ။ တစ်ကိုယ်လုံး အဝတ်နက်တွေ ဝတ်ပြီး မျက်နှာမှာလည်း ခေါင်းစွပ်လိုလို၊ ခေါ ဆောင်းလိုလို စွပ်ထားသေးသည်။

ဒီလူ ဘာလာလုပ်တာလဲ. . လက်ထဲမှာလည်း စာအုပ်ကြီး ကိုင်လို့။ ခုထိ ရပ်နေတုန်း။ ထွန်းလူကိုလာခေါ်တာများလား။ စာ အုပ်ထဲမှာလည်း မှတ်နေသည်။ မှိုင်းသည် သိချင်စိတ်ဖြင့် ထိုလူ၏ စာအုပ်ထဲကို တိတ်တိတ်လေးချောင်းကြည့်မိသည်။

'ဒေါက်တာရွှေမောင်'တဲ့. . ဘေးမှာ နေ့စွဲနှင့်အချိန်ပါ မှတ် ထားသေးသည်။





ဘာလုပ်ဖို့လဲ. . ဘာအတွက် မှတ်ထားတာလဲ။ ဒေါက်တာ ရွှေမောင်ဆိုတာကရော ဘယ်သူလဲ. . ။

ထွန်းလူနာမည် မပါသည့်အတွက် သူ ကျိတ်ပြီး ဝမ်းသာ သွားသည်။

စာအုပ်ကြီးကိုင်ပြီးလိုက်မှတ်နေသူဟာ ရုပ်ရှင်တွေ၊ ပြဇာတ် တွေထဲမှာ သူမြင်တွေ့ဖူးသော 'သေမင်း'နှင့်တူနေသည်။ ထိုသူသည် ကြည့်နေတုန်းမှာပင် ထွန်းလူ၏ကုတင်နံဘေးမှ ထွက်ခွာသွားလေ သည်။

ထွန်းလူကုတင်နားကို နောက်ထပ်ရောက်လာသူမှာ ဖြူ ကုတ်ဝတ်ပြီး မျက်မှန်တပ်ထားသော ဆရာဝန်တစ်ယောက် ဖြစ်သည်။

ထွန်းလူကို လာကြည့်ပေးပုံ ရသည်။ မှိုင်းက ဘာရယ် မဟုတ်၊ ဆရာဝန်၏ရင်ဘတ်ဆီသို့ အကြည့်ရောက်သွားသည်။

'ဒေါက်တာရွှေမောင်'ဟု သူတွေ့လိုက်ရသည်။ ခုနတုန်းက ထိုလူကြီးစာအုပ်ထဲမှာ မှတ်ထားတဲ့ နာမည်ပဲ။ ထူးဆန်းလိုက်တာ။ ဘာလို့ လာပြီးတိုက်ဆိုင်နေရတာလဲ။

ဆရာဝန်သည် အခန်းထဲမှပြန်ထွက်သွား၏။ မှိုင်းက လက် နာရီကို ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲ တစ်နာရီနဲ့ဆယ့်ငါးမိနစ်. .

ဟာ. . ဒါဆို ဟိုစာအုပ်ထဲကအချိန်ကို ရောက်နေပြီပဲ

ဆရာဝန်အတွက် သူစိုးရိမ်သွားသည်။

'ဆရာ. . သတိထား. .'

သူ့အော်သံကိုက ချောက်ချောက်ချားချားရှိလှသည်။

သို့သော် သူနောက်ကျသွားခဲ့ပြီ။

ဆရာဝန်သည် အခန်းဝမှာပင် ဗိုင်းကနဲ လဲကျသွားပြီဖြ သည်။

နောက်ဆက်တွဲသတင်းက ဒေါက်တာရွှေမောင် သေပြီတဲ့

မှိုင်းတစ်ယောက် သူငယ်ချင်းထွန်းလူကို သေမင်း လာ ခေါ်သွားခြင်းအတွက် ဝမ်းသာနေမိသည်။ ထွန်းလူ ကျိန်းသေပေါ ကံကောင်းပြီဟု တစ်ထစ်ချယုံကြည်မိသည်။

ထိုအခိုက်တွင်

'မှိုင်းရေ. . ဆရာဝန်ခေါ်ပေးပါဦး၊ ဒီမှာ သွေးတွေ ထွ နေပြီ'

ထွန်းလူအသံပါလား. .

မှိုင်းမျက်လုံးတွေ ပွင့်လာသည်။ သူ အိပ်ပျော်နေတာ လား။ ဒါဆို ခုနက မြင်တာတွေဟာ အိပ်မက်ပေါ့။





အိပ်မက်မက်ပြီး အိပ်ချင်မူးတူးဖြင့် မှိုင်းက

'ဆရာဝန်က သေပြီလေ'

ဟု ပြောမိသည်။

'ဟိုမှာ roundလှည့်နေတယ်လေကွာ. . မြန်မြန်သွားခေါ် ပါကွ. . ဒီမှာ သွေးတွေထွက်နေပြီ'

ထွန်းလူပြတဲ့နေရာ သူကြည့်မိတော့မှ ပိုပြီးအံ့သြရသည်။

သူ့အိပ်မက်ထဲက ဆရာဝန်ပါလား။

ဘုရား. . ဘုရား. . ဒေါက်တာရွှေမောင်ပဲ. . မွန်းလွဲ ၁း၁၅ မှာ သေမည့်သူဟု သူသိထားသည်။

ထွန်းလူ ကြောက်သွားမည်စိုး၍ သူ ထပ်မပြောတော့ပါ။

အချိန်တိုတိုလေးအတွင်းမှာ သူဘာတွေလျှောက်မက်နေတာလဲ။

အိပ်ရေးပျက်လို့ပဲ ကြောင်သွားပြီလား။ ညနေ ထွန်းလူ့မိဘ တွေရောက်လာရင် အဆောင်ပြန်ပြီး တစ်ရေးဝအောင် အိပ်ပစ်လိုက် ဦးမည်။

'ထွန်းလူ. . မင်း ဘာမှမဖြစ်တော့ဘူး သိလား၊ စိတ်အေး အေးထားပြီးသာနေ၊ ဒီနှစ်မဖြေဖြစ်လည်း နောက်နှစ်ဖြေလို့ရသေး တာပဲ၊ အဓိက မင်းကျန်းမာရေးကောင်းဖို့ အရေးကြီးတယ်၊ တဲ. . ငါးစပ်ဟ၊ ငါ ထမင်းကြော်ခွဲပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ပင်ကိုစိတ်ကိုက ပရဟိတဆန်သည်။

ဒါကြောင့်ပဲဘုရားက ဆရာဝန်ဖြစ်ခွင့်ပေးသနားတာလား မဆိုနိုင်ပါ။

အယုတ်အလတ်အမြတ်မရွေးပြုစုစောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ချထားမိသည်။

❖



ညှော်သည်ရောက်နေသည် ဆို၍ ရေစက်တွေကို ခြောက်အောင် တဘက်ဖြင့် ပွတ်သုတ်ပြီးနောက် တီရှပ်အဖြူတစ်ထည်ကို ကောက်စွပ်လိုက်သည်။ နံရံမှာကပ်ထားသောမှန်ကို ကြည့်ပြီး ခေါင်းဖြီးလိုက်သည်။

အဲဒီမှာတင် ဆေးကျောင်းသားဆရာဝန်လောင်း၏ အလှပြင်ခြင်းကိစ္စ ပြီးဆုံးလေသည်။

ရင်ထဲကတေးသံလေးဆီ မရောက်တာ တစ်ပတ်ပြည့်တော့မည်။ သတိရတိုင်း၊ တိုက်ဆိုင်မှုရှိတိုင်း လွမ်းမိသည်။

တေးသံလည်း သူ့ကိုလွမ်းနေမှာပဲ။

အခြေအနေအရ သူက မသွားနိုင်ပေမယ့် တေးသံရောက်



www.burmeseclassic.com

www.burmeseclassic.com



သာရှင် ဘယ်လောက်ကောင်းမလဲဟု စိတ်ထဲမှ တောင့်တမိသည်
ထိတ်တခိုးမျှော်လင့်မိသည်။

ဧည့်ခန်းထဲမှာ ကျောပေးပြီး ထိုင်နေသော ကောင်မလေ
နှစ်ယောက်။

ရင်ထဲမှာ ဝမ်းသာလုံးဆို့သွားသည်။ သူ့ရဲ့တေးသံကလေ
ရောက်လာပြီပဲ။

'တေးသံ'

သူ့ရဲ့ ဝမ်းသာလို့ထွက်လာတဲ့ ခပ်မြူးမြူးခေါ်သံနှင့်အ
မျက်နှာကြီးကလည်း ပြုံးနေမှာ သေချာသည်။

'ကိုကို့. . နေမှကောင်းရဲ့လားလို့ စိတ်ပူလိုက်ရတာ၊ စာမေ
ပွဲနီးပြီဆိုတာ သိပေမယ့် ဖေဖေနဲ့မေမေက မရဘူးလေ. . ကိုကို့
နေ့တိုင်း မျှော်နေတာ'

တေးသံရော မမျှော်ဘူးလားဟု မေးလိုက်ချင်ပေမယ့် ချို
ရှိနေလို့ ထိန်းထားရသည်။ မတွေ့တာကြာလို့လား မသိ။ တေး
လေးပို ပိုပြီးလှလာသည်။ ချစ်စရာကောင်းလာသည်။

'ကိုကို့သူငယ်ချင်း ဆေးရုံတင်ထားလို့ စောင့်အိပ်ပေးနေ
တာ၊ ဒီနေ့ သူကျောက်ကပ်ဆေးလို့ ကိုကို သွေးလှူခဲ့သေးတယ်'

'ဟင်. . စာမေးပွဲ ဒီလောက်နီးနေတာ ကိုကိုကလဲ'





'တေးသံရယ်. . သွေးလှူတာကဒီလောက်မွန်မြတ်တဲ့ဥစ္စာ၊
အခါအခွင့်သင့်လို့လှူရတဲ့ဟာ ငါတို့က သာဓုတောင် ခေါ် ရဦးမယ်'

'ချိုနော်. . နင့်မှာက အစ်ကိုအရင်းခေါက်ခေါက်ကြီး တစ်
ယောက်လုံးရှိနေတော့ ဘယ်စိတ်ပူပါ့မလဲ၊ ငါ့မှာ အစ်ကိုမရှိလို့ ကိုကို့
ကိုပဲ အားကိုးနေရတာ'

ချိုချိုက တေးသံကို မျက်စောင်းလှမ်းခိုတ်တာတွေ့ပြီး ဘာ
ရယ်မဟုတ် ရင်ထဲတွင် ကျေနပ်သွားသည်။

ဥတစ်လုံး၊ တစ်ကောင်ကြွက်ဘဝမှာ ကိုယ့်ကို စိုးရိမ်ပူပန်
ပေးမယ့် ကောင်မလေးတစ်ယောက် ရှိနေတာ စိတ်ချမ်းသာစရာ
မဟုတ်ဘူးလား။

'ဒီချိုင့်တွေက ဘာလဲ တေးသံ'

'အမေလေ. . ကိုကို စာမေးပွဲနီးနေလို့တဲ့၊ ဟင်းတွေရော
လက်ဖက်တွေရော လုပ်ပေးလိုက်တာ'

'ဟာ. . အတော်ပဲ၊ အန်တီ့လက်ရာကို လွမ်းနေတာ၊ တော
ရုံလည်းတင်တယ်၊ ကုန်အောင်လည်း ဆွဲမယ်လို့ ဆက်ဆက်ပြော
ပေးနော်'

တေးသံလေး ရယ်နေပါသည်။ ဒီနေ့တစ်နေ့တုန်း သူ စာ
ကျက်လို့အဆင်ပြေမှာ သေချာနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုကို ထပ်ပြီးမြှင့်တင်ဖို့အတွက်၊ ဆရာဝန်ဘဝကို ဒီထိပ်ဖွင့်ပြင်ရောက်နိုင်ဖို့အတွက် နောက်ဆုံးစာမေးပွဲကြီးကို သူဖြေဆိုခဲ့ပြီးပြီ။ viva ဖြေအပြီးမှာ ညနေထွက်မည့် အောင်စာရင်းအတွက် ကြိုတင်ရင်ခုန်စွာဖြင့် 'မယ်လမု'ဘုရားသို့ သူထွက်လာခဲ့သည်။

အချိန်တွေ အများကြီး ရင်းပြီး ကြိုးစားခဲ့ရသည့်အတွက် အောင်မြင်မှုကို သူရလိုသည်။

သတ္တဝါတွေရဲ့ အသက်ကို မလွဲမသွေ ကယ်ဆယ်ခွင့်ရသူ ဖြစ်ပါစေလို့အဓိဋ္ဌာန်ပြုကာ ရှင်တော်မြတ်ဘုရားဆီမှာ သူဆုတောင်းပါသည်။

ဒီညနေမှာ အောင်မြင်မှုတွေ ပွေ့ပိုက်ပြီး တေးသံဆီကိုသွားချင်သည်။ သူ့အောင်မြင်မှုအတွက် ဝိုင်းဝန်းဂုဏ်ပြုပေးမည့် ဦးနှင့် အန်တီတို့ကို သူအလိုရှိပါသည်။

တစ်နေ့နေ့မှာ. . ဘယ်တော့မှန်းမသိသည့် တစ်နေ့နေ့မှာ တေးသံရဲ့အချစ်ကို သူရလိုသည်။

တစ်သက်လုံးအတွက် စောင့်ရှောက်သွားချင်သည်။

အနာဂတ်မှာ ဆရာဝန်ဖြစ်လာမည့် တေးသံကို ညီမလေးလိုရော၊ ချစ်သူလိုပါ 528+1500=2028 ရှိရှိသမျှအချစ်တွေ အားလုံးပုံပေးပြီး ချစ်ရပါသည်။

ဆောင်ညှို့ပြာသိုစာပေ



မှိုင်းသည် ဘုရားကို တစ်ပတ်ပတ်ပြီး စနေနံထောင့်တွင် ထွန်းလူ့အတွက် ဝင်ပြီး ဆုတောင်းပေးသည်။ ကြိုးစားသမျှ အရာ မထင်ခဲ့သည့် သူငယ်ချင်းအတွက် ယူကြုံးမရဖြစ်မိသည်။ နှမြောမိသည်။ နောင်နှစ်တွေမှာလည်း ထွန်းလူ စာမေးပွဲဖြေနိုင်မည်မဟုတ်ပါ။

ထွန်းလူ့ရဲ့ရောဂါက တစ်ပတ်တစ်ကြိမ် ကျောက်ကပ်ဆေးမှသာ အသက်ရှင်ဖို့အခွင့်အရေးရှိသည်။ တစ်ပတ်တစ်ကြိမ်မဟုတ်ဘဲ ဒီထက်ပိုပြီး လေး၊ ငါးရက် တစ်ကြိမ် ဆေးရမည့်အခြေအနေ ရောက်လာခဲ့ရင်. . .

မှိုင်း ဆက်ပြီး မတွေးရဲတော့ပါ။ တစ်ကြိမ် ဆေးဖို့ အရေးတောင် ပိုက်ဆံကို အသည်းအသန် ရှာဖွေနေရသော ထွန်းလူ့မိဘတွေရဲ့မျက်နှာကို သနားစဖွယ် မြင်ယောင်လာသည်။

ကျောက်ကပ်သာ မဆေးဘဲ လွှတ်ပေးလိုက်ပါက သူ့မှာ အသက်ရှင်ဖို့အခွင့်အရေး တော်တော်နည်းနေပြီဖြစ်သည်။

သူ့ကျောက်ကပ်တွေက အလုပ်မှ သိပ်မလုပ်နိုင်တော့တာ၊ အားလုံး ပိတ်ဆို့ကုန်မှာပဲလေ. . .

တဖြည်းဖြည်း အချိန်တွေ ကုန်လာသည်။ သူ့ဗိုက်ထဲတို လက်ဖက်ရည်တစ်ခွက်နှင့်မုန့်တစ်ခုသာ ဝင်သေးသည်။

ဆောင်ညှို့ပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ လှုပ်ရှားပြီး ဟုတ်တိပတ်တိ ဘာမှစားလို့မရ။ အဖေ့ကို သတိရလာသည်။

အမေ့ကိုလည်း လွမ်းလာသည်။

တကယ်လို့ သူသာ စာမေးပွဲအောင်ခဲ့လို့ရှိရင် ဟောက်စ်ဆင်းပြီး သိပ်မကြာခင်မှာ ဘွဲ့ယူရလိမ့်မည်။

'ငါ့သား ဆရာဝန်ဖြစ်ပြီပေါ့'ဆိုပြီး ခေါင်းကိုမော့၊ ရင်ကိုကော့ကာ ဘယ်တစ်ယောက်၊ ညာတစ်ယောက် သားလက်ကိုတွဲလို့ ဓာတ်ပုံအရိုက်ခံမည့်မိဘတွေ ဘယ်မှာလဲ။

ဝမ်းနည်းလာသည်။ တောက်လျှောက် ပင်ပင်ပန်းပန်းရုန်းကန်ပြီး ကြိုးစားခဲ့ရသည်။ အားငယ်တဲ့အခါ၊ ဖျားနာတဲ့အခါ မိဘရင်ခွင်ကို သူတမ်းတတာပေါ့။ ငယ်ငယ်တုန်းကတော့ ငယ်စိတ်ကလေးဖြင့် အဖေ့ဆီသွားရမှာ၊ အဖေ့အိမ်ပြန်ရမှာ သေမလောက်ရှက်ခဲ့မိသည်။ အခုအချိန်မှာတော့. . .

ကျွန်တော် နားလည်ပါပြီ အဖေ။ အဖေဟာ သူဘာရာဇာမကလို့ဘာကြီးပဲဖြစ်နေပါစေ၊ အဖေ့အိမ်ကလေးကို ကျွန်တော်လွမ်းတတ်နေပါပြီ။

ရင်ထဲမှာ လှိုက်ပြီးတက်လာသည်။ မျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်လာသည်။





မျက်ရည်ကျတာကို ငိုတယ်လို့ပြောရင် အခု ကျွန်တော်ငိုနေပြီ အဖေ. .

မင်း ယောကျ်ားမဟုတ်ဘူးလားလို့ အဖေဆူရင်လည်း ခံဖို့အသင့်ပါပဲ။

ဟိုးကောင်းကင်မှာ နေမင်းရဲ့အရောင်တွေဖျော့လာပြီ. .

နေတောင် ဝင်တော့မှာပါလား။

မှိုင်းသည် ထိုအခါကျမှ အောင်စာရင်းကြည့်ဖို့ သတိရပြီး ဘုရားမှပြန်ထွက်လာခဲ့ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းလောက်ကတည်းက တေးသံ ကိုကို့ကို မျှော်နေမိသည်။ ဒီည ကိုကို ကျိန်းသေပေါက်လာလိမ့်မည်။

တေးသံရဲ့ကိုကို ဆရာဝန်ကြီး ဖြစ်တော့မှာပေါ့။ တေးသံ ဂုဏ်ယူပါတယ် ကိုကို။ ကိုယ့်ကို control လုပ်ပြီး ထိန်းကျောင်းပေးမယ့် မိဘ မရှိပေမယ့် ကိုယ့်အသိစိတ်နှင့်ကိုယ် ရိုးသားစွာ ကြိုးစားခဲ့သောကိုကို။

သူ့အနာဂတ် သူ ရွေးတတ်သည်။ သူ့ပန်းတိုင်ကို သူ သိသည်။ ရုပ်ရည်ကလည်း ယောကျ်ားပီသသည်။ ခန့်ညားသည် မိန်းကလေးသဘာဝ ဖွင့်ပြောဖို့အခွင့်အရေးမရှိပေမယ့် တေးသံ ကိုကို့ကို ချစ်တယ်. . .





ပေးဆပ်ခြင်းရယူလိုခြင်းမရှိတဲ့အချစ်၊အရွှန်းအဖြတ်မကြည့်တဲ့ အချစ်၊ အရောင်တွေ မချယ်ထားတဲ့ ပကတိ အဖြူရောင်သက်သက်အချစ်ပါ ကိုကို။

ဟော. . ကိုကို လာပြီ။

ဖြတ်သန်းသွားသော ကားတစ်စီး၏ ကားမီးရောင်ကြောင့် ကိုကို့ကို သူမ တွေ့လိုက်ရခြင်းဖြစ်သည်။

ညအမှောင်ထဲမှာပေမယ့် တေးသံက ကိုကို့လမ်းလျှောက်ပုံကို ကြည့်ပြီး စာမေးပွဲအောင်လာတယ်ဆိုတာ ချက်ချင်းသိလိုက်ပါသည်။ ကိုကိုက လမ်းလျှောက်ရင် ခါးကိုမတ်မတ်ထားပြီး စမတ်ကျကျလေး လျှောက်တတ်သည်။ အရပ်က ခြောက်ပေနီးနီးမြင့်တာဆိုတော့ ဘယ်မှာပဲ တွေ့တွေ့ ဘယ်နေရာမှာပဲ ကြည့်ကြည့် ကိုကိုက ထင်းခနဲပေါ်လွင်နေသည်။ တေးသံက တံခါးပြေးဖွင့်ပေးရင်း

'စာမေးပွဲအောင်တယ် မဟုတ်လား ကိုကို'

'ကိုကို အောင်တယ် တေးသံ၊ ဝမ်းမသာဘူးလားဟင်'

မှိုင်းက တေးသံရဲ့လက်ကလေးကို အုပ်မိုးရင်း မေးလိုက်သည်။

'ဝမ်းသာတာပေါ့ ကိုကိုရယ်၊ ကိုကိုအောင်မယ်ဆိုတာ သိပေမယ့် စိတ်က ပူနေတာပဲ၊ တစ်နေကုန် ဘာမှလုပ်လို့မရဘူး သိလား'



www.burmeseclassic.com

www.burmeseclassic.com



'ဦးတို့ အန်တီတို့ရော'

'ရှိတယ် ကိုကို. . ဖေဖေတလေ ခုဆို ညတိုင်း တရားထိုင်တယ်၊ အဲဒါ ကိုကို သင်ပေးထားတာဆို'

'ဒါပေါ့. . အလကားရတဲ့ လေကို မရှူတတ်ရင် လူမိုက်ပဲ meditation (တရားထိုင်ခြင်း) လုပ်တာဟာ စိတ်ကို တည်ငြိမ်စေတယ်၊ အာရုံစူးစိုက်မှု ပိုပြီးကောင်းစေတယ်၊ ကျန်းမာရေးအတွက်လည်း ကောင်းစေတယ်လေ. . တေးသံလည်း အားရင် တရားထိုင်နော်'

တေးသံက ချစ်စဖွယ်လေး ခေါင်းညိတ်ပြသည်။

'ဟုတ်. . တရားထိုင်ရင် တေးသံ စာတွေကောင်းကောင်းကျက်လို့ရမှာပေါ့နော်၊ ဒါနဲ့ တေးသံ ဆေးကျောင်းတက်ရင် ကိုကိုပဲ guide လုပ်ပေးရမယ်နော်'

'စိတ်ချ. . တေးသံ ကျောင်းပြီးတဲ့အထိ ကိုကို တာဝန်ယူတယ်'

သူ့ရဲ့ဘာလိုလိုစကားကြောင့် တေးသံက ရှက်စနိုးလေးဖြစ်သွားသည်။ တေးသံအနားကပ်ပြီး 'တစ်သက်လုံးအတွက်'ဟု တိုးတိုးလေး ထပ်ပြောမိတော့ ကောင်မလေးခမျာ ခေါင်းပင် မဖော်ရဲတော့ပါ။





'ကိုကိုနော်'

'ဗျာ. .'

'ကြည့်ပါလား. . ဘယ်သူက ခေါ်နေလို့လဲ'

'သူ့အလိုလို ထူးချင်နေတာ ဘယ်လိုလုပ်မလဲကွ'

မျက်လုံးလေးနှစ်စုံ ခလုတ်တိုက်မိကြသည်။ မျက်လုံးသည် စိတ်၏ပြတင်းပေါက်လို့ပြောကြသည်။ ဒါဆို တေးသံရဲ့မျက်လုံးထဲမှာ ချစ်ခြင်း၏အငွေ့အသက်တွေ လွှမ်းမိုးနေတာ သူတွေ့လိုက်ရပြီပဲ။

ကျေနပ်ပါပြီလေ၊ ကိုယ့်အချစ်တွေ သူသိအောင် ဖွင့်ပြောဖို့ မပြောဖို့ထက် သူ့အချစ်တွေကို ဖတ်တတ်ဖို့သာ အရေးကြီးပါသည်။ ဒါပေမယ့် တေးသံဆိုတဲ့ကောင်မလေးကို သူ သေမလောက်ချစ်ရတယ်ဆိုတာ ကိုယ်စောင့်နတ်က အသိဆုံးပါပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com

မှိုင်း ဟောက်စ်ဆင်းနေစဉ်ကာလတစ်လျှောက် သနား
ရာကောင်းတဲ့လူနာတွေ အများကြီးတွေ့ခွင့်ရခဲ့သည်။

လူ့ဘဝမှာ အချိန်နည်းနည်းလောက်ထပ်နေခွင့်ရဖို့အတွက်
ဆေးတကာ့ဆေးထဲမှာမှ အနိမ့်ဆုံးဆေးလေး သုံးစွဲဖို့ ပိုက်ဆံမတတ်
နိုင်တဲ့ လူတန်းစားတွေ မှိုင်းရဲ့ပတ်ဝန်းကျင်မှာ အများကြီးရှိပါသည်။

တစ်ခါတလေတော့လည်း ပိုက်ဆံတွေ အများကြီးရှိချင်ပါ
သည်။ ကိုယ်ကျိုးအတွက် သုံးစွဲဖို့မဟုတ်ဘဲ အခက်အခဲဒုက္ခတွေကြုံ
နေရတဲ့ မရှိဆင်းရဲသားတွေကို ပေးလှူချင်လို့ပါ။

shopping တစ်ခါထွက်ရင် သုံး လေးသိန်း အသာလေး
ဖြုန်းနိုင်တဲ့လူတွေကို မှိုင်း မေတ္တာရပ်ခံချင်ပါသည်။

ဆောင်းညှဖြူသိုတာဝေ



ခင်ဗျားတို့ရဲ့ဖိနပ်တစ်ရံဖိုးလောက်၊ ဒါမှမဟုတ်ရင် ပိုက်ဆံ
အိတ်တစ်လုံးဖိုးလောက်ကို ဒီဆေးရုံပေါ်က လူနာတွေကို လာပြီးလှူ
ပေးကြပါ။ ထောက်ပံ့ပေးကြပါ။

ရာပေါင်းများစွာသော လူတွေဟာ လူကြီးမင်းတို့ရဲ့ထောက်
ပံ့မှုကို အချိန်မရွေးလိုအပ်နေပါတယ်။ ဒါပေမယ့် ဒီလူနာတွေဟာ
သူတို့မှာလိုအပ်တဲ့အကူအညီကို လူကြီးမင်းတို့ဆီမှာ လာပြီးတောင်း
ဆယ့်သူတွေ မဟုတ်ပါဘူး။

စာနာတတ်သောနှလုံးသား၊ ညှာတာတတ်သောစိတ်ထား
ရှိသူတိုင်းဟာ လိုလိုချင်ချင်နဲ့ လူတစ်ယောက်အသက်ဆက်ဖို့ ကူညီ
နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ဖော်ရွေသော၊ ချိုသာသော၊ သိမ်မွေ့စွာကြင်နာတတ်သော
ဆရာဝန်လေးကို လူနာတွေက ချစ်ခင်ကြသည်။ အားကိုးကြသည်။
သူတို့ရဲ့အခက်အခဲတွေကို ရင်ဖွင့်ကာ တိုင်ပင်ကြသည်။

ဒီတစ်ခါ မှိုင်းကြုံရတဲ့လူနာက နယ်မြို့လေးတစ်မြို့က
ရောက်လာပြီး ဆေးကုသမှုခံယူနေတဲ့ဒေါ်ရင်လို့ခေါ်တဲ့အဒေါ်ကြီး
တစ်ယောက်။ သူ့ယောကျ်ားနဲ့သားနှစ်ယောက်ကလယ်ထဲမှာအလုပ်
လုပ်တဲ့သူတွေ။ နေပူမိုးရွာမရှောင် ရုန်းကန်ရတဲ့သူတွေမှန်း ရုပ်တွေ
ကြည့်ကြည့်ရင် သိသာပါသည်။

ဆောင်းညှဖြူသိုတာဝေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်ရဲ့အခြေအနေက အဆိုးဆုံးအဆင့်ကို ရောက်နေပြီ CA Cervix(သားအိမ်ခေါင်းကင်ဆာ) မှာ သူက နောက်ဆုံးအဆင့်ရောက်မှ၊ အချိန်တွေ လွန်ကာမှ ရောက်လာခဲ့သည်။

ဆရာဝန်ကြီးက သူ့ကို chemoသွင်းဖို့ ဆုံးဖြတ်လိုက်သည် လူနာရှင်ကို ဖွင့်ပြောသော်လည်း ဆေးပညာပဟုသုတမရှိသူမို့ သိပြီး နားလည်ပုံမရပါ။

သူတို့ သိချင်နေတာက ဘာဆေးသွင်းမှာလဲ ဆိုတာထ ဆေးရဲ့တန်ဖိုး ဘယ်လောက်ရှိသလဲဆိုတာသာ ဖြစ်သည်။

ဒေါ်ရင်ဟာ မှိုင်းကိုတွေ့တိုင်း ဆရာလေး၊ ဆရာလေးလို့ အားကိုးတကြီးခေါ်တတ်သည်။ ဒီနေ့ မှိုင်းကို ဒေါ်ရင်စောင့်နေပုံ သည်။

'ဘယ်လိုလဲ ဒေါ်ဒေါ်၊ ဒီနေ့ နေကောင်းတယ် မဟုတ်လား'

ဒေါ်ရင်ရဲ့မျက်နှာလေး ညှိုးသွားသည်။

'ကျုပ် ပြန်တော့မယ် ဆရာလေးရယ်. . ဆေးသွင်းဖို့ ပိုက်ဆံပြည့်မှာ မဟုတ်ဘူး၊ ဆရာလေးကို နှုတ်ဆက်ချင်လွန်းလို့ စောင့်နေတာ'

သူပြောတာ ဟုတ်မှာပါ။ သူ့ပစ္စည်းတွေ အားလုံး ထုပ်ပိုးထားပြီးပြီ။ ဒီအတိုင်းပြန်သွားရင်သူ့သက်တမ်းပိုပြီး တိုသွားမှာပေါ့





မှိုင်း ဒေါ်ရင့်ကို မဖြစ်မနေ တားရလိမ့်မည်။

'ဒီမှာ ဒေါ်ဒေါ်. . ကျွန်တော် ပြောပြမယ်၊ ဒီဆေးကိုတော့ ဒေါ်ဒေါ်ဖြစ်အောင်သွင်းသွားပါ၊ပိုက်ဆံမတတ်နိုင်ဘူးဆိုရင်လိုတဲ့ငွေ ကျွန်တော်စိုက်ပေးပါ့မယ်၊ ဒေါ်ဒေါ့်မှာ ဘယ်လောက်ရှိသလဲပြော'

'ဘယ်မှာသိပ်ရှိပါ့မလဲ သားရယ်၊တစ်နေ့လုပ်မှတစ်နေ့စားတာ၊ ရွှေနှစ် စပါးပေါ်တုန်းက သားလေးနှစ်ယောက်ကို ပဉ္စင်းခံဖို့ ထားတဲ့ငွေလေးပဲ ရှိတာ၊ အဲဒါကလည်း သောင်းဂဏန်းလေးမဖြစ်လောက်ပါ ဆရာလေးရယ်. . ကျုပ်တော့ စိတ်ကို လုံးလုံးလျှော့ချထိုက်ပြီကွယ်၊ သေမင်းခေါ်တဲ့အချိန် လိုက်သွားရတော့မှာပေါ့'

ပြောပြီး ဒေါ်ရင် ငိုနေပါ၏။ ရှိရင်းစွဲ အသက်အရွယ်ထက်ပြီးအိုစာနေသော ဒေါ်ရင်။ ရောဂါ၏နှိပ်စက်မှုကြောင့် လောကကြီးကို အရှုံးပေးထားသော ဒေါ်ရင်. . မှိုင်းရင်ထဲတွင် နင့်လာသည်။ အမေတုန်းကလည်း အဲဒီလို ကင်ဆာနဲ့ပဲ ဆုံးသွားခဲ့တာ။ သူ့အိတ်ထဲမှာ ဘယ်လောက်ပါသလဲလို့ထုတ်ကြည့်လိုက်သည်။ တစ်ထောင်တန် အရွက်နှစ်ဆယ်ထွက်လာသည်။

'ကျွန်တော် သိတာတော့ လေးသောင်းကျော် ငါးသောင်းလောက်ဆို ရမှာပါ'

ဒေါ်ရင့်မျက်နှာမှာမျှော်လင့်ချက်တွေဖြင့်ဝင်းပလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'တကယ် . . ဆရာလေး တကယ်ပြောတာလားဟင်၊ အဲ
လောက်ပဲ ကုန်မှာလား'

ရိုးသားဖြူစင်လွန်းတဲ့ ဒေါ်ရင်ရယ်လေ။ သူ့ခမျာ အသ
ရှင်ချင်ရှာမှာပေါ့။ သူ့မိသားစုနဲ့အတူနေချင်ဦးမှာပေါ့။ မလွဲသာလွှ
လို့သာ အားလျှော့ထားရတာ။

မှိုင်းမှာ သူ့ကိုကြည့်ပြီး သနားတာသာ သိတော့သည်။

လေးငါးသောင်းဆိုတာ ဆေးတစ်ကြိမ်သွင်းဖို့အတွက် ကု
ကျငွေဆိုတာသာ သူသိသည်။ နောက်ထပ် ထပ်သွင်းမည့် ဆေး
တွေ ဘယ်လိုလုပ်ပြီးရှာမလဲ။

ငွေကြေး တတ်နိုင်သောသူ တစ်ဦးဦးက ဒေါ်ရင့်အတွ
ဆေးဖိုးတွေလာလှူပေးရင် ဘယ်လောက်ကောင်းမလဲဟု သူ တော
တမိသည်။

'ဒေါ်ဒေါ့်ယောကျ်ားကော မတွေ့ပါလား'

'သူကငွေသွားရှာနေတာ . . ရလိုရငြားပေါ့ဆရာလေးရဲ
ဒေါ်ဒေါ်တို့ဘဝက အိုစာနာ့စာစုဆောင်းဖို့ အခွင့်အရေးမှမရှိတာ
ဟော . . ဟိုမှာ ပြန်လာကြပြီ'

ဒေါ်ရင့်ယောကျ်ားသည် ချွေးတွေကိုသုတ်ရင်း မှိုင်းတ
အား ကိုးတကြီးတိုင်ပင်ရှာသည်။





'ဆရာလေး . . ပိုက်ဆံ သွားရှာတာ နှစ်သောင်းခွဲပဲ ရလာ
တယ်၊ ဘယ်လိုလုပ်ရမလဲ မသိတော့ဘူး'

မှိုင်းက သူ့အိတ်ထဲမှ ငွေနှစ်သောင်းကို ဒေါ်ရင့်လက်ထဲသို့
ရိုရိုသေသေထည့်ပေးလိုက်သည်။

'ဒါလေး လက်ခံပါ ဒေါ်ဒေါ် . . ကျွန်တော် ထတ်နိုင်သမျှ
ဒါနပြုတာပါ'

ဒေါ်ရင်က မျက်ရည်တွေဝဲပြီး မှိုင်းကိုကြည့်သည်။

'ဆရာလေးမှာ သုံးဖို့ရော ရှိသေးရဲ့လားကွယ်၊ ဒေါ်ဒေါ်သိ
တာက ဆရာလေးမှာ ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ကိုယ့်တာကိုယ်
ရုန်းနေရတာဆို'

'ဒါတော့ ဒါပေါ့ ဒေါ်ဒေါ်ရယ်၊ အခုဟာက ကြုံကြိုက်တုန်း
ကျွန်တော် ကုသိုလ်ပြုခွင့်ရသွားတာ'

ဒေါ်ရင်က ဝမ်းသာဝမ်းနည်းဖြင့် ဆုတွေ တသီကြီးပေးပါ
တော့သည်။

'ဆရာလေးဘဝတစ်လျှောက်လုံး လူနာတွေကို တယ်တင်
စောင့်ရှောက်နိုင်တဲ့သူ ဖြစ်ပါစေ၊ ဒေါ်ဒေါ်တို့လို ဝဋ်နာ ထံမှာ
ဝေ ဒနာတွေ ကင်းရှင်းပါစေကွယ်'

ဆေးရုံမှာ ဒေါ်ရင့်လိုလူတွေ အများကြီးရှိပါသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



တန်လို့ မာန်လျှော့ပြီး အိမ်ပြန်သွားရတဲ့သူတွေ ဘယ်လောက်သနား ဖို့ ကောင်းသလဲ။

ဒေါ်ရင် ပေးတဲ့ဆုကို ခံယူပြီးနောက် လူနာတစ်ယောက်ဆီ ထွက်ခဲ့ရပြန်သည်။

ဒီလူနာ၊ ဒီခန္ဓာကိုယ်မှာ ဒီဝေဒနာနဲ့ပေမယ့် နောက်လူနာ နောက်ခန္ဓာမှာတော့ နောက်ထပ်ဝေဒနာတွေနှင့် သူ့ကို ဆီးကြိုနေ ဦးမည်။

❖

မုပိုင်နှင်းဆီကို
Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and
become a fan



'ဆရာ. . ဟိုကုတင်ပေါ်က လူနာက HIV(+)နော်၊ ဒီနေ့ ဆရာ roundလှည့်ရင် သတိထားရအောင် ပြောတာ'

သူနာပြုဆရာမလေး ပြတဲ့ တစ်ယောက်ဟာ ဘယ်သူ့ကို မှ မကြည့်ဘဲ မျက်လုံးတွေ အမြဲမှိတ်ထားသတဲ့။ ဂျစ်တီးဂျစ်တန်နဲ့ အားလုံးကို ခွကျကျဆက်ဆံသတဲ့။ အဆိုးဆုံးက သောက်ဆေးတွေ ကို မသောက်ဘဲ လွှင့်ပစ်တဲ့ကိစ္စ။ ဒီနေ့တော့ ဒီလူနာနှင့်သူ နပန်း လုံးရဦးမည်။

'ကိုဝဏ္ဏ'

မှိုင်းခေါ်တော့ သူပြန်မထူးပါ။ အိပ်နေတာမဟုတ်မှန်း သိ ပေမယ့် အိပ်ချင်ယောင်ဆောင်နေသူဆိုတော့ နှိုးရခက်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား မအိပ်ဘူး မဟုတ်လား၊ ကျွန်တော်ပြောစရာလေး ရှိလို့ မျက်လုံးခဏဖွင့်ပါဦး'

ဘာသံမှထွက်မလာသလို မျက်လုံးလည်း ဖွင့်မလာပါ။ ဘေး ကုတင်မှာရှိတဲ့ လူနာတွေက မှိုင်းကို အားနာလာကြသည်။

'ဟော့လူ. . ဆရာခေါ်နေတယ်လေ'

'သူက ဒီလိုပဲ ဆရာ. . တစ်ချိန်လုံး ဒီလိုပဲနေနေတာ'

လူနာတွေက တစ်ယောက်တစ်ပေါက်ဝိုင်းပြီး ပြောတော့ ကိုဝဏ္ဏဆိုတဲ့သူက

'အဲဒီဆရာဝန်ကတော့ လက်အိတ် ဆယ်ထပ်လောက် စွပ် လာရဲ့လား'

ထိုသူက နာကြည်းစွာ မေးလာသည်။

'အေးပေါ့လေ. . ဝိုင်းပြီး ရှုမယ်ဆိုလည်း ရှုလောက်တာကိုး လမ်းပေါ်က ခွေးတစ်ကောင်လောက်တောင်မှ တန်ဖိုးမရှိတော့ဘူး'

သူ့ဘဝ သူအားငယ်နေတာကိုး။ ဝမ်းနည်းနေရှာတာ. .

မှိုင်းသည် သူ့လက်တွင်စွပ်လာသောလက်အိတ်ကို ဆွဲချွတ် ပစ်လိုက်သည်။

မိုက်ရူးရဲဆန်တယ်ပြောလည်း ခံရုံပါပဲ။

'ကဲ. . ကိုဝဏ္ဏ၊ ခင်ဗျားနဲ့ကျွန်တော် လက်ဆွဲပြီး နှုတ်ဆက်





ရအောင်၊ ကျွန်တော့်နာမည် မှိုင်းဝေဟင်ပါ။ တွေ့ရတာ ဝမ်းသာပါ တယ်'

ကိုဝဏ္ဏသည် မျက်လုံးတွေ ပွင့်လာပြီး မှိုင်းဝေဟင်လို့ခေါ် တဲ့ အလုပ်သင်ဆရာဝန်လေးကို ထူးဆန်းအံ့သြစွာ ကြောင်ပြီး ကြည့် နေမိသည်။

'ဘာလဲဗျ၊ ဘာလို့ ကြောင်ပြီးကြည့်နေတာလဲ. . ခင်ဗျားနဲ့ ကျွန်တော် မိတ်ဆွေဖွဲ့နေတာလေ'

ကိုဝဏ္ဏခမျာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သူ့လက်တစ်ဖက် ကို တွန့်ဆုတ်တွန့်ဆုတ် တမ်းပေးရှာသည်။

'Thank you ဗျာ. . အခုချိန်ကစပြီး ခင်ဗျားနဲ့ကျွန်တော် ဘော်ဒါတွေ ဖြစ်သွားပြီ၊ ခင်ဗျားမှာလိုအပ်နေတဲ့ အခက်အခဲတွေ၊ အကူအညီတွေကို အချိန်မရွေး ရင်ဖွင့်လို့ရတယ်၊ နောက်တစ်ခုပြော ရဦးမယ် ကိုဝဏ္ဏ၊ လူတွေအားလုံးဟာ ဘာအတွက်မွေးဖွားလာတယ် လို့ ထင်သလဲ'

'နောက်ဆုံးတစ်နေ့မှာ သေခြင်းနဲ့အဆုံးသတ်ရမှာပါပဲ'

ကိုဝဏ္ဏက ဒီလိုဖြေပေးတဲ့အတွက် မှိုင်းစိတ်ထဲတွင် အကျေနပ်ကြီး ကျေနပ်သွားသည်။ မှိုင်းက ကိုဝဏ္ဏတုတင်ပေါ် တွင် တင်ပါး လွှဲဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'Rihgt. . ခင်ဗျားက သေခြင်းတရားဆိုတာကို သဘောပေါက်သွားပဲ၊ အရမ်းချမ်းသာတဲ့ မီလျံနာကြီးတွေလည်း သေမှာပဲ၊ ဆင်းရဲလွန်းလို့ လမ်းဘေးမှာတောင်းစားနေရတဲ့ သူတောင်းစားတွေလည်း သေတာပဲ၊ ဒါဖြင့်ရင် ရောဂါရှိတဲ့လူတွေပဲ သေလို့လား၊ no မဟုတ်ဘူးနော်၊ ဘာရောဂါမှမရှိဘဲ လမ်းသွားရင်း ကားတိုက်လို့ဖြစ်ဖြစ်၊ သဘော်မှောက်လို့၊ လေယာဉ်ပျက်ကျလို့. . သေနေတဲ့လူတွေကမ္ဘာပေါ်မှာ အများကြီးပဲ၊ နောက်ပြီး ခင်ဗျားရောဂါကြောင့် လူတွေရဲ့ပစ်ပယ်ခြင်းကိုခံနေရတယ်လို့ အားငယ်တဲ့အတွေးတွေ မတွေးပါနဲ့ဗျာ. . ဆရာဝန်တွေ၊ nurseတွေက လက်အိတ်တွေ၊ maskတွေ တပ်တယ်ဆိုတာက သူတို့ဆီမှာ ပါလာနိုင်တဲ့ ရောဂါပိုးတွေ ခင်ဗျားကို ကူးစက်မှာစိုးလို့ပါဗျာ၊ ခင်ဗျားမှာက ကိုယ်ခံအားနည်းနေတာလေ. . အဲဒီတော့ ဘယ်သူ့ဆီက ရောဂါမဆို အလွယ်တကူလက်ခံနိုင်လို့ သူတို့က ကာကွယ်ပေးတာ၊ အကောင်းမြင်တဲ့ စိတ်ကလေးမွေးပြီး လူတိုင်းကိုကြည့်နိုင်ရင် သိပ်ပြီး အေးချမ်းတာဗျ'

'ကျေးဇူးတင်ပါတယ် ဆရာလေး၊ ကျွန်တော်က သေမထူးနေမထူးဘဝမို့ အချိန်တိုင်း သေချင်နေတာ၊ အဖန်ငါးရာငါးကမ္ဘာကိုတောင် မကြောက်နိုင်တော့ဘူး၊ အခွင့်အရေးရရင် ကိုယ့်ကိုယ်ကို သတ်သေဖို့အထိတောင် တွေးထားတာ'





'အဲဒီလိုလုပ်ရင် ခင်ဗျား လုံးဝမှားသွားမှာပေါ့၊ သေနေတာထက် ရှင်နေတာက ပိုမြတ်တယ် ကိုဝဏ္ဏ၊ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် သေခြင်းတရားကို ကိုယ်က ပိုင်းဖြတ်နေစရာမလိုဘူး. . ဒီရုပ်ကြီးရှိနေရင် ဖောက်ပြန်တဲ့သဘောတရားတွေ ရောက်လာမှာပဲ. . အဲဒါကိုလိုက်ပြီး ခံစားနေရင် ကိုယ့်စိတ်ကိုယ်ညှဉ်းဆဲနေသလိုပဲ. နော်. . ငါ့မှာမှ ဖြစ်ရလေခြင်းရယ်လို့ ကံကြမ္မာကို အပြစ်တင်နေတော့ရော ဘာထူးမှာလဲ၊ ကိုယ့်ဆီကိုရောက်လာတဲ့ ဆိုးခြင်း၊ ကောင်းခြင်းတွေအကုန်လုံးကို လိုလိုချင်ချင်နဲ့ ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပါ ကိုဝဏ္ဏ၊ ဒါဆို ခင်ဗျားစိတ်ထဲမှာ တော်တော်နေလို့ကောင်းသွားမယ်ဗျ'

ကိုဝဏ္ဏက သူ့စကားတွေကို သေသေချာချာ နားထောင်ပြီး မေးခွန်းပြန်ထုတ်လိုက်သည်။

'တကယ်လို့ ဆရာလေးမှာ ကျွန်တော့်လို လူတကာ ရွံရှာတဲ့ ရောဂါကြီးဖြစ်လာပြီဆိုရင် ဘယ်လိုနေမလဲ. . sorry ကျွန်တော် ဒီလိုမေးလို့ စိတ်မဆိုးပါနဲ့၊ သိချင်လို့ပါ'

'ကြိုက်တယ်ဗျာ. . ခင်ဗျားမေးတာ ကျွန်တော် ဖြေပါမယ်၊ ကျွန်တော်သာဆိုရင် ခင်ဗျားလို ဆေးတွေ လွှင့်ပစ်မနေဘူး အသက် ရှင်ခွင့်ရတဲ့ နောက်ဆုံးအချိန်ထိ ဆေးတွေ သောက်ပြီး စောင့်သွား



www.burmeseclassic.com

www.burmeseclassic.com



ခယ်။ ဥပမာပြောရရင် ဟိုးအရင်က တီဘီရောဂါဆိုတာနဲ့ သေတာ တာ များတယ်. . အခုအချိန်မှာတော့ ဆေးခြောက်လသောက်တာနဲ့ အမြစ်ပြတ်သွားပြီ၊ ဟုတ်တယ် မဟုတ်လား. . ခင်ဗျားရောဂါလည်း အဲဒီလိုမဖြစ်လာဘူးလို့ မပြောနိုင်ဘူးလေ. . နောက်ဆုံးတစ်နေ့ထိ မျှော်လင့်ချက်ဆိုတာ ရှိသင့်တယ် ကိုဝဏ္ဏ၊ ဘယ်ရောဂါမဆိုပေါ့ဗျာ'

ကိုဝဏ္ဏသည် မှိုင်းလက်မောင်းကို အားပြုကာ အိပ်နေရာမှ ထပြီးထိုင်လိုက်သည်။ ထိုနောက်

'အခု ကျွန်တော် ဘာဆေးသောက်ရမလဲ ဆရာ၊ ဆေးပေးလေ'

မှိုင်း ကျေနပ်ပါသည်။ ရောဂါသက်သာအောင် ဆေးနဲ့ထိန်းလို့ရပေမယ့် စိတ်ထဲကို အားဖြည့်ပေးဖို့ကျတော့ ဆေးတိုက်ရုံနှင့်မလုံလောက်ပါ။ ထိုအခါမျိုးမှာ လူနာကို ဖျောင်းဖျောင်းဖျဖျနှင့်ကြင်နာစွာ နွေးထွေးစွာ ပြုမူဆက်ဆံဖို့ အလွန်အရေးကြီးပါသည်။

သူတို့လိုလူနာတွေက နဂိုကတည်းက စိတ်ဓာတ်က zero ဖြစ်နေပြီလေ. . အဲဒါကိုမှ ဝိုင်းပြီး ထိုးနှက်ဦးမယ်ဆိုရင် ရှုံးပြီး သေဖို့ပဲ ရှိတော့တာပေါ့။

ကိုဝဏ္ဏသည် မှိုင်း ကိုယ်တိုင်တိုက်သော ဆေးကို အသာတကြည်ပင် သောက်ရှာသည်။





'ကိုဝဏ္ဏ. . ခင်ဗျားနဲ့ကျွန်တော် ထမင်းအတူတူ စားဦး မယ်နော်. . ကျေးမှာလား'

'ခင်ဗျာ. . ဆရာ. . ဆရာက တကယ်လာစားမှာလား'

'ဒါပေါ့ဗျ'

'ကျေးမှာ. . ကျေးမှာပေါ့ဗျ. . ကျွန်တော့်ဘဝမှာ မိတ်ဆွေ သူငယ်ချင်းတွေနဲ့ ထမင်းအတူတူစားခွင့်မရှိတာ ကြာပါပြီ၊ ဟိုးအရင်တုန်းတော့ ညတိုင်း သူငယ်ချင်းတွေ တရုန်းရုန်းနဲ့သွားစားကြတာ. . ဆရာနဲ့ ကျွန်တော် ထမင်းအတူတူစားဖို့ မထိုက်တန်ပါဘူးဗျာ'

မှိုင်း ဝမ်းနည်းလို့ မျက်ရည်တောင် ဝဲလာသည်။ ဒါဝေဖယ့် သူသိလို့ မဖြစ်ဘူး။ လူတွေ ဒီလောက် ပစ်ပယ်ထားမှတော့ သူဘယ်ဆို ရှင်သန်တော့မလဲ။ ဘာအတွက် အသက်ရှင်ရဦးမှာလဲ. .

အချိန်နည်းနေပြီဆိုမှ သူစိတ်ချမ်းသာအောင် ထားပေးရမှာပေါ့။ ခက်တာက. . သူ့အနားမှာ သူ့ရဲ့မိသားစုဆိုတာကို အရိပ်အယောင်တောင်မှ မတွေ့ရပါ။

ဝဋ်ကြီးလိုက်တာ ကိုဝဏ္ဏရာ. .

'ကဲ. . ကိုဝဏ္ဏ၊ ကျွန်တော်က စားချင်တယ်ဆိုရင် လာစားမှာပဲ. . ခင်ဗျား ငြင်းလို့မရဘူး. . အခုတော့ တခြားမှာ သွားကြည့်ဦးမှာမို့ ခွင့်ပြုပါဦးနော်'



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏ ဆိုသူသည် သူ့ကို အထူးအဆန်းတစ်ယောက်လို ငေးကြည့်ပြီး ကျန်နေခဲ့သည်။

သူနာပြုဆရာမလေးတွေ မှိုင်းနောက်ကို အပြေးလိုက်လာ ကြသည်။

'ဟေး. . . ဒါမှ ဒေါက်တာမှိုင်းဝေယင်ကွ၊ တို့ဆရာက သိပ် တော်တာပဲကွာ. . . တကယ်ချီးကျူးတယ် သိလား'

လက်ခုပ်လက်ဝါးတီးပြီး မှိုင်းကို သူတို့ဂုဏ်ပြုနေကြသည်။

'ကျွန်တော်လုပ်သလို ခင်ဗျားတို့လည်း လုပ်နိုင်တာပဲ ဘယ် လိုလဲ လုပ်မယ် မဟုတ်လား'

'လုပ်မယ် ဆရာ'

သူတို့ရဲ့ ဖြေသံက တညီတညွတ်တည်း ထွက်လာသော အခါ မှိုင်း ကျေနပ်စွာပြုံးမိပါသည်။

❖



နေ့တစ်နေ့၏အစတွင် မှိုင်းသည် တက်ကြွသောခြေလှမ်း များ ကြွားသော စိတ်ဓာတ်ဖြင့် ဆေးရုံသို့ လာခဲ့သည်။

ပြီးတော့ သူ့ရဲ့ ဝသီအတိုင်း တွေ့သမျှသူအားလုံးကို နှုတ် ဆက်သွားသည်။

'Morning'

Sister ကြီးကို မှိုင်းက နှုတ်ဆက်တော့

'သား . . သားတော်ဒါကြီး ညက ဆုံးသွားပြီ'

'ဗျာ. . ကိုဝဏ္ဏကြီးလား'

'ဟုတ်တယ် သား၊ သူ သေခါနီး ဘာပြောသွားတယ် မှတ် သလဲ. . တော်ပါပြီ သားရယ်၊ ငါ့ရင်ထဲမှာ ဆို့လွန်းလို့ပြောမထွက်တော့ ဘူး။ မင်းဘာသာမင်း သွားကြည့်လိုက်ပါတော့. . သူ့ကုတင်ဘေး က စားပွဲပေါ်မှာ မင်းအတွက် သူထားပေးခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



မိုင်းသည် ကိုဝဏ္ဏ နောက်ဆုံးအိပ်ခဲ့သော ကုတင်ဆီ တုန်လှုပ်သောခြေလှမ်းများဖြင့် ရောက်အောင်သွားမိသည်။

ပါဆယ်ဖော့ဘူးလေးတစ်ဘူးက သူ့ကို ဆီးကြိုနေသည်။ တစ်ဖက်ကုတင်ဘေးမှ လူနာကို သွေးပေါင်ချိန်ပေးနေသော သူနာပြုဆရာမလေးက

'ဆရာ. . ကိုဝဏ္ဏကြီးက ဆရာ့ကိုကျွေးမလို့တဲ့၊ မနေ့ညနေက လူနာစောင့်တစ်ယောက်ကို ပိုက်ဆံပေးပြီး တကူးတက သွားဝယ်ခိုင်းထားတာလေ၊ ကျွန်မတို့တောင် စကားမပြောစဖူးပြောသွားသေးတယ်၊ ဆရာဝန်လေးက သိပ်ပြီး ကြင်နာတတ်တာပဲတဲ့. . သူကျွေးတဲ့ကြက်ဆီထမင်း ဆရာက ကြိုက်ပါ့မလားမသိဘူးလို့ ပြောနေသေးတာ'

ဖော့ဘူးလေးကို လက်မှာ ကိုင်ထားရင်း ကိုဝဏ္ဏကို မြင်ယောင်လာသည်။

သူ့ အကျင့် ဘယ်လိုရှိသလဲ ကျွန်တော် မသိဘူး။

သူ့စရိုက်ကရောဘယ်လိုလဲ ကျွန်တော် စိတ်မဝင်စားဘူး

သူ့ အထာကိုတော့ ကျွန်တော် သိခွင့်ရခဲ့ပါတယ်။

ဒါပေမယ့် သူဟာ ဒီဆေးရုံကို နောက်တစ်ခါ လာခွင့်မရှိတော့ဘူး။





HIVပိုးရှိလို့ လူတွေရဲ့ကဲ့ရဲ့ခြင်းကိုလည်း သူခံရမှာ ဟုတ် တော့ဘူး။

'ဆရာမ. . သူ့ဆွေမျိုးတွေ လာသေးလား'

'အကြောင်းကြားသေးတယ်. . တစ်ယောက်မှ မလာလို့ သူ့ dyကို ပိုင်ရှင်မဲ့လုပ်လိုက်ရတယ်လေ'

သနားစရာဗျာ။

တစ်ယောက်တည်း လာပြီး တစ်ယောက်တည်း ပြန်သွားရ ကိုဝဏ္ဏ။

နောင်ဘဝဆိုတာရှိခဲ့ရင် သူ့ဘဝမှာ ခုလိုမျိုးအဖြစ်ဆိုးကြီး လွတ်မြောက်နိုင်ပါစေ။

'သူ့ကို ဆရာက အလေးအနက်ထားတယ်ဆိုပြီး ပျော်သွားတာ'

'လူနာတစ်ယောက်ကကျွေးတဲ့ ထမင်းကို ကျွန်တော် ဘယ်ကြိုက်ပါ့မလဲဗျာ၊ ဒါပေမယ့် ခုတော့ သူ့စေတနာကို အသိအမှတ်ပြုပြီး စားရတော့မှာပေါ့'

ထိုနေ့နံနက်က မိုင်းစားရသော ကြက်ဆီထမင်းသည် အေးဘာ မာတောင့်နေသည်။

သို့သော်လည်း သူ မစားလို့မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏကြီး ကျေနပ်သွားစေချင်သည်။

ကိုဝဏ္ဏရဲ့စေတနာကို သူနားလည်ထားသည်။ ထမင်း

စားမယ် ပြောလိုက်လို့ ပျော်သွားတဲ့ ကိုဝဏ္ဏမျက်နှာကို တရေး

မြင်ယောင်လာသည်။

သူ့မျက်လုံးမှ ပူနွေးသောမျက်ရည်များ စီးကျလာသ

ငါ ငိုနေတာပါလား . . .

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



မှိုင်း အလုပ်သင်ဆရာဝန်ဘဝရောက်ကတည်းက ဦးသက်

တို့အိမ်မှာ ပြောင်းပြီးနေရသည်။

အဆောင်နေရင် ပိုက်ဆံကုန်တယ်ဆိုပြီး တေးသံတို့အမေ

သူတို့အိမ်မှာ လာနေခိုင်းသည်။

မှိုင်း ငြင်းဖို့မစဉ်းစားမိပါ၊ ကိုယ့်ချစ်သူရဲ့ မျက်နှာလေးတို

နေကုန်ထိုင်ကြည့်ခွင့်ရမည့် အခွင့်အရေးကို သူ လက်လွတ်မခံ

ပါ။

အားကိုးလောက်စရာ ယောကျ်ားသား မရှိတဲ့အတွက် ထို

တွင် မှိုင်းသည် အခရာဖြစ်လာခဲ့သည်။

ဒီနေ့ အိမ်ပြန်လာရတာ မလန်းဆန်းပါ။ အသွားတုန်းက

ဆန့်ကျင်စွာ တက်ကြွမှုတွေ ကင်းမဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ပြန်လာပြီ. . တေးသံတို့ ထမင်းစားမလို့ ကိုထို
စောင့်နေတာ. .'

'စားနှင့်ရောပေါ့ တေးသံရာ၊ တော်ကြာ ဗိုက်တွေဘာ
အောင့်နေဦးမယ်'

တေးသံရဲ့ လက်နုနုလေးတွေက သူ့လက်မောင်းကို
လာရင်း

'အောင့်. . အောင့်ပေါ့. . တေးသံမှာ ကိုကိုဒေါက်တာ
တစ်ယောက်လုံးရှိနေတာပဲ ဥစ္စာ ကိုကို ကုပေးမှာပေါ့နော်. .
ဒါကြောင့်လေ. . တေးသံက ဘာရောဂါမှမကြောက်တော့ဘူး

ပြောပြီး သူ့ဘာသူသဘောကျစွာ တဟင်းဟင်းနှင့် ရယ်
သည်။ ဆည်းဆာရဲ့ရွှေအိုရောင်ဖြန့်ကျက်မှုအောက်မှာ အညို
ဆံနွယ်လေးတွေနဲ့ တစ်ဖက်လှ အသက်ရှူမှားအောင် ညှို့ငင်နိုင်
ရှိတဲ့ ကျွန်တော့်ချစ်သူ။

ဘယ်လိုပဲကြည့်ကြည့်. . ကြည့်လို့ မဝသလို ချစ်လို့လ
မဝနိုင်ပါ။ မှိုင်းသည် တေးသံနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ပြ
ရင်း တေးသံရဲ့ ပခုံးဝန်းဝန်းကလေးကို လက်နှစ်ဖက်
ညင်သာစွာကိုင် ရင်း

'တေးသံ. .'





ဟု တိုးဖွဖွစွာခေါ်မိသည်။ တေးသံက အရည်လဲ့နေသော
မျက်ဝန်းလေးတစ်စုံဖြင့် ဆွဲငင်စွာ မော့ကြည့်လာသည်။

'မင်းကို ကိုကို သိပ်ချစ်တယ်. . သိလား'

ရှက်သွားတဲ့ ကောင်မလေးရဲ့မျက်နှာကို သူ့ရင်ခွင်ထဲမှာ
ဝှက်ထားလိုက်သည်။

'ဟော့. . ကိုကို့ကို ချစ်တယ်လို့ ပြောပါဦး ကြားချင်လို့ပါ
ကွာ'

တေးသံက ရှက်ပြုံးလေးပြုံးရင်း သူ့ရင်ခွင်ထဲမှ ထွက်ပြေး
သွားပါသည်။ တော်တော်ရှက်တတ်တဲ့ကောင်မလေး။

သူ့ရင်ထဲတွင် ကျလိ ကျလိနှင့် အသည်းတွေ ယားပြီး တွန်
ခဲ့ရသည်။ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို ပထမဆုံးအကြိမ်
ရည်းစားစကား ပြောမိသွားခြင်းဖြစ်သည်။

ဒီကောင်မလေးကို သူ့ရင်ထဲမှာ အလေးအနက်ထားပြီးချစ်
ရတာပါ။ အရိပ်တကြည့်ကြည့်နဲ့ အရုပ်ကလေး တစ်ရုပ်လို တယု
တယ ထားချင်သည်။

တန်ဖိုးထားပြီး ချစ်ရတဲ့ အရုပ်ကလေးကို စိတ်မငြိုငြင်စေ
ချင်ပါ။ တစ်မိုးအောက်မှာ နီးနီးကပ်ကပ်လေးရှိနေခွင့်ရတာကိုပဲ
တဲ့ ကြမ္မာကို ကျေးဇူးတင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းတွင် အသံတိတ်နေသော မှိုင်းကို တေးသံက အတဲခတ်နေသည်။ မေမေကတောင် ကိုကို စကားနည်းလို့ အံ့ဩ နေပုံရသည်။

'သား. . အသံတိတ်လှချည်လား၊ ဒီနေ့ ဆေးရုံမှာ ဘာတွေ ဖြစ်ခဲ့လို့လဲကွယ်'

'ကျွန်တော် ဟိုတစ်နေ့က ပြောပြတဲ့ ကိုဝဏ္ဏ. . ဆုံးသွားပြီ အန်တီ'

'ဟယ်. . မြန်လိုက်တာ၊ သားပြောပြလို့ အန်တီကတောင် ဘုရားမှာ ဆုတောင်းပေးသေးတယ်ကွယ်. . . အားလုံးဟာ အနိစ္စ သဘောတွေပါပဲ'

'သူဆုံးသွားတော့ စိတ်မကောင်းဖြစ်တယ်မဟုတ်လား မှိုင်း'

'ဖြစ်တယ် ဦး. . ခုထက်ထိ ရင်ထဲမှာ နင့်နေတုန်းပဲ'

'ဒါတောင် မင်းနဲ့ဘာမှသွေးသားတော်စပ်တာ မဟုတ်ဘူး နော်၊ ဦးသားလေးနွေဦး ဆုံးသွားတော့ ရူးမတတ်ဖြစ်ခဲ့ရတာ၊ ကိုယ်ချင်းစာတတ်မှာပါကွာ'

ဒေါ်မြင့်မြင့်နွယ်က ဦးသက်နွေကို စကားလမ်းကြောင်း ပြောင်းပေးလိုက်သည်။ အတိတ်ကို ပြန်ပြီး တူးဆွနေရင် နာကျင် ကြေကွဲတာတွေ ပြန်ပြီး ပေါ်လာလိမ့်မည်။ သူမမှာ အခုချိန်ထိ





မေ မေရေ. . သားခေါင်းကို တူနဲ့သာ ထုပေးပါတော့ဗျာ'လို့ နာလို့ ငိုပြီး ပြောတဲ့ သားရဲ့အသံလေးကို နားထဲမှာစွဲနေတုန်းပဲ။

'သူ မသေခင် ကျွန်တော့်ကို ကျွေးဖို့ ကြက်ဆီထမင်းဝယ် ထားပေးတယ် ဦး'

အဲဒီအတွက် မှိုင်း တကယ်ကြေကွဲရပါသည်။ သူ စိတ်မ ကောင်းဖြစ်နေမှန်းသိလို့ ဦးသက်နွေက

'သူ သာဓုခေါ်နိုင်အောင် အမျှဝေပေးပေါ့ သားရယ်'

ထမင်းကို ဟုတ်တိပတ်တိမစားနိုင်သော မှိုင်းကို တေးသံ သနားမိသည်။

လူကြီးတွေ ထမင်းစားပြီး ထသွားတော့ တေးသံက မှိုင်းကို တိုးတိုးလေး ခေါ်သည်။

'ကိုကို. .'

မှိုင်းနှင့်သူမ မျက်လုံးချင်းဆုံမိစဉ် တေးသံက လက်ညှိုးနှစ် ချောင်း၊ လက်မနှစ်ချောင်းဖြင့် အသည်းပုံလေး ဖော်ပြလိုက်သည်။ ဒါးစပ်မှလည်း အသံမထွက်ဘဲ လှုပ်ရှားလေး 'I Love You'တု ပြော သေးသည်။

နောက်ဆုံးပေါ် အဖြေပေးနည်းလေ. . အသံတိတ်လေးနဲ့ ပေါ့။

မှိုင်းမျက်လုံးတွေ ပြုံးလာသည်။ မျက်နှာလေးတ လင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တေးသံလိုချင်တာက အချိန်တိုင်း ကိုကို ပျော်နေစေ ဘာအကြောင်းကြောင့်မှ ကိုကို့ကို စိတ်မညစ်စေချင်ပါ။

နက်နဲတဲ့ချစ်ခြင်းတွေနဲ့ သံသရာဆုံးတဲ့အထိ တေးသံ ချစ်သွားမယ် ကိုကို. .

'ကိုကို့ချစ်သူ ဖြစ်သွားပြီနော်. . ကျောင်းတက်ရင် မ ဘူးနော် ကလေး'

'သဝန်တိုတာကလည်း လွန်ရော'

မှိုင်းသည် တေးသံရဲ့နဖူးလေးကို ဖျတ်ကနဲ နမ်းရင်း လေးနှစ်ဖက်ကို ချစ်စနိုးလေး ဆွဲလိမ်မိသည်။

အချစ် ဆိုတာ. . လူတစ်ယောက်ရဲ့ စိတ်ကို အချိန်မရွေး ပြောင်းလဲစေနိုင်တာပဲလေ. .

ထိုအချိန်ကလေးသည် သူတို့နှစ်ယောက်ရဲ့ရင်ထဲမှာ ထ သက်တာ သိမ်းထားရမယ့် အမှတ်တရပုံရိပ်ကလေးပဲ ဖြစ်လိမ့်မည်

❖



လူ့ဘဝလောကလမ်းပေါ်မှာလျှောက်လှမ်းခဲ့သောနေ့ရက်တွေ ကြာလာသည်နှင့်အမျှ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော အတွေ့အကြုံများအရ မှိုင်းသည် လူ့ဘဝရဲ့သဘောသဘာဝနှင့် လူ တွေရဲ့စိတ်ကို ကောင်းစွာဖတ်နိုင်ခဲ့သည်။

ထိုအတူ လူ့ဘွေမှာ တကယ်ရှိတာက အစဉ်သဖြင့် ဖောက်ပြန်နေသောရုပ်နှင့်ထိုရုပ်ဖောက်ပြန်တိုင်း လိုက်ပြီးခံစားတတ်သော နာမ်သာ ဖြစ်သည်။

အတ္တစိတ်တွေနဲ့ အစွဲကြီးတတ်ကြတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေ၊ ရာထူးဂုဏ်သိန်တွေ၊ ရွှေငွေရတနာတွေ၊ လုံးချင်းတိုက်တာတွေ၊ model မြင့် ကားအကောင်းစားကြီးတွေ။ ဒါတွေအားလုံးဟာ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ဘာတစ်ခုမှယူသွားလို့မရဘူးဆိုတာလည်း မှိုင်း ကောင်းစွာ သိခဲ့ပြီဖြစ်သည်။

'After death, everyone the same uniform plane' သေပြီးတဲ့နောက်မှာ လူတိုင်းဟာ တစ်သားတည်း ဖြစ်သွားကြတာပါပဲ။

မသေခင်မှာ စိတ်ထားတတ်ဖို့ လိုသည်။ ဒါန၊ သီလ မြဲဖို့ အရေးကြီးသလို ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်သင့်သည်။

ကြုံတောင့်ကြုံခဲ လူ့ဘဝရတုန်း အခိုက်အတန့်မှာ 'Noble person' မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ဖို့ ကြိုးစားသင့်သည်။

မှိုင်း ဘာဖြစ်လို့ ဒီလိုတွေးမိသလဲဆိုတော့ လွန်ခဲ့သောရက်ပိုင်းအတွင်းမှာ သူ ဆေးခန်းထိုင်သော ရပ်ကွက်အတွင်း၌ သံဝေဂ ရဖွယ် အဖြစ်အပျက် တစ်ခုကို မျက်ဝါးထင်ထင် တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုရပ်ကွက်တွင်နေထိုင်သောလူအများစုမှာ သာမန်လက်လုပ်လက်စားလူတန်းစားများနှင့်ရုံးစာရေးတွေ၊ကုမ္ပဏီဝန်ထမ်းတွေက ပိုများသည်။

လကုန်ရက် လိုငွေပြချိန်တွင် လူအများစု၏ အားထားရာ





သည် ဦးလွန်းမောင် လို့ခေါ်တဲ့ ငွေတိုးချေးတဲ့ သူဌေးကြီး၏အိမ်ဖြစ်သည်။

ပေ ၈၀ × ပေ ၆၀ပေါ်တွင် ခေတ်မီသုံးထပ်တိုက်ကြီးကို တီးထ,နေအောင် ဆောက်ထားပြီး အိမ်စီးကားနှစ်စီးနှင့် Taxi ကားငါးစီးကို ပိုင်ဆိုင်သေးသည်။ သားသမီးလေးယောက် ရှိပြီး အားလုံးက ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ အစိုးရအရာရှိတွေ ဆိုတော့ ဦးလွန်းမောင်တို့လင်မယားမှာ သားဂုဏ်၊ သမီးဂုဏ်၊ ဥစ္စာဓနဂုဏ်တွေ မောက်ပြီး တော်ရုံလူဆို သူတို့မျက်စိထဲမှာ မြင်ကို မမြင်တာ။

တစ်ရပ်ကွက်လုံးမှာ ငါအချမ်းသာဆုံး ဆိုတဲ့ စိတ်ကြီးဝင်ပြီး ငွေလိုလို့ အပေါင်ထားပြီး သူ့အိမ်မှာငွေလာချေးသူတွေကို မချေမငံ သိပ်ပြောတတ်သည်။ ငွေကို လိုသလောက်မပေးဘဲ ပစ္စည်းတန်ဖိုး၏တစ်ဝက်လောက်ကိုသာ တွက်ပြီး ချေးလေ့ရှိသည်။

ကျိုက်ကျိုတက်ချမ်းသာနေပေမယ့် မရှိလို့ ငွေလာချေးရတဲ့သူတွေကို အတိုးလျှော့ပေးရိုးထုံးစံမရှိပါ။ သူက အမြဲတမ်း ငါးတျပ်တိုးယူထားသည်။

အတိုးလျှော့ပေးဖို့ ပြောမိလျှင် 'တစ်ပြားမှ မလျှော့နိုင်ဘူး။ ကြိုက်ရင် ချေး၊ မကြိုက်ရင် မချေးနဲ့'လို့ ရင့်ရင့်သီးသီးပြန်ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မရွဲ့သာလို့ သူ့ဆီမှာ ငွေချေးကြပေမယ့် ရပ်ကွက်ထဲမှာတော့ သူဟာ လူ့မေတ္တာတုံးကြီး ဖြစ်သည်။ သူတင်ပဲလားဆိုတော့ သူ့သားသမီးတွေပါ လူမှုဆက်ဆံရေး ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းကြသည်။

ဦးလွန်းမောင်သည် ရပ်ကွက်ထဲရှိ ဦးရွှေဝင်းနှင့်လုံးဝမတည့်ပေ။ မတွေ့လိုက်နှင့်၊ တွေ့သည့်နေရာတွင် စကားများ ရန်ဖြစ်ကြတော့သည်။

ရပ်ကွက်ထဲရှိ လူတွေအပြောအရ ဦးရွှေဝင်း ဘဝနိမ့်ပါးပြီး စုတ်ပြတ်သတ်သွားအောင် ဦးလွန်းမောင်က စီးပွားရေးမှာ အလဲထိုးပြီး ယုတ်မာခဲ့လို့တဲ့. . .

ဦးရွှေဝင်းကို မှိုင်း သိပါသည်။ မှိုင်းဆီမှာ ဆေးလာလာထိုးဖူးသည်။ ဆေးဖိုးမတတ်နိုင်တဲ့သူဆိုတော့ မှိုင်းက အလကား ကုပေးပြီး ကုသိုလ်ပြုနေတဲ့သူပေါ့။

သူ့ဘဝကလည်း တကယ်သနားဖို့ကောင်းသည်။ ပိုက်ဆံရှိတဲ့ သူဌေးသားဘဝကနေပြီး သူညဘဝလည်းရောက်ရော သူ့မိန်းမ က သူ့ကို ထားပစ်ခဲ့သည်။

သားထောက်သမီးခံကလည်း မရှိတော့ အသက်အရွယ်ရလာချိန်တွင် သူများအိမ်မှာ မှီခိုပြီးကပ်နေရတဲ့ဘဝ။





ဒါတွေကို သိသိကြီးနှင့် ဦးလွန်းမောင်က လျစ်လျူရှုပြီးနေ
ိုင်ရက်သည်။ တကယ်ဆို သူတို့နှစ်ယောက်က သူငယ်ချင်းအရင်း
ခါက်ခေါက်ကြီးတွေ။

သူ့ကြောင့် ဦးရွှေဝင်း ဘဝပျက်ခဲ့ရတာ၊ နည်းနည်းဝါးပါး
တော့ ထောက်ပံ့ပေးကမ်းသင့်တာပေါ့။

ဦးလွန်းမောင် ဒုက္ခရောက်နေစဉ်တုန်းက ဦးရွှေဝင်းက
ယ်ခဲ့ဖူးသည်။

ဦးလွန်းမောင် တစ်ကိုယ်လုံးမှာ အတ္တနှင့်လောဘစိတ်တွေ
လွှမ်းနေသည်။ သူ့မိသားစုအကျိုးကလွဲလို့ တခြားဘာကိုမှ ခေါင်း
ထဲထည့်သည့်လူစားမျိုး မဟုတ်။

သူက အပြစ်ရှိသူဆိုတော့ ဦးရွှေဝင်းကိုတွေ့ရင် ရန်သူလို
ဆက်ဆံသည်။

ဘယ်လောက်ထိ ယုတ်မာမိုက်ရိုင်းသလဲဆို ဦးရွှေဝင်း သူ့
ာတ်စိရှေ့ကို ရောက်မလာစေနဲ့တဲ့။ ကျက်သရေတုံးလို့တဲ့ဗျား။

ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့အတိုင်းပဲ။ ကိုယ့်အောက်နိမ့်လျှင်
ကရုဏာစိတ်ကလေး ထားရမည်ဆိုတာ သူနားမလည်ဘူးလား။

ဦးရွှေဝင်းကို တွေ့တိုင်း စောင်းမြောင်းဆဲဆိုပြီး
ရန်ချဆက် ဆံတတ်တဲ့ ဦးလွန်းမောင်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေကမဟန့်တားတဲ့အပြင် မြှောက်ထိုးပင့်ကော
လုပ်ကြသည်။

အကြောင်းသိနေတဲ့သူတွေကတော့ ဦးရွှေဝင်းဘက်က
ချင်ဖြစ်ပြီး ဦးလွန်းမောင်ကို ရွံမုန်းကြသည်။

တစ်ယောက်က ကံအကြောင်းမလှလို့ ချမ်းသာတဲ့ဘဝ
နေပြီး ဆင်းရဲချို့တဲ့ရရှာတယ်။

နောက်တစ်ယောက်ကတော့ ဉာဏ်ကို လွှာသုံးပြီး သူဌေ
ချင်းအချင်းချင်း နောက်ကျောကို ဓားနဲ့ထိုးပြီး လူချမ်းသာဖြစ်လာ
ခဲ့တယ်။

သူတို့နှစ်ယောက်က ရေစက်ကို ပါလာကြတာ။

ဘယ်လိုမှမတည့်ပါဘူးလို့ဆိုတဲ့ လူနှစ်ယောက်ဟာ တစ်နေ
တည်း တစ်ချိန်တည်းမှာ မီးသဂြိုဟ်လိုက်ရတယ်ဆိုရင် လူတွေယုံကြ
ပါ့မလား။ အံ့သြစရာ မကောင်းဘူးလား။

ဒါပေမယ့် ဒါဟာ တကယ့်အဖြစ်အပျက်ပါ။ ဦးလွန်းမောင်
ဟာ အပူချိန်မြင့်မားပြီး အလွန်ပူတဲ့ နေ့တစ်နေ့မှာ ဒန်ပေါက်တွေ
စားပြီး သွေးတိုးကာ ဦးနှောက်သွေးကြောပြတ်ပြီး သေသွားပါတယ်

ဦးလွန်းမောင်လည်း သေရော၊ သူ့အကြွေးနဲ့မကင်း
ရပ် ကွက်ထဲက လူတွေ ဝိုင်းပြီး မေတ္တာပို့ကြပါသည်။





'ကာလနာကြီး. . သူ့စရိုက်နဲ့သူ ဒန်ပေါက်စားပြီး ကြွသွား
ပြီ'

'ဒီလောက် အစားငမ်းတာ သေမှာပေါ့ဗျာ။ တလောက
ဆို အလှူအိမ်မှာ ဆီထမင်းကို ငါးပန်းကန်တောင် စားတာ၊ ငါ့မျက်စိ
နဲ့ မျက်မြင်ပဲ၊ တစ်ခါမှ မစားဖူးတာ ကျနေတာပဲဟယ်. . ခုလည်း
ကြည့်လေ. . ဒီလောက်ပူတဲ့ရာသီမှာ ဒန်ပေါက်စားရဲတယ်လို့ အံ့ပါ
ရဲ့တော်'

'မတရားလောဘကြီးနဲ့ လူလူချင်း စာနာထောက်ထားမှုမရှိ
တဲ့ လူမျိုး. . သေသွားတော့လည်း မြေကြီးမှာ တာဝန်ပေါ့တာပေါ့
ဗျာ'

ဤသို့ ဤပုံ အမျိုးမျိုးအဖုံဖုံပြောဆိုနေကြပေမယ့် အသုဘ
အိမ်မှာ အဖေသေလို့ ဝမ်းမနည်းအားဘဲ အမွေကိစ္စနဲ့ စကားတွေ
များနေလို့ ရပ်ကွက်ထဲမှာပြောစရာအတင်းဖြစ်ရပြန်သည်။

ပညာတတ်တွေဆိုတော့လည်း ဒေါ်ကြီးဟစ်ကျယ်တော့
မဖြစ်ကြဘူးပေါ့လေ. . အတွင်းကျိတ်ပြီး တိုးတိုးတိတ်တိတ်ဖြစ်
ကြလို့ အတွင်းသိတွေက တစ်ဆင့် ထိုသတင်း ပျံ့ထွက်လာခြင်း
ဖြင့်။

အသက်ရှင်စဉ်မှာ ဦးလွန်းမောင်အတ္တတွေကြီးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ သားအတွက်၊ ငါ့သမီးအတွက်၊ ငါ့မိန်းမအတွက် ဆိုပြီးငါမှငါ
မာနတွေထောင်လွှားခဲ့သည်။အလှူအတန်းလည်း နည်းပါးခဲ့သည်

တကယ်တမ်း သူသေသွားတော့ ဘာများပါသွားလို့လဲ
ဘယ်လောက် သံဝေဂရဖို့ကောင်းသလဲဆိုရင် သူ သေဆုံးကြော
ဒီစီထုတ်ဖို့ ဘယ်သားသမီးကမှ သတိမရကြပါ။

သူ့မှာ သားဆရာဝန်ရှိတယ်ဆိုပြီး ရပ်ကွက်ထဲမှာ ဆေး
လာဖွင့်တဲ့ မှိုင်းကို နှိမ့်ချစော်ကားစွာ ပြောဆိုခဲ့ဖူးသည်။

ဦးလွန်းမောင်ဟာ မှိုင်းကို လမ်းဘေးက ဆရာဝန်လို့
ခဲ့သည်။ သူ့သားဆရာဝန်လောက် အသိပညာမရှိဘူးလို့လည်း
ရဲ့ခဲ့ဖူးသည်။

အခု အဲဒီလမ်းဘေးက ဆရာဝန်ကပဲ သူ သေတော့
ထုတ်ပေးခဲ့သည်။

မှိုင်းဝေဟင် ဆိုတဲ့ သူ့မှာ သူတော်ကောင်းတို့အားအပ်
စိတ်ထားနှင့် ဖြူစင်သောနှလုံးသား ရှိပါသည်။

သူ့ကို ဘာတွေပဲ ပြောခဲ့၊ ပြောခဲ့ ဗွေမယူဘဲ ဦးလွန်းမော
အတွက် လိုအပ်တဲ့အကူအညီကိုသာ သူပေးခဲ့သည်။

ဦးလွန်းမောင်ရဲ့ bodyကို ရေဝေးပို့ပြီးနောက် သုံးရက်
ရင် မီးသဂြိုဟ်ဖို့ သူ့သားသမီးတွေက သတ်မှတ်ထားကြသည်





ဦးလွန်းမောင်ကို သဂြိုဟ်မည့်နေ့ နံနက် စောစောတွင် နောက်ထပ် သတင်းတစ်ပုဒ် ထပ်ထွက်လာခဲ့သည်။

ဦးရွှေဝင်း ဆုံးပြီတဲ့။

မှိုင်း ဆေးခန်းသွားဖွင့်ချိန်တွင် ဦးရွှေဝင်းနေသည့်အိမ်က ကောင်မလေး ပြေးလာပြီး အမောတကောဖြင့် လာခေါ်သည်။

'ဆရာ. . ဆရာ. . အိမ်မှာလေ ဘဘကို ခေါ်လို့မရတော့ဘူး၊ လိုက်ကြည့်ပေးပါဦး ဆရာ'

သူ လိုက်သွားကြည့်တော့ ဦးရွှေဝင်း ဆုံးနေပါပြီ။ ခန့်မှန်းခြေအားဖြင့် လွန်ခဲ့တဲ့ လေးနာရီလောက်ကတည်းက သူ အသက်မရှိတော့တာ။

ဦးရွှေဝင်းရဲ့ မျက်လုံးတွေ ပြူးကျယ်နေသည်။ ပါးစပ်ကလည်း တစ်ခုခုကို အားယူပြီး ပြောနေသည့်ပုံဖြင့် ဟောင်းလောင်းကြီးပွင့်နေသည်။ သေပန်းမလှဖြစ်နေသည့် ဦးရွှေဝင်းအတွက် သူ စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပင်။

တစ်စုံတစ်ခုကို အကြောက်လွန်ပြီး နှလုံးရပ်သွားပုံရသည်။ ဦးရွှေဝင်းရဲ့အသုဘကို နေ့ချင်းပြီး သဂြိုဟ်ကြမည်တဲ့။

သူ့အတွက်ဘယ်သူမှဒုက္ခမရောက်စေချင်လို့ ဦးရွှေဝင်းတ အသက်ရှင်စဉ်ကတည်းက မှာထားခဲ့လို့ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ လူတွေ ပြောစရာဖြစ်ကုန်တာပေါ့။

ဒီလောက်ရန်စောင်ပြီး ဘယ်လိုမှမတည့်တဲ့သူနှစ်ယော[က်] ကို တစ်နေ့တည်းမှာ သင်္ဂြိုဟ်မှာဆိုတော့ ဝိုင်းပြီး စိတ်ဝင်စားနေ[ကြ] သည်။

တစ်ရပ်ကွက်တည်းမှာ အသုဘ နှစ်လောင်းကို အခုလို[မျိုး] တစ်ရက်တည်း သင်္ဂြိုဟ်တာ ဒါပထမဆုံးပဲတဲ့။

မှိုင်းကတော့ ကောင်းတဲ့ဘက်က တွေးကြည့်လိုက်သည်။ သူတို့နှစ်ယောက်ရဲ့ မပြီးဆုံးသေးတဲ့ ရန်ပွဲတွေ အဆုံးသတ်သွား[ပြီ] ပေါ့။ နို့မို့ဆို အသက်တွေကြီးပြီး ရန်ဖြစ် ဒေါသတွေထွက်နေရ[တာ] ဘယ်လောက် ပူလောင်လိုက်သလဲ။

❖



သူ့ဌေးဆိုတော့ ဦးလွန်းမောင်ရဲ့အိမ်ရှေ့မှာ အသုဘလိုက်[ဖို့] ကားတွေ လေးငါးစီး ရပ်ထားသည်။

အချိန်တန်တော့ ရပ်ကွက်ထဲကလူတွေ ကားပေါ်ဝိုင်းတက် [ထိုင်]ကြသည်။ ကားလေးစီးစလုံး ပြည့်သွားသည်။ အုံ့ကြွစရာပင်။

ဒါပေမယ့် ဒီလူတွေက ဦးလွန်းမောင်ကို ချစ်ခင် သံယော[ဇဉ်]ရှိလို့ လိုက်ပို့ကြတာ မဟုတ်ပါ။ သူတို့က ဦးရွှေဝင်းအသုဘကို [လ]ိုက်ပို့ကြတာတဲ့လေ. . ဦးရွှေဝင်းက ဆင်းရဲတော့ ကားတစ်စီးသာ [င]ှားပေးနိုင်သည်။

သင်္ဂြိုဟ်မှာက သုသာန်တစ်ခုတည်း၊ တစ်နေ့တည်း၊ တစ်[ချ]ိန်တည်းဆိုတော့ လူတွေက ကားကြုံလိုက်စီးကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းမောင်ရဲ့အသုဘရှင်တွေကတော့ အကြောင်းမသိ ဘဲ ဝူဏ်တွေ ယူနေကြသည်။ မှိုင်းကတော့ ဦးရွှေဝင်းကိုပဲ လိုက်ပို့ မှာဆိုတော့ ဦးရွှေဝင်းရဲ့အသုဘအိမ်က ကားကိုသာ စီးပါသည်။

စပ်စပ်စုစုနိုင်တဲ့လူတွေက သေပြီးသား လူနှစ်ယောက်ကို နောက်ဆုံးအနေနဲ့ လိုက်နှုတ်ဆက်ကြတာလား. . ဒါမှမဟုတ် ထူး ထူးဆန်းဆန်း သဂြိုဟ်မည့်အချိန်ပါ တူနေလို့ စိတ်ဝင်စားကြတာ လားဆိုတာ သူတို့သာ သိနိုင်ပါလိမ့်မည်။

ရေဝေးရှိ ခန်းမတိုင်းတွင် အလောင်းတွေ ပြင်ထားသည်။ ဦးလွန်းမောင်အလောင်းထားသော ခန်းမနှင့် ဦးရွှေဝင်းအလောင်း ရှိသောခန်းမမှာ ကပ်လျက်ဖြစ်သည်။

ထိုအလောင်းနှစ်လောင်းကိုကြည့်ပြီး မှိုင်းစိတ်ထဲမှာ အသိ တရားတစ်ခု ထပ်တိုးသွားသည်။

သူတို့မှာ ဘာတွေပါသွားသလဲ။

ဥစ္စာလား. . ဟင့်အင်း။

ဒါဖြင့် ပညာလား. . ဒါလည်း မဟုတ်သေးဘူး။

နောက်ဆုံးတော့လည်း ချမ်းသာတဲ့လူလည်း အဖေ ပြော သလို သေလက်မှတ်ကလေးတစ်စောင် ရတာပါပဲ။

ဆင်းရဲတဲ့သူလည်း ရတာပါပဲ။





သူတို့မှာရှိတဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ ရတနာတွေက ရေ ဝေးကိုသွားလို့ မရပါဘူး။

DC လို့ခေါ်တဲ့ သေလက်မှတ်ကလေး ပါလာမှ သူတို့ရုပ် အလောင်း ရေဝေးမှာ ထားခွင့်ရတာလေ. .

သေသွားပြီးတဲ့နောက်မှာ လူတွေအားလုံးဟာ zero ပါပဲ။ ဆင်တန်းတည်း တစ်သားတည်း တစ်ပြေးညီဖြစ်သွားကြတာပဲလေ။

ဒါဆို လူတွေ ဘာအတွက် အသက်ရှင်နေတာလဲ. . ဘာ ကြောင့် အတ္တတွေကြီးနေမှာလဲ. .

သေခြင်းတရားကို မလွန်ဆန်နိုင်မှတော့ ရင်ဆိုင်နိုင်အောင် ကြိုးစားကြရမှာပေါ့။ မွေးလာတာ သေဖို့တဲ့. .

သေတတ်ဖို့ လိုသည်။

လောကမှာ -

နေတတ်မှ ကျေနပ်မည်။

ကျေနပ်မှသာ သေတတ်ပါမည်။

လူဖြစ်လာကတည်းက အားလုံးဟာ လာခြင်းတူကြပါသည်။ သူတို့တွေ လူ့ဘဝ လူ့လောကထဲမှာ လူလုပ်ဖို့လာကြတာလေ. .

ရှင်သန်တယ်၊ နေထိုင်တယ်၊ အခြေအနေတွေ ကွာခြားပြီး အဆင့်အတန်းတွေ ခွဲခြားကြတယ်. .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်းတရားတွေကြောင့်ပဲ သေပြီးတဲ့နောက်မှာ လူတွေဟာ အပြန်လမ်းတွေ ကွဲသွားကြပါတယ်။

ဘယ်ဘုံ ဘယ်ဘဝကို ရောက်မယ်ဆိုတာကတော့ သူတို့ ပြုမူတဲ့ ကံအတိုင်း သွားကြရမှာပါ။

ခဏငှားလာရတဲ့ ခန္ဓာကိုယ်ကြီးကို ပြန်မပေးခင်မှာ အချိန်ကို အကျိုးရှိရှိ အသုံးချဖို့လိုသည်။ တခဏဖြစ်လာရတဲ့ လူ့ဘဝမှာ အနှစ်တွေပြည့်အောင် ကြိုးစားသင့်ကြသည်။

သူများယောင်လို့ ကိုယ်ယောင်ရတဲ့ ယောင်ခြောက်ဆယ် ဘဝကို ရပ်တန်းက ရပ်ပြီး နောင်ဘဝပါဖို့အတွက် ကုသိုလ်ကောင်းမှုတွေ လုပ်သင့်သည်။

မှိုင်းသည် သူ့ကိုယ်၌က တရားထိုင်ဖို့ နှစ်သက်သည်။ ဆေးကျောင်းသားဘဝကတည်းက စိတ်တည်ငြိမ်ပြီး စာကျက်လို့ကောင်းအောင် တရားထိုင်ရင်း နောက်ပိုင်းမှာ အချိန်အားရလျှင် ရိပ်သာတွေ အပြေးဝင်ပြီး တရားအားထုတ်တတ်သူဖြစ်နေပါပြီ။

သူ့လိုပဲ လူတွေအားလုံး ငြိမ်းချမ်းစေချင်သည်။

❖



တေးသံလေး ဒီနှစ် 2nd MB တက်နေရပြီ။ သူ့ရဲ့ကိုကို နွေဦးကို ခုချိန်ထိ မမေ့နိုင်သေးဘူး ထင်သည်။ ကင်ဆာရောဂါသည်တွေကို ကုသပေးနိုင်တဲ့ Oncologist တစ်ယောက် ဖြစ်ချင်သည်တု ရင်ဖွင့်ဖူးပါသည်။

သူ့ရည်ရွယ်ချက်အတိုင်း စာလည်း ကြိုးစားရှာသည်။ ကြိုး စားတာ လွန်နေလို့ အားလုံးက ဝိုင်းပြီး ဖျောင်းဖျနေရသည်။

မှိုင်း ဆေးခန်းပိတ်ပြီး ပြန်လာချိန်ဆို အမြဲတမ်း ညဆယ်နာရီထိုးပြီ။

အဲဒီအချိန်ထိ တေးသံက မအိပ်ဘဲ စာတကျက်ရင်း စောင့်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တလေးစိတ်မကုန်သေးတဲ့ တေးသံက သူ့ဆီမှာ ပါလာမည့် မုန့်ကိုလည်း မျှော်တတ်သေးသည်။

ကလေးလေးကို ချစ်သူတော်ထားရသော မှိုင်းမှာ သူမကြိုက်တတ်သည့် ပေါက်စီ၊ အသားညှပ်ပေါင်မုန့်ကစပြီး အချဉ်ထုပ်နေကြာစေ့၊ ဆီးပေါင်းပါမကျန် တစ်မျိုးပြီး တစ်မျိုး ဝယ်လာပေးရသည်။

ဒီနေ့ည သူ ပြန်လာချိန်တွင် တေးသံ မသိအောင် တိတ်တိတ်ကလေး ခြေဖွနင်းပြီး အိမ်ပေါ်တက်လာမိသည်။

တေးသံက သူ့စာကြည့်စားပွဲမှာ ကျောပေးထိုင်ပြီး စာကျက်နေသည်။ မှိုင်းက အသံမပေးဘဲ အနားကပ်သွားပြီး

'ဟိတ်. .'

ဟု အလန့်တကြားဖြစ်အောင် စ,လိုက်မိသည်။ တေးသံက

'အမယ်လေး. . . ကိုကိုကြီးတော့. . ကြောက်စရာလည်း မကောင်းဘူး. . ဟင်း. . ဟင်း. .'

သူ့ကိုလှောင်ရယ်နေတာလေ။ တေးသံ လန့်သွားမယ်ထင် နေတာ။

'တေးသံက ကိုကို ဒီလိုလုပ်မယ်ဆိုတာ ကြိုသိနေတာပေါ့ ဟောဒီမှာ တွေ့လား'





'ဒီမှန်ကြီးက ဘာလုပ်တာလဲ'

'ကိုကို့ကို စောင့်ကြည့်နေတာလေ၊ ဒီမှန်ထဲကနေ အကုန်လုံး မြင်နေရတယ်. . . ကိုကို ဒီနေ့ တေးသံအတွက် ဘာဝယ်လာလဲ ဟင်'

မှိုင်းက သူ့နောက်မှာ ဝှက်ပြီး ယူလာသော ကြေးအိုးထုပ်ကို တေးသံမြင်အောင် မြှောက်ပြပြီး

'ကောင်မလေးတစ်ယောက် ဗိုက်ဆာနေတယ် မဟုတ်လား ပြီးတော့ ကြေးအိုးလည်း စားချင်နေတယ်. . ကိုကို့အာရုံထဲမှာ ပေါ်နေလို့ ဝယ်လာတာ'

တေးသံက ကလေးလေးတစ်ယောက်လိုခုန်ပေါက်ပြီး အော်သည်။ ခြေဖျားလေးထောက်ပြီး သူ့မေးဖျားကို ဆွဲပြီး ဖျစ်ညှစ်လိုက်သေးသည်။

အဲဒီအပြုအမူလေးကိုပဲ သေအောင် စွဲနေရတာ. .

မှိုင်းက တေးသံရဲ့နဖူးလေးကို ညင်သာစွာ ဖွဖွလေးနမ်းမိသည်။ ဒီထက်ပိုပြီး ဘာအခွင့်အရေးမှ သူ မယူချင်ပါ။

အရောင်မဆိုးချင်ပါဘူး။ အဖြူရောင်သက်သက်နဲ့ ချစ်နေချင် ကျေနပ်ပါပြီ။ သူ့စိတ်ဓာတ်ကိုက မပန်ခင်မှာ မခြွေရက်ချင်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုလည်း စားနော်၊ တေးသံတို့ အတူတူ စားရအောင် လာ. .'

တေးသံက သူ့လက်ကိုဆွဲပြီး ထမင်းစားစားပွဲဆီ ခေါ်လာသည်။

ဒီအိမ်မှာရှိတဲ့ လူကြီးမိဘတွေက မှိုင်းကို ယုံကြည်ကြသည်။ ထို့ကြောင့်လည်း စိတ်ချစွာပင် နေကြခြင်းဖြစ်သည်။

သူနှင့်တေးသံ၏အခြေအနေကို လူကြီးတွေကို ပွင့်ပွင့်လင်းလင်း ဝန်ခံထားပြီးသား ဖြစ်သည်။ ဦးနှင့်အန်တီက သူ့ကိုကြည်ဖြူကြသည်။

တေးသံ ဆေးကျောင်းပြီးတဲ့အထိ စောင့်ပေးဖို့ မေတ္တာရပ်ခံထားတာတစ်ခုပဲ ရှိသည်။

တစ်ပင်တည်း တွယ်ငင်ရတဲ့ နွယ်ပင်လေး တေးသံ. .

နောက်ဆုံးဆိုတဲ့ တစ်နေ့. . .

လူတိုင်းသွားရမယ့် တစ်နေ့. . .

အဲဒီနေ့ကို မကြုံချင်ဘူး။

မှိုင်းသည် စိတ်ညစ်ရမည့်အတွေးများကို ခေါင်းထဲမှာ တာရှည် အသိမ်းမခံနိုင်သောကြောင့် ချက်ချင်းပင် ဖြတ်တောက်ပစ်လိုက်သည်။





ထိုနေ့ညက တေးသံကို ကြေးအိုး ခွံ့ကျွေးပြီး ကြည်နူးရသလို ချစ်သူက ပြန်ပြီးခွံ့ကျွေးလာတဲ့ ကြေးအိုးပူပူကလေးကို အရသာခံပြီးသော့ က်ရတာလောက် ကျေနပ်စရာကောင်းတာ မရှိတော့ဘူး။

ကံကြမ္မာက ပေးလာတဲ့ ဒီအခြေအနေလေးကို အမြဲတမ်း ဆုပ်ကိုင်ခွင့်ရချင်ပါသည်။

နေ့တိုင်း နေ့တိုင်းဟာ ရက်ရာဇာတွေချည်းဖြစ်နေတာ. . လက်ရှိသူ့ဘဝပင်။

❖



www.burmeseclassic.com

www.burmeseclassic.com

မှိုင်း အိပ်ရာက နိုးတော့ မနက် ခုနစ်နာရီ ထိုးနေပြီ။

ခြောက်နာရီ alarm ပေးထားတဲ့ နိုးစက်ကို အမြဲလာ ထ ပြီး ပိတ်ထားတတ်တာ သူ့ရဲ့တေးသံတစ်ယောက်ပဲ ရှိသည်။ ခုလည်း သူ့လက်ချက်ပဲ ဖြစ်မှာ. .

ဘေစင်မှာ မျက်နှာသစ်ဖို့အလာ. . တေးသံတစ်ယောက် တည်း မီးဖိုခန်းထဲမှာ ချက်ပြုတ်နေတာ တွေ့လိုက်ရသည်။

ဆွမ်းတော်ကပ်ချင်လို့ သူမ ချက်ပြုတ်နေခြင်းသာ။ အဲ့ အကျင့်လေးက အရမ်းကိုချစ်ဖို့ကောင်းတာ။ ငယ်ရွယ်ပေမယ့် ဆေး ကျောင်းစာတွေ များတယ်ဆိုပေမယ့် ကျောင်းမသွားခင် ဘုရားမှာ ရေချမ်း၊ ပန်း၊ ဆွမ်းတော်ကပ်လှူပူဇော်တတ်တဲ့ တေးသံ။





ဂုဏ်ယူမိပါသည်။ ကိုယ့်ချစ်သူက သမီးကောင်းရတနာ လေး မဟုတ်လား။

ဒီအချိန်ဆို အန်တီက ဈေးသွားပြီ။

ဦးကတော့ အိမ်ရှေ့မှာ သစ်ပင်ကလေးတွေနှင့် အလုပ်ရှုပ် နေပါလိမ့်မည်။

တေးသံက သူ့ကိုမြင်သွားပါသည်။

ကိုယ့်ကောင်မလေးမို့လို့ ပြောတာ မဟုတ်ပါဘူး။ တေးသံ တလေ ရယ်လိုက်ရင် မျက်နှာလေးက ပိုပြီး ကြည်လင်လာတယ်။ တည့်တည့်ပြောရရင် ပို့ပိုချစ် လာရတယ်ဗျာ။

'ကိုကို. . မျက်နှာသစ်ပြီးရင် ထမင်းကြော်စားလိုက်ဦးနော်၊ တော်ကြာ အေးကုန်ဦးမယ်၊ ဟိုကရားထဲမှာ ကော်ဖီလည်း ဖျော်ထား ပြီးပြီ'

'ကျွန်တော်က တစ်ယောက်တည်း စားရမယ်ပေါ့. . တုတ် လား. . ခင်ဗျားလေးက လာမစားဘူးလား'

'ဒီမှာ အလုပ်မပြီးသေးလို့ပါ ကိုကိုရယ်. . မေမေ ဈေးက ပြန်လာရင် တစ်ယောက်တည်း ပင်ပန်းနေမှာစိုးလို့. . ကူလုပ်ပေး နေတာ'

'ဦးရော စားပြီးပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူးတာ ကြာပြီ'

မှိုင်းက ထမင်းကြော်ပန်းကန်ကို ယူလာပြီး တေးသံအနား ရောက်လာခဲ့သည်။

'ကဲ. . ပါးစပ်ဟ. . ကိုကို ခွံ့ကျွေးမယ်'

မိုးတွင်းဆိုပေမယ့် ဒီနေ့ကျမှ ရာသီဥတုက ကြည်လင်နေသည်။ သာယာနေသည်။

တေးသံက သူခွံ့ကျွေးသမျှ မငြင်းရဲတော့ စားနေရသည်။ မျက်နှာလေးကတော့ ကျေနပ်ပြီး ပျော်ရွှင်နေတာ အတပ်ိုင်းသားတွေ့နေရသည်။

'ဒီနေ့မနက် နှိုးစက်လာပိတ်ထားတာ ဘယ်သူ့လက်ချက်လဲ. . ပြောစမ်း'

ရယ်ကျဲကျဲလေးလုပ်ပြီး တေးသံက

'ကိုကို့ကို တစ်နာရီလောက် ပိုအိပ်စေချင်လို့ပေ့ါ။ နေ့တိုင်း ပင်ပန်းနေလို့ ဒီက မကြည့်ရက်လို့ပဲ ဥစ္စာ'

'အေးပါ. . ဒီလိုအပြောလေးတွေကြောင့်ပဲအရည်ပျော်နေရတာ၊ ဒီနေ့ class မရှိဘူးလား'

'ရှိတယ်လေ၊ တေးသံ ဆွမ်းကပ်ပြီးရင် ရေချိုးတော့မှာ'

'ကိုကို ချိုးပေးမယ်လေ'





'ဟင်. . ကိုကိုနော်. . ကိုကို မကောင်းဘူး၊ ဘာတွေ လာပြောနေမှန်းလဲ မသိဘူး. . သွား'

'ဟား. . ဟား. . ကောင်မလေးတစ်ယောက် ရှက်သွားပြီ၊ ကိုကိုက တေးသံကို ကလေးလေးလို့ထင်နေတာ၊ ကိုကို့ကလေးလေး မဟုတ်ဘူးလား'

'ကလေးက ချစ်တတ်ပါ့မလား ကိုကိုရဲ့'

တေးသံက ကျက်သွားပြီဖြစ်သော ငါးရံ့ခေါင်းနှင့် ဒန့်သလွန်သီးချဉ်ရည်ဟင်းအိုးကို မီးဖိုပေါ်မှချရင်း ချစ်စဖွယ်လေး ရန်တွေ့သည်။

'စိတ်ဆိုးတယ်ပေ့ါလေ. . စိတ်ဆိုးရင် ကိုကိုက ထိပ်တော့ထိုးတတ်ဘူးနော်၊ ဟောဒီလို အာဘွားပဲ ပေးမှာ'

အလစ်မှာ ခံလိုက်ရလို့ တေးသံက ရှက်ပြီး ရေချိုးခန်းထဲ ဝင်ပြေးသွားသည်။ အရှက်သည်းသည်း အချစ်ကဲကဲနှင့် ကောင်မလေးတစ်ယောက်ကို တစ်ဘဝအတွက် အပိုင်ရမည့်နေ့ကလေးကို စောင့်စားမျှော်လင့်ရင်း ဘဝအမောတွေကို ဖြေယူနေ ရသည်။

တေးသံအတွက် တကူးတက လဲပေးထားရသည့် တစ်ရာဘန် အသစ်စက်စက်ကလေးတွေကို သတိရပြီး သူ့အခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ဝင်လူ့ရသည်။ တေးသံ ကျောင်းသွားရင် ထည့်ပေးလိုက်ဦး ဝဲလေ။

အသက်ကြီးကြီး ငယ်ငယ်၊ လမ်းမှာ ပိုက်ဆံတောင်းတဲ့ တွေ့ရင် လှူရမှ ကျေနပ်တတ်သည့် တေးသံ. .

မှိုင်းက ဘာလို့လှူတာလဲဟု မေးဖူးပါသည်။

သူမအဖြေက ရှင်းရှင်းလေးရယ်. . မရှိလို့ တောင်းစား တာပေါ့တဲ့. . ရှိရင် ဘယ်သူက တောင်းမှာလဲ ကိုကိုရယ်၊ တေးသံ ဘဝက သူများတွေလို ကြီးကြီးမားမား လှူနိုင်တဲ့ အခြေအနေမ ဘူး မဟုတ်လား၊ ဒါလေးတစ်ခုတော့ လှူပါရစေတဲ့။

အန်တီလည်း ပြောဖူးသည်။ ငယ်ငယ်လေးကတည်းက လိုပဲ အမြဲလှူနေကျတဲ့။

အန်တီဈေးက ပြန်လာချိန်တွင် တေးသံလည်း ရေမိုးချိုး ပြင်ဆင်လို့ပြီးနေပြီ။

သူလည်း ရေချိုးပြီး ဆေးခန်းသွားထိုင်ရဦးမည်။ ဒီအိမ် လေးမှာသူနှင့်တေးသံက တာဝန်ကိုယ်စီနှင့် နှုတ်ဆက်ထွက်ခွာသွား ရင် အဘိုးကြီးနှင့်အဘွားကြီးနှစ်ယောက်တည်း အထီးကျန်စွာ ကျ နေခဲ့မြဲ။

သူတို့နှစ်ယောက်က တေးသံကလေး ကျောင်းပိတ်ရက်





မျှော်ကြသည်။ မှိုင်းအားလျှင် မှိုင်းကိုပါ ခေါ်ပြီး ရွှေတိဂုံဘုရားတက် ကြသည်။ ကိုနွေဦးအတွက် ကုသိုလ်ပြုအမျှဝေကြသည်။

တေးသံက ကျောင်းသွားခါနီးတွင် မိဘနှစ်ပါးကို ခေါ်ပြီး ထိုင်ကန်တော့သည်။

ဒါက သူမ အပြင်သွားခါနီးတိုင်း ကန်တော့နေကျ။

ဒီအပြုအမူကလေးကို ကြည့်ပြီး စိတ်ထဲတွင် အမြဲကြည်နူး ရသည်။

အပြင်မှာ မိုးတွေ မှောင်မည်းနေသည်။ မကြာခင် မိုးရွာ တော့မည်မို့

'တေးသံ. . ကိုကို ကားဂိတ်အထိ လိုက်ပို့ပေးမယ်နော်၊ မိုး တွေ ရွာတော့မယ်'

မိုးရွာလျှင် သူက တေးသံကိုစိတ်မချပါ။သူ့အစ်ကိုကို သတိ ရပြီး ထိုင်ငိုချင်ငိုဦးမှာ။

လေအေးအေးလေးတွေ ဝှေ့ပြီး တိုက်လာချိန်တွင် တေးသံ ဒါပခုံးလေးကို သူဖက်ထားမိသည်။

'ကိုကို. . ညကျရင် လက်ဖက်ရည်နဲ့ဝက်သားပေါင်း ဝယ် ခဲ့ပေးဦးနော်. . ဒီည တေးသံ အိပ်လို့မဖြစ်ဘူး၊ စာတွေကျက်ရဦးမှာ'

'ကျန်းမာရေးက အရေးကြီးတယ်လေ. . . မအိပ်မနေ ရ



www.burmeseclassic.com

www.burmeseclassic.com



အတွက်တာရှိုးတော့ ကိုကို အားမပေးဘူးနော်၊ အိပ်ချိန်မှာ အိပ်ပြီး ဦးနှောက်ကို relex လုပ်ပေးရတယ်. . နောက်နေ့ကျ စောစော ထြီး စာထကျက်ပေါ့၊ ခေါင်းက ကြည်နေတော့ ပိုပြီး မှတ်မိလွယ်တာပေါ့ လေ'

'ဟုတ်ကဲ့ပါ ကိုကို. . တေးသံက ကိုကို့စကားဆို အမြဲနားထောင်တယ်နော်. . ဟော ဟိုမှာ ကားလာနေပြီ ကိုကို. . တေးသံ သွားတော့မယ်နော်'

သူ့ကို လက်ကလေးပြပြီး ကားဆီပြေးသွားသော တေးသံ

'တေးသံ. . အပြန်ကျရင် သတိထားပြီးပြန်နော်'

ဘာကို စိတ်မချမှန်းကို မသိတာ။ တေးသံကို သူ့ညီမလေး တစ်ယောက်လို တွယ်တာသည်။ ချစ်သူတစ်ယောက်လို တန်ဖိုးထား သည်။

ကားထွက်တဲ့အထိ ကားဂိတ်မှာ သူရပ်နေမိသည်။

တေးသံက ကားပြတင်းပေါက်မှ ခေါင်းကလေးပြူထွက်ပြီး သူ့ကို လက်ပြသွားသည်။ သူ့စိတ်ထဲမှာ မကောင်းဘဲ ကျန်နေခဲ့ သည်။

ခဏာလေးခွဲရတာတောင် ဘာဖြစ်နေတာလဲ မှိုင်းဝေဟင်း ဖြစ်နိုင်ရင် တေးသံလေးကို ကျောင်းအကြိုအပို့လုပ်ပေးချင်





သည်။ မဖြစ်သေးပါဘူး။ ကိုယ်ပိုင်ကားလေးတစ်စီးလောက် ဝယ်နိုင် အောင် ကြိုးစားဦးမှပဲ။

အတွေးတွေ ရစ်ဝဲပြီး အပြန်လမ်းမှာ သူတစ်ယောက်တည်း ရယ်. . စိတ်တွေက လွင့်နေတော့ ခဲလုံးအကြီးကြီးကိုဝင်တိုက်မိပြီး မြေမှာ သွေးတွေက မြင်မကောင်းအောင် စီးကျသွားသည်။ အနာကို ကြည့်တော့ မချုပ်ရလောက်ပါဘူး။ အိမ်ရောက်မှပဲ ဆေးထည့်ယူရ တာပေါ့. . .

❖



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြင့်မြင့်နွယ်သည် ဈေးခြင်းထဲမှပါလာသော အခြောက်အခြမ်းတွေကို သူ့နေရာနှင့်သူ သိမ်းဆည်းနေမိသည်။ ဦးသက်နွေက ပျင်းတယ်ဆိုပြီး အပ်ထည်အကျီလေးတွေကို ကြယ်သီး တပ်ပေးနေသည်။ လေပြင်းတစ်ချက်အဝှေ့မှာ ဘုရားကျောင်းဆောင်ပေါ်မှာတင်ထားသောပန်းအိုး အောက်သို့ပြုတ်ကျသွားသည်။

'ခွမ်း..'

ဒေါ်မြင့်မြင့်နွယ် ပြေးထွက်လာသည်။

'ဘာ..ဘာဖြစ်တာလဲ ကို'

'ဘုရားပန်းအိုး ကျကွဲသွားတာ မြင့်'

'အို..'





အယူသီးတတ်သူမဟုတ်ပေမယ့် သူမစိတ်ထဲမှာ ထင့်သွားမိသည်။ ထိုစဉ် မှိုင်းပြုန်ရောက်လာသည်။ ဒေါ်မြင့်မြင့်နွယ်က သူ့ခြေထောက်မှဒဏ်ရာကို တွေ့သွားပြီး

'သား..ဘာဖြစ်တာလဲ သားရယ်'

'လမ်းမှာ ခလုတ်တိုက်မိလို့ ခြေမ ကွဲသွားတာ'

'ဘုရားရေ..အိမ်မှာလည်း ပန်းအိုးကျကွဲလို့၊ ဘာတွေဖြစ်နေတာလဲဟယ်'

'မတော်တဆပါ အန်တီရယ်..စိတ်ထဲ အစွဲမထားပါနဲ့'

မျက်စိမျက်နှာပျက်နေသော အန်တီ့ကို အာရုံလွှဲပေးလိုက်ရသည်။

'ဘာတွေ ဝယ်လာခဲ့လဲ အန်တီ'

'အေးကွယ်..ဒီနေ့ ဘောကျိုပ်လေးတွေ ပေါလို့ ဝယ်လာခဲ့တယ်၊ သားအတွက် ဝက်နံရိုးဝယ်လာသေးတယ်၊ သားခြေထောက်ကို ဆေးထည့်လိုက်ဦးလေ'

'ရေချိုးပြီးမှပဲ ထည့်တော့မယ် အန်တီ၊ ကျွန်တော် ဆေးခန်း သွားရဦးမှာ'

ဦးသက်နွေက ပန်းအိုးအကွဲများကို တစ်ယောက်တည်း သိမ်းဆည်းနေသည်။ ❖



www.burmeseclassic.com

www.burmeseclassic.com

မှိုင်းက လူနာတစ်ယောက်ကို ကြည့်ပေးနေတုန်း ဖုန်းသံ မြည်လာသည်။

သူငှားထားသောအခန်း၌ တယ်လီဖုန်းပါ ပါသဖြင့် အဆင် ပြေပါသည်။

'ဟယ်လို'

'. . . ဆေးခန်းက ဒေါက်တာမှိုင်းဝေဟင်နဲ့ပြောချင်လို့ပါ'

'ဟုတ်ကဲ့. . အခု ပြောနေပါတယ်'

တစ်ဖက်မှ အသံ ခဏရပ်သွားပါသည်။

'ချိုတေးသံကို သိပါသလားခင်ဗျာ'

'ကျွန်တော့်ညီမလေးပါဗျာ၊ သူ သူ. . ဘာဖြစ်လို့လဲဟင်'





'သူ. . အခု. . ကားတိုက်ခံရလို့ဆုံးပြီ. . ကလေးလေး တစ်ယောက် လမ်းဖြတ်ကူးတာကို သူဝင်ကယ်ရင်း ပွဲချင်းပြီး ဆုံးသွားတာ အစ်ကို'

'ဗျာ'

ချောက်ချားစရာကောင်းတဲ့ သူ့ရဲ့အသံကြီးတို့ နားထဲမှာ အကျယ်ကြီးပြန်ကြားနေရသည်။

တေးသံ ဆုံးပြီ။

မဖြစ်နိုင်တာ။ ဟာ. . ဘယ်လိုမှ မဖြစ်နိုင်ဘူး။

မနက်တုန်းကတောင် သူကိုယ်တိုင် လိုက်ပို့ပေးခဲ့တာလေ။

ညကျရင် လက်ဖက်ရည်နဲ့ ဝက်သားပေါင်း ဝယ်သွားပေးရဦးမယ်။

'ဟယ်လို. . ဟယ်လို၊ ကြားရဲ့လားခင်ဗျ. . စိတ်ကိုထိန်းပါ အစ်ကို၊ သူ့စာအုပ်ထဲမှာ အစ်ကို့ဖုန်းနံပါတ်တွေ့လို့ အကြောင်းကြားပေးတာ၊ အခု သူ့ကို ဆေးရုံကြီးအအေးတိုက်မှာ ပို့ထားတယ်ခင်ဗျ'

နားတွေမကြားရတော့ရင် ကောင်းမှာ။ သူ့အမြင်တွေ ဝေ ဝါးလာသည်။

ပူနွေးစွာစီးကျလာတာက မျက်ရည်တွေပဲ။

မဟုတ်ဘူး. . မဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အလကား လမ်းဘေးကကောင် အခြေအမြစ်မရှိတဲ့စကား တွေလာပြောနေတာ. . တေးသံကအကောင်းကြီး. . လိမ္မာရေးခြား ရှိတဲ့ မိန်းကလေး။

ဘာလို့ သေရမှာလဲ. . .

မယုံဘူး. . လုံးဝမယုံဘူး. . .

မယုံဘူးဆိုသော်ငြား. . သူ့ခြေထောက်တွေက တေးသံရှိသောအရပ်ဆီ ဦးတည်နေသည်။

❖

မုပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and become a fan

ဆောင်ညိုပြာသိုစာပေ

'ချိုတေးသံက ဟိုမှာ'

ကုလားတစ်ယောက် သူ့ကို ညွှန်ပြသည်။

ဟုတ်ရဲ့လား. .

ဒါ. . အိပ်မက် မဟုတ်လား. . .

အဲဒီပိတ်ဖြူစကို လှန်လိုက်ရင် တေးသံ မဟုတ်တဲ့ တခြားတစ်ယောက်ဖြစ်နေပါစေ. . .

သူ့လက်တွေ တုန်နေသည်။

တဆတ်ဆတ်ကို တုန်နေတာပါ။

ချောက်ချားနေသောစိတ်တွေကိုထိန်းထားဖို့မှာ သူ မစွမ်းဆောင်နိုင်ပါ။

ဆောင်ညိုပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲမှာလည်း တလှပ်လှပ်ဖြစ်ပြီး ကတုန်ကယင်ကြီး ဖြစ်နေသည်။

ဒီ ပိတ်ဖြူစလေးကို ဖွင့်ပြီးကြည့်ဖို့ အချိန်ဟာ စက္ကန့်ပိုင်းလောက်သာကြာမှာဖြစ်ပေမယ့် သူ့စိတ်ထဲတွင် ကမ္ဘာခြားသလိုခံစားနေရသည်။

သွေးကြောင်နေမိသည်။

ဆရာဝန်ဖြစ်ပြီး အပွဲပွဲ နွှဲလာသမျှ ချစ်သူ ဆိုတဲ့ အသိကရင်ဝကို မီးစနှင့်ထိုးနေသည်။

လူသေတွေ အများကြီး တွေ့ဖူးတာပဲ. . တရားနှင့်ဖြေနိုင်ခဲ့သည်။

အသုဘရှင်တွေ တွေ့တိုင်း တရားနှင့်ဖြေဖို့ ချွေးသိပ်နိုင်ခဲ့သည်။

အခု ကိုယ့်အလှည့်လေ. . .

သတ္တိတွေ ပျောက်ဆုံးနေသည်။

သူ့လက်တွေက အရဲစွန့်ပြီး ပိတ်ဖြူစကို လှပ်လိုက်တယ်ဆိုရင်ပဲ သွေးမရှိဘဲ ဖြူဆွတ်နေသော ချစ်သူ၏မျက်နှာလေးကို တွေ့လိုက်ရသည်။

သူ့ရင်တွေ ကွဲကြေကုန်ပြီ။





တေးသံ. .

မင်း ညနေကျရင် ကိုကို့ဆီ ပြန်လာမှာဆို၊ မုန့်တွေ ဝယ်ခဲ့ဆို၊ အခု ဘာဖြစ်လို့ ကိုကို့ကိုထားခဲ့ရတာလဲ။

မင်းတစ်ယောက်တည်းထွက်သွားရက်တယ် တေးသံရာ. . အဲဒါတော့ မင်း တစ်ကိုယ်ကောင်းဆန်တာပေါ့. . .

မင်း မရှိရင် ကိုကိုမနေတတ်ဘူးဆိုတာ သိသိကြီးနဲ့တွာ. . ဦးနဲ့အန်တီကို ကိုကို ဘာပြောရမှာလဲ. . .

တေးသံ၏ပုံရိပ်တွေ. . စကားသံလေးတွေ. . သူ့နားထဲမှာ ကြားယောင်လာသည်။

တေးသံ၏မျက်နှာကလေးကို သူ့မျက်နှာနှင့် ဖိကပ်ထားပြီး အားရအောင် သူငိုမိသည်။

ရက်စက်လိုက်တာ ကံကြမ္မာရာ. . .

လူတွေ အများကြီးထဲမှာ

ဘာဖြစ်လို့ တေးသံကို

ရွေးပြီး ခေါ်သွားရတာလဲ. . .

မတရားဘူး. .

လုံးဝမတရားဘူး

စိတ်ရှိလက်ရှိပေါက်ကွဲပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏လက်ကလေးကို ဆွဲပြီး အိမ်ကို ပြန်ခေါ်ခဲ့လိုက်ချင်သည်။

သူက မဖြစ်နိုင်တာတွေကိုရွေးပြီး လုပ်ချင်နေတာလား. . မဖြစ်နိုင်ဘူးထင်တာတွေက သူ့ကိုရွေးပြီး နှိပ်စက်နေတာလား။

တေးသံက သူတော်ကောင်းမလေးပါ။ သူ့ကိုကျမှ အလစ်ချောင်းပြီးလာခေါ်သွားတဲ့ သေမင်းကို စိတ်နာသည်။

နာကြည်းသည်။

အဆိုးဆုံးက တေးသံသေသွားပြီဆိုတာ သူ့စိတ်ထဲကလက်မခံနိုင်ခြင်းပင် ဖြစ်သည်။

❖



ဦးသက်နွေနှင့် ဒေါ်မြင့်မြင့်နွယ်ကို ဖျောင်းဖျဖို့ အင်အားသူ့မှာ မရှိတော့ပါ။

သမီးအကြောင်းကြားပြီး အရုပ်ကြိုးပြတ်ဖြစ်သွားသည့်မိဘနှစ်ပါး. . ပိုဆိုးတာက သားသမီးရတနာဆိုတဲ့ ရင်နှစ်သည်းချာလေးတွေကို အချိန်မတန်ဘဲ လာပြန်ခေါ်သွားကြသည်။

မိဘဖြစ်တဲ့ သူတို့ရင်ထဲမှာ ဘယ်လောက်တောင် ပူလောင်နေမလဲ။

သူတို့ကို ကိုယ်ကတရားမပြနိုင်သလို ကိုယ့်ကိုလည်း သူတို့မနှစ်သိမ့်နိုင်ပါ။

တေးသံ မရှိတဲ့အိမ်ဟာ ပိုပြီး ခြောက်သွေ့သည်။သူ့အရိပ်တွေက တစ်အိမ်လုံးမှာ လွှမ်းမိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်း ကြားကြားချင်း ကိုသံချောင်းတို့အုပ်စုက အပြေးရောက်လာကြသည်။

သူ့အခြေအနေကိုမြင်တော့ သူတို့အားလုံး စိတ်မကောင်းဖြစ်သွားကြသည်။ အလိုက်တသိပင် လိုအပ်တာတွေ သူတို့ဟာ သူတို့ စီစဉ်သွားကြသည်။

လမ်းထဲကလူတွေ အိမ်မှာ မဏ္ဍပ်ထိုးပေးကြသည်။ စားပွဲတွေကုလားထိုင်တွေ သယ်တဲ့လူက သယ်ကြသည်။ ကိုသံချောင်းတသူ့အနားကပ်ပြီး

'မှိုင်း. . ဒီမီသွားထုတ်ပြီးပြီလား'

မှိုင်းက ခေါင်းရမ်းပြလိုက်သည်။

'တေးသံမှမသေတာ ဘာလို့ဒီမီထုတ်ရမှာလဲ သူမသေတာအမှန်ပဲ. . ကျွန်တော် တွေ့ခဲ့တယ်၊ သူ့မျက်လုံးလေးတွေပွင့်ပြီးကျွန်တော့်ကိုကြည့်နေတာဗျ၊ နှုတ်ခမ်းလေးက ပြုံးနေသေးတာ. . ကိုသံချောင်း. . ခင်ဗျား သွားမထုတ်ရဘူးနော်၊ တေးသံအတွက် ဒီမီထုတ်စရာမလိုဘူး. . ကျွန်တော့်ဘဝ ကျွန်တော့်ကမ္ဘာမှာချီတေးသံဟာဘယ်တော့မှမသေဘူး'

ရင်ထဲမှာ နင့်သီးစွာ ခံစားပြီး ထိန်းချုပ်ထားသောမှိုင်းတစ် ယောက် သတိလစ်ကာ မေ့မြောသွားခဲ့ပါသည်။

ဆောင်ညှပြာသိုတာေ



'သနားပါတယ်ကွာ သူ အရမ်းခံစားနေရရှာတာ. . သူ့ကိုသွားပြောမနေပါနဲ့ကွာ. . မင်းတို့ လုပ်စရာရှိတာ လုပ်ပေးလိုက်ကြတော့. .'

မှိုင်းကို ဘာမှပြောလို့မရတော့ပါ။ တေးသံ ဆုံးသွားတာသူမှ လက်မခံနိုင်ဘဲလေ. .

အားလုံးက ကိုယ့်အသိစိတ်နှင့်ကိုယ် တက်ညီလက်ညီဝိုင်းဝန်းကူညီကြပါသည်။

တေးသံရဲ့မိဘတွေဆိုရင်လည်း ယဲ့ယဲ့ကလေးသာ ရှိတော့တာ။ အသုဘချမည့်နေ့တွင် မှိုင်းကို မနည်းဖျောင်းဖျပြီး ခေါ်လာခဲ့ရသည်။

ရေဝေးရှိ ခန်းမတစ်ခုတွင် တေးသံ၏ရုပ်အလောင်းကိုမြင် ဆင်ထားကြသည်။ သေဆုံးတာနှင့်မတူဘဲ အိပ်ပျော်နေသလိုညင် သာလှသည်။

မှိုင်းက တေးသံကိုတွေ့သည်နှင့် စိတ်နှင့်ကိုယ် မကပ်တော့ပါ။ သူပြောချင်ရာတွေ ဇွတ်ပြောနေတော့သည်။

'ခင်ဗျားကို ကျွန်တော် ပြောသားပဲ၊ သူ အိပ်နေတာပါလို့၊ လူတွေက နမိတ်မရှိ နမာမရှိ သေပြီလို့ လျှောက်ပြောနေကြတာ. . ကြည့်ပါလား. . နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်နေလိုက်တာ'

ဆောင်ညှပြာသိုတာေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကြည့်ပြီး အနားမှာရှိတဲ့ လူတွေ ငိုနေကြပြီ။ သူက တော့ ဒါတွေကို မသိနိုင်တော့ပါ။

လူအုပ်ကြားထဲသို့အင်္ကျီအဖြူနှင့်ယောဂီဝတ်ထားကြသော ပုဂ္ဂိုလ်များ တန်းစီပြီး ဝင်လာကြသည်။

'ဟောဟိုမှာ အသုဘရှုဖို့ လာနေကြပြီ'

'ဘာလဲဗျ. . ခင်ဗျားစကားကို ပြင်ပြော၊ ဘာ အသုဘလဲ'

ဒေါသထွက်နေသော မှိုင်းကို ဝိုင်းပြီး ဖျောင်းဖျကြသည်။

'မင်းစိတ်ကို လျှော့ထားလိုက်ပါ မှိုင်းရာ၊ အဲဒါ သူ့မိဘတွေ ရဲ့ဆန္ဒပါ၊ သူများအတွက် အသက်ပေးသွားတဲ့ သူတို့သမီးကိုကြည့် ပြီး တခြားသူတွေ သတိသံဝေဂရစေချင်လို့ ဒီအစီအစဉ်ကလေးကို ထည့်လိုက်ကြတာ'

အပေါ်ဝတ်အင်္ကျီအဖြူ အောက်ယောဂီ ဆင်တူဝတ်ဆင် ထားသောသူတော်ကောင်းများက တေးသံ၏အလောင်းနံဘေးတွင် ဝန်းရံပြီး နေရာယူလိုက်ကြသည်။ ထိုသူများထဲက တစ်ယောက်က

'အသုဘရှုအခမ်းအနားသို့ ကြွရောက်လာကြတဲ့ ပရိသတ် အပေါင်းတို့အား ကြိုတင်အစီရင်ခံတင်ပြပါရစေခင်ဗျား. . တကယ် တော့ အသုဘရှုအခမ်းအနားသို့ ကြွရောက်လာကြတယ်လို့ ထုံးတမ်း စဉ်လာအရ ပြောကြပေမယ့် . . .





* အသုဘအလောင်းကို သံဝေဂယူ ရှုမှတ်သူ ရှားပါးလွန်း ...င်း၊

* သေဆုံးသူအတွက် အမျှပေးဝေဖို့ မေ့လျော့နေတတ်ကြ ...တယ်။ ဘုရားရှင်ရဲ့အလိုတော်ကျ အသုဘရှုအခမ်းအနားကျင်း ...ပုံကို ဥပမာတင်ပြရရင် - ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ...ရားရှင်ဟာ ပရိသတ်အပေါင်းတို့ကို အသက်ရှင်စဉ်က အလွန်ချော ...လှပတဲ့ သီရိမာ ဆိုတဲ့အမျိုးသမီးရဲ့ သေဆုံးပြီးနောက် စက်ဆုပ် ...ဖွယ် အသုဘအလောင်းကို ရှုမှတ်စေခဲ့လို့ ပရိသတ်များစွာတို့မှာ ...ရိယာပုဂ္ဂိုလ်များအဖြစ်သို့ အဆင့်မြင့်တက်လာခဲ့ကြောင်း ထင်ရှား ...ပေသည်။ ဘုရားရှင်ရဲ့တိကျသေချာတဲ့ လမ်းညွှန်မှုတွေအောက် ...ာ အခိပ္ပာယ် ပြည့်စုံလှတဲ့ အသုဘရှုအခမ်းအနား ကျင်းပနိုင်ရေး ...တွက် အားလုံးမှ ပူးပေါင်းဆောင်ရွက်ကြပါစို့။

မြတ်ဗုဒ္ဓရဲ့ဂုဏ်တော်ကိုးပါးကို ဦးထိပ်ပန်ဆင်ပြီး 'နမော ...ဿ' သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြပါစို့။

(နမောတဿ ဘဂဝတော အရဟတော ...မ္မာသမ္ဗုဒ္ဓဿ)³

...ခမ်းအနားအစီအစဉ်ကို (၂)ပိုင်းခွဲ၍ ပြုလုပ်ကြမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမအစီအစဉ်က - အသုဘအလောင်းကို ပရိသတ်အားလုံး
တန်းစီပြီး 'သံဝေဂဉာဏ်'ရရှိကြစေရန် အသုဘရှုကြခြ
ဖြစ်ပြီး

ဒုတိယအစီအစဉ်က - ကွယ်လွန်သူအတွက် ပရိသတ်အားလုံးအ
'အမျှပေးဝေ'ကြခြင်း ဖြစ်ပါတယ်။

ပထမအစီအစဉ်အရ ပရိသတ်အားလုံး တစ်ဦးစီ စီတ
ပြီး တေးသံ၏အလောင်းကို 'သံဝေဂဉာဏ်'ရရှိစေရန် အသုဘရှု
ပါသည်။

* 'ပရိသတ်အပေါင်းတို့ရေ. .

ယခုမြင်နေရတဲ့ အသုဘအလောင်းကဲ့သို့ပင် မိမိတို့သ
လည်း တစ်နေ့နေ့တွင် ၎င်းအသုဘအလောင်းကဲ့သို့ သေဆုံးရ
ပါလား၊ လူသေအသုဘကြီး ဖြစ်ရမှာပါလား၊ ဆိုပြီးတော့ သေ
ချာချာနှလုံးသွင်းဆင်ခြင်ပြီး ရှုကြပါစို့'

* 'ပရိသတ်အပေါင်းတို့ -

လူသားအားလုံးတို့ဟာ သေဆုံးသွားလို့ အသုဘဖြစ်ပြီ
အချိန်ကျမှ အသက်ရှင်လျက်ရှိတဲ့လူတွေက အသက်သေဆုံးပြီ
တဲ့လူအတွက်(အသုဘကြီးအတွက်) မည်သို့သောအကျိုးပြုမှ
မလုပ်ပေးနိုင်ကြတော့ပါဘူးဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်





ထိုအသံတွေကမှိုင်းနှင့်ကင်းကွာနေသော သတိတရားတွေ
ကို ပြန်ပြီး ကပ်လာစေသည်။

မှိုင်းကို ကိုသံချောင်းက ဆွဲခေါ်ပြီး အများလိုပင် အသုဘ
ရှုစေသည်။ ဘုရားရှင်ဟောတော်မူခဲ့သောသီရိမာအကြောင်းကို ပြန်
ပြီး သတိရလာသည်။

ဘုရား. . ဘုရား. . သတိတွေလွတ်ပြီး ခေတ္တခဏ သူ မှား
နေမိပါလား. . .

အသုဘရှုနေစဉ်မှာ နံဘေးမှ သံဝေဂရစေရန် ပြောပေးနေ
ပါသည်။

* အသက်ရှင်လျက်ရှိနေကြတဲ့ လူတွေအချင်းချင်းအပေါ်
မှာသာလျှင် အကျိုးပြုမှုတွေကို လုပ်ချင်သလောက် လုပ်ပေးနိုင်ပြီး
တော့ ကူညီ ဆောင်ရွက်ပေးနိုင်ကြတယ်ဆိုတာ အားလုံး သတိပြု
အလေးထားစေချင်ပါတယ်။

* အဲဒါကြောင့် လူသားအချင်းချင်း အသက်ရှင်လျက်ရှိ
နေကြစဉ်မှာ ကိုယ်ချင်းစာတရား၊ မေတ္တာတရားပြဟ္မစိုရ်တရားနှင့်
အသုဘသံဝေဂတရားတွေကို ကျင့်ကြံပွားများနေကြမယ်ဆိုရင် -
ငြိမ်းချမ်းသာယာတဲ့လူ့လောကကြီး မလွဲမသွေဖြစ်နိုင်သောကြောင့်
အားလုံးမှ ယုံယုံကြည်ကြည်ဖြင့် လက်တွေ့ကျင့်ကြံကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ဖြဟ္မစိုရ်တရား လေးပါးနှင့် အသုဘ သံဝေ… တရားတို့ကို ပြိုင်တူရွတ်ဆိုကြပါသည်။

* တန်းတူတွေ့လျှင် မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တ…

ပြိုင်မယ့်အစား မေတ္တာ ပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မ…

* ကိုယ့်အောက်နိမ့်လျှင် ကရုဏာဝင်၊ မဝင်နိုင်က နိုင်တ… တယ်၊

နိုင်မယ့်အစား ကရုဏာထား၊ စိတ်ထားပြုပြင် ပြောင်းပါ့မ…

* ကိုယ့်ထက်သာလျှင် မုဒိတာဝင်၊ မဝင် ဣဿာ ယိုင်တ… တယ်၊

ယိုင်မယ့်အစား မုဒိတာ ပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မ…

* သဗ္ဗေသတ္တာ သတ္တဝါ တံ သာ မူလပိုင်ကြတယ်။

* ရုပ်ကိုလည်း ပြင်၊ စိတ်လည်းပြင်၊ ပြင်ဆင်တိုင်းရ ပြု… လှ၊ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

* ဖြဟ္မစိုရ် လေးဆူ တရား ဟူသည်၊ နုတ်လူချစ်ဆေး ရှ… မွေးကို မြတ်လေးဆောင်နွယ် ကင်းမပယ်နဲ့၊ တင့်တယ် ဆက်… ကြိုင်လိမ့်မယ်။

* အဝိဇ္ဇာ ပိတ်ကာဆို့ မိစ္ဆာမြို့ပြင်ပြင်
(ဣန္ဒြာလို့ ခင်မင်လျှင်)၂ လွင့်စင်မည်မလွဲ





(အရွတ်စု အပုပ်ကောင်ကို)၂ အဟုတ်ယောင်မှားဖို့ ဖန်နဲ့. .

* (အသုဘရုပ် တစ္ဆေငယ်)၂ မဟုတ်လေ ကိုယ်ထဲ
အပုပ်ရည် စိုတရွဲဟာမို့ ယိုမစဲ သူ့မှာ
သွေးသည်းခြေ ပြည် သလိပ်တွေက တည်မဆိတ် လျှမ်းပြည့်သည်သာ. .

(သို့ကလောက် ရွံစရာပါကို)၂ လွန်တဏှာမက်စွဲလို့
စက်ဝဲမှာ တပေပေ မွန်းနစ်ကြပလေ. .

BURMESE CLASSIC .com

သံရှည်ဆွဲပြီး အုပ်စုလိုက် ဆိုလိုက်သံ ကြားလျှင် မှိုင်းမှာ သံဝေဂရပြီး မျက်ရည်တသွင်သွင်စီးကျလာသည်။

ဦးသက်နွေလည်း ငိုနေသည်။ သူ့သမီးလေးကို တစိမ့်စိမ့်ကြည့်ပြီး ရှိုက်ရှိုက်ပြီး ငိုသည်။

တေးသံရဲ့အမေကတော့ ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့မိခင်ဆိုတော့ သူများတွေထက်ပိုပြီး ခံစားရပါလိမ့်မည်၊ တရားရှိလွန်းလို့သာ သူ့ကိုယ်သူ အနိုင်နိုင်ထိန်းထားနိုင်ခြင်းဖြစ်သည်။

* (တဏှာဖမ်းတဲ့ အကန်းတွေမှာ)၂ အပန်းမပြေ ဟိုက်မောရှာကြလေး. .



www.burmeseclassic.com

www.burmeseclassic.com



(တဏှာပူးတဲ့ အရှုးတွေမှာ)၂ အမူးမပြေ မိုက်မောရှာကြလေး

(တဏှာလိုက်တဲ့ အမိုက်တွေမှာ)၂ အဟိုက်မပြေ ပင်ပန်းရှာကြလေး. .

တေးသံကို သဂြိုဟ်ဖို့အချိန် နီးကပ်လာပြီ။ အနီးကပ်လာ ပြီး တရားပြပေးမည့်သူသာ မရှိလျှင် သူ သွက်သွက်ခါသွားနိုင်သည်။ တကယ်တော့ စွဲလမ်းမှုဆိုတဲ့ တဏှာနောက်ကို သူကောက်ကောက်ပါအောင် လိုက်နေမိတာပါလား။ အကန်းတွေ၊ အရူးတွေ၊ လူမိုက်တွေထဲမှာ သူပါနေပါရောလား. .

ကိုယ့်ကိုယ်ကိုပြန်မြင်လာချိန်တွင် ပထမဆုံးအကြိမ်အဖြစ် သူ ထိတ်လန့်လာမိသည်။

ဒုတိယအစီအစဉ်အရ -

* ၈-၇-၂၀၀၈ ခုနှစ်က ကွယ်လွန်သွားရှာသော (ချိုတေး သံ) အတွက် ပရိသတ်အားလုံးတို့က ကုသိုလ်အဝဝတွေကို အမျှပေးဝေကြပါစို့။
(ပြိုင်တူရွတ်ဆိုကြပါစို့)





* ကုသိုလ်ပြုဖက် ပါရမီရှင်မိသားတစ်စုတို့သည် ဘဝအဆက်ဆက်မှ ပြုခဲ့ပြီးသော ကုသိုလ်များ၊ ယခုဘဝ ပြုခဲ့ပြီးသော ကုသိုလ်များနှင့် ပြုလုပ်နေဆဲ ကုသိုလ်အဝဝတွေကိုလည်းမိဘဆရာဥာတကာနှင့် ထိုထိုစောင့်ကြပ် နတ်အပေါင်းတို့မှစ၍ ကွယ်လွန်သွားရှာသော (ချိုတေးသံ)အား အလေးထားပြီး သုံးဆယ့်တစ်ဘုံကျင်လည်ကြကုန်သော ဆွေတော်မျိုးတော်အပေါင်းတို့အား အကျွန်ုပ်တို့ ပါရမီရှင်မိသားတစ်စုတို့ရဲ့ကုသိုလ်အဝဝတွေကို အားလုံးညီတူညီမျှ ရကြရအောင် ကိုယ်ရောစိတ်ပါ ဝမ်းမြောက်စွာဖြင့် အမျှပေးဝေလိုက်ပါ၏။

အမျှ. . အမျှ. . အမျှ ယူတော်မူကြပါကုန်လော့. .

တေးသံရေ. . . ကိုကို အမျှပေးဝေလိုက်ပါတယ်. . . မင်းကြားပြီး သာဓုခေါ်နိုင်ပါစေ. .

* အရိယာအပေါင်း၊ သူတော်ကောင်းအပေါင်းတို့ရဲ့ပို့သသောမေတ္တာ၊ ပေးဝေသောအမျှကိုလည်း အကျွန်ုပ်တို့က ဝမ်းမြောက်ဝမ်းသာနဲ့ သာဓု. . သာဓု. . သာဓု. .

သာဓုခေါ်သံတွေ ဝေစည်နေသည်။ တေးသံတို့ သဂြိုဟ်ရမည့်အချိန်ကျရောက်လာပါပြီ။ တေးသံအလောင်းတို့ သူတို့ လာသယ်

ဆောင်းညှိုမြာသိုတလ

www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ။ ကိုကို မတားတော့ပါဘူး တေးသံရယ်. . သူတို့ကို ကိုတို့ မတားတော့ပါဘူး. . ညီမလေး အရင်သွားနှင့်တော့နော်. . တစ်နေ့ နေ့ တစ်ချိန်ချိန်မှာ ကိုကို လိုက်လာခဲ့မှာပါ။

အသက်ရှင်နေရတဲ့ အချိန်တိုလေးအတွင်းမှာ ကိုကို ဘာ လုပ်ရမယ်ဆိုတာ သိသွားပါပြီ။ တရားဘာဝနာဖက်ပြီး ရှင်သန် နေ ထိုင်မယ့် ကိုကို့အတွက် တေးသံ စိတ်ချပြီး သွားတော့နော်. . .

တေးသံရဲ့အခေါင်းထဲမှာ မှိုင်းထည့်ပေးလိုက်သော လက် ဖက်ရည်နှင့် ဝက်သားပေါင်း ပါသွားပါသည်။

အလောင်းသယ်ရာလမ်းတစ်လျှောက်မှာ အသုဘရှုသော အဖွဲ့မှ 'ဧည့်သည်'ဆိုတဲ့သံဝေဂတရားဖြင့် မပြတ်ရွတ်ဆိုပြီး ပို့ဆောင် နှုတ်ဆက်ကြသည်။

မျက်ရည်မခိုင်သူတွေက 'ဧည့်သည်' လို့ ဆိုလိုက်တာနှင့် မျက်ရည်ကျလာပါတော့၏။ လူ့လောကရဲ့အမှန်တရားကို မီးမောင်း ထိုးပြထားတဲ့ ဧည့်သည်။

## ဧည့်သည်

* လာတုန်းကလည်း တစ်ယောက်တည်း နေ့
လက်တွဲခေါ်ကာ အဖော်မပါဘူး
ဥစ္စာချည်းနှီး ကိုယ်ထီးတည်း။

ဆောင်ညှဖြာသိုစာပေ



* ပြန်သွားတော့လည်း တစ်ယောက်တည်း နေ့
လက်တွဲခေါ်ကာ အဖော်မပါဘူး
ဥစ္စာချည်းနှီး ကိုယ်ထီးတည်း။
* လာပြီးတော့နား မသွားသေးခင် ချိန်လေးတွင်မှ
ဝန်းကျင်ခက်နွယ် - နှောင်ကြိုးသွယ်ကြ
ပြုံးရယ်မဲ့ငို - ချစ်မုန်းပိုကြ
မလိုဒေါသ - လိုလောဘနဲ့
ဘဝရိပ်မြုံ - ကကြိုးစုံခဲ့
ကံကုန်မိုးချုပ် - လက်တွဲဖြုတ်ကာ
သုတ်သုတ်ဆောလျင် - ခရီးနှင်သည်
တို့များ ဧည့်သည်ပါတကား။

မှိုင်းမျက်ဝန်းမှာ မျက်ရည်ပူနွေးတွေ တလိမ့်လိမ့်ကျဆင်းလာ သည်။ ရင်ထဲက ရှိုက်ရှိုက်ပြီး ငိုသည့်အတွက်လည်း မောပန်းလှပြီ။

ကိုကိုတို့ငှားလာတဲ့ ခန္ဓာကိုယ်ကြီးကိုပြန်ပေးရမှာပေါ့. . . ပြန်ပေးလိုက်ပါတော့ တေးသံရယ်. . တို့တွေ အားလုံးဟာ အငှား ခန္ဓာနဲ့လူဖြစ်နေရတာ မဟုတ်လား. .

ကောင်းကင်ကြီးက မှောင်မည်းလာသည်။ လျှပ်ပန်းလျှပ် နွယ်တွေ ဖြာပြီး မိုးက အရှိန်ပြင်းစွာ ရွာသွန်းလာသည်။

ဆောင်ညှဖြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာလို့ မငိုပါနဲ့တော့ ညီမလေးရယ်. . တမလွန်မှာ မင်းသိပ်ချစ်တဲ့ ကိုကိုနွေဦးနဲ့ပြန်တွေ့ခွင့်ရပြီပေါ့. .

'ဂျိမ်း. . '

မိုးသကြိုးပြတ်စက်ထဲကို တေးသံ ဝင်သွားပြီးနောက် တခါးပိတ်သံကြားလိုက်ရသည်။

ဒေါ်မြင့်မြင့်နွယ် မူးမေ့ကာ လဲကျသွားသည်။ တေးသံကိုယ်စား စောင့်ရှောက်ရမည့်တာဝန် သူ့မှာရှိသည်။ အန်တီ့ကို ထွေးပွေ့ကာ ပြုစုမိသည်။

သွားတော့. . ညီမလေးရေ. . မင်းကို ကိုကို ဘယ်တော့မှ မမေ့ပါဘူး. . တို့အားလုံးဟာ ဧည့်သည်တွေပဲလေ. . အချိန်တန်ရင် ပြန်ကြရမှာပေါ့. . မွေးလာတာ သေဖို့တဲ့။

ကိုကို့ရင်ထဲမှာ နာကျင်နေပေမယ့် တရားဓမ္မနဲ့ ရအောင် ဖြေပါ့မယ်. . ညီမလေးကို ကိုကိုနှုတ်ဆက်လိုက်ပါတယ်. .

သူတော်ကောင်းမလေး မြင့်မြတ်တဲ့ ဘုံဘဝမှာ ပျော်နိုင်ပါစေ. . .

မူပိုင်နှင်းဆီ

9:15 PM, Thursday

10th, June, 2010

ဆောင်းညဖြူသိုစာပေ


စာရေး ဆရာမ

## မူပိုင်နှင်းဆီ ၏ ထွက်ရှိပြီး စာအုပ်များ



ဝင်းလက်ရေချမ်း နွေလွှာနှင်း



ဒိုင်ယာ 2009
















BURMESE CLASSIC .com

www.burmeseclassic.com